www.burmeseclassic.com

အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# တြိုသဒ်

## သေလာလေးမှော် ကျော်လေးကျော်



www.burmeseclassic.com

www.burmeseclassic.com

# ဗဟုသုတလက်ဆောင်

- စိတ်ကူးရှိသော်လည်း
  ဗဟုသုတမရှိလျှင် မဖြစ်ပေ၊
  ဗဟုသုတရှိသော်လည်း
  ဝိရိယမရှိလျှင်လည်း မရပြန်ပေ၊
  ဝိရိယရှိလျှင်သော်မှ
  ကံမကောင်းအကြောင်းမလှပါက
  ပျက်စီးမှုကြုံရသည်၊

- ပညာမဲ့သူတစ်ယောက် မိုက်မဲသောအခါ
  တုတ်ဓားကိုင်ပြီး ရမ်းကားတတ်သည်၊
  ပညာရှိသူ မိုက်မဲသောအခါ၊
  မိမိအဖြစ်ကို လိမ္မာစွာဖုံးထားတတ်ပြီး
  အခြားသူအဖြစ်ကို ဖော်ပြတတ်သည်၊

- ဘဝကို ပန်းပွင့်နှင့်နှိုင်းလျှင်
  အချစ်သည် ဝတ်ရည်ပင်ဖြစ်သည်၊
  ပန်းပွင့်မရှိပဲ ဝတ်ရည်မရနိုင်သလို
  ဝတ်ရည်မရှိပဲနှင့်လည်း ပန်းပွင့်ဘဝမလှပချေ၊

BURMESE CLASSIC

# ဗဟုသုတလက်ဆောင်

- မျက်လုံးဖြင့်ကြည့်သောအခါ
  အချစ်ကိုမတွေ့ရပဲ
  အလှအပကိုသာ တွေ့ရပေမည်၊
  စိတ်ဖြင့်ရှာဖွေသောအခါ
  အလှကိုမတွေ့တော့ပဲ
  ချစ်ခြင်းမေတ္တာကိုသာ တွေ့ရတတ်သည်၊

- တရားကိုမေ့တော့ အမှားတွေ၊
  အမှားနဲ့တွေ့တော့ ဘုရားပါမေ့၊
  ဘုရားလည်းမေ့ တရားလည်းမေ့
  သံသရာတစ်ကွေ့မှာပင် ရှာရှာလည်၊

- လုပရှော့မော့ခြင်းသည်
  သဘာဝကပေးသော လက်ဆောင်ပင်ဖြစ်၏၊
  အသုံးပြုတတ်လျှင် တန်ဖိုးရှိပြီး
  အသုံးမပြုတတ်ပါက
  ထိုအလှကြောင့်ပင် ဘဝပျက်ရပေ၏၊

www.burmeseclassic.com

www.burmeseclassic.com

- ပူပင်ကြောင့်ကြမှုကို
  စိတ်ဖြင့်ကုသော် မပျောက်ပေ။
  အလုပ်ဖြင့်ကုသော်
  မကြာခင်မှာ ပြေပျောက်မှုရစေသည်။

- ချစ်ခင်နှစ်သက်မှုကိုခံယူချင်လျှင်
  ချစ်စရာကောင်းအောင် နေတတ်ဖို့လိုသည်။
  အချစ်ခံချင်သော်လည်း
  ချစ်ချင်အောင်မနေတတ်ပါက မရနိုင်ပါချေ။

- အတိတ်ဘဝသည်
  လူတစ်ယောက်အတွက်
  အကောင်းဆုံး အနာဂတ်ပင်ဖြစ်ပေသည်။
  အတိတ်ဘဝကို မေ့လျော့ခြင်းဖြစ်ပါက
  လှပသော အနာဂတ်ဘဝကို
  ဖန်ဆင်းနိုင်မည်မဟုတ်ပေ။

- မျက်မှောင်ကြုတ်ရန်အတွက်
  ကြွက်သား(၄၃)ခုကို အသုံးပြုရသည်။
  ပြုံးရန်အတွက်
  ကြွက်သား(၁၇)ခုသာ အသုံးပြုရသည်။
  အပြုံးကိုသာ ရွေးချယ်ရပါမည်။

- အမုန်းတရားသည်
  အမြဲတစေလှပနေမည် မဟုတ်ပေ။
  အမုန်းတရားကို မြတ်နိုးတန်ဖိုးထားမှသာ
  အမြဲတစေ လှပနေပေလိမ့်မည်။

- စိတ်ကြည်လင်မှုရှိရန် အရေးကြီးလှသည်။
  စိတ်ပြတင်းပေါက်ကြည်လင်မှ
  လှပသောမြင်ကွင်းများကို မြင်ရပေလိမ့်မည်၊
  စိတ်ပြတင်းပေါက် ရှုတ်ထွေးနေပါက
  မြင်ကွင်းများလည်း ရှုတ်ထွေးနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | ဘူတန်တောင်တန်းပေါ်မှခရီးသည်များ |
| အခန်း(၂) | သေလာလေးမှော်ကျော်လေးကျော် |
| အခန်း(၃) | မိရိုအိသို့မဟုတ်တောတွင်းလူသားများ |
| အခန်း(၄) | ဘဝမလှသောအညတြချစ်သူ |
| အခန်း(၅) | သိဒ္ဓိရှိသောဆေးပင်များ |
| အခန်း(၆) | ဘူတန်နိုင်ငံမှစုန်းကဝေပညာရှင်များ |
| အခန်း(၇) | လူနှင့်တူသော်အရုပ် အရုပ်နှင့်တူသောလူများ |
| အခန်း(၈) | ကဝေကိုးမှော်မှမဟူရာခင်ခင် |
| အခန်း(၉) | ဂွန်တေဂွန်ပါဘုရားကျောင်းမှရုပ်ကြွင်း |
| အခန်း(၁၀) | အချစ်ကြီးသူ၏အကြံအစည် |
| အခန်း(၁၁) | ယေတီနှင့်ထူးဆန်းသောအဆက်အနွယ်များ |
| အခန်း(၁၂) | ဂမ္ဘီရဆန်သောနွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| အခန်း(၁၃) | မာယာစက်ကွင်းသို့သက်ဆင်းကြရခြင်း |
| အခန်း(၁၄) | မိချိုကိုနှင့်မမျှော်လင့်သောဖူးစာရှင် |
| အခန်း(၁၅) | သေသလာလေးမှော်စာရင်းဝင်ကျောက်များ |
| အခန်း(၁၆) | ငြိုးသူ့ရန်စွယ်အန္တရာယ် |
| အခန်း(၁၇) | နဝင်္ဂမြေချစ်သက်သေ |






# အခန်း(၁)

# ဘူဆန်တောင်တန်းမှ ခရီးသည်များ

ကမ္ဘာပေါ်ရှိ နေရာအတော်များများတို့တွင် လျှို့ဝှက်လှသော နေရာအတော်များများ ရှိနေကြသည်။ အချို့လူသူမနေသော လူသူမရောက်နိုင်သေးသော နေရာများဖြစ်ပြီး အချို့မှာတော့ လူသူနေထိုင်သော်လည်း လူသိနည်းသောနေရာများရှိကြသည်။ အချို့နေရာတို့မှာ သိသော်လည်း မရောက်နိုင်ကြပေ၊ အချို့နေရာများကတော့ မမျှော်လင့်ပဲ ရောက်သွားကြသော်လည်း မသိကြပေ။ ဥပမာ အတ္တလန္တိတ်မြို့ဟောင်း၊ ရှမ်ဗလား၊

www.burmeseclassic.com



သုဝဏ္ဏဘုမ္မိမြို့ဟောင်း စသောနေရာများမှာ အမှန်တကယ် ရှိနေစေကာမူ ရောက်နိုင်ရန် ခဲယဉ်းလှသော နေရာများဖြစ်ကြသည်။

အချို့ မမျှော်လင့်ပဲ ထိုနေရာများသို့ ရောက်သွားကြသော်လည်း မသိကြပေ။ ယခု မျက်မှောက်ကာလကတော့ သိပ္ပံပညာနှင့် စက်မှုကိရိယာများ ထွန်းကားလာသောကြောင့် တစ်နေရာနှင့်တစ်နေရာ သွားလာကြရသည်မှာ များစွာလွယ်ကူလျှင်မြန်လှသည်။ ဝေးလံသီခေါင်လှသော နေရာများကို မိနစ်ပိုင်း၊ နာရီးပိုင်းအတွင်း ရောက်နိုင်ကြသည်။

လူသားများအနေနှင့် အခြားဂြိုလ်ကမ္ဘာများနှင့် လကမ္ဘာပေါ် ရောက်အောင်ပင် သွားလာနိုင်ကြပေသည်။ လကမ္ဘာပေါ် သို့ ရောက်အောင်သွားလာနိုင်ကြစေကာမူ ကမ္ဘာပေါ် မှာရှိသော နေရာများကိုတော့ နှံ့စပ်အောင်သွားဖို့ကတော့ မဖြစ်နိုင်ကြသေးပေ။ သိပ္ပံပညာရှင်များ ဘယ်လောက်ပင် တိုးတက်ထွန်းကားလာကြသည် ဆိုသော်လည်း ရှမ်ဗဲလားလိုနေရာများကို ရှာမတွေ့နိုင်ကြသေးပေ၊ ဘာမြူဒါတြိဂံ၊ နဂါးတြိဂံလိုနေရာများ၏ လျှို့ဝှက်ချက်များကို မဖြေရှင်းနိုင်ကြသေးပေ။

နက်ဇက်ကာလိုင်းများ၏ လျှို့ဝှက်ချက်၊ ပိရမစ်ကြီးများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်၊ ပန်းကန်ပြားပျံများနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များ၊ ပင်လယ်ပြင်မှ တစ္ဆေသင်္ဘောကြီးများ၊ အီဂျစ်ပိတာကျွန်းမှ ရုပ်တုကြီးများ စသောအကြောင်းများမှာ ယခုအချိန်ထိ သိပ္ပံပညာရှင်များ အဖြေမထုတ်ပေးနိုင်သေး





သည့် ပုစ္ဆာများအဖြစ်နှင့်ပင် ရှိနေကြပေသေးသည်။

ဘာမြူဒါတြိဂံ၊ နဂါးတြိဂံ၊ မိစ္ဆာတြိဂံတို့၏ လျှို့ဝှက်ချက်များကို စူးစမ်းရှာဖွေခဲ့ကြသည်။ ရှမ်ဗဲလားသို့ ရောက်အောင်သော်လည်းကောင်း၊ ရှမ်ဗဲလားနှင့်ပတ်သက်သည့် အဖြေရရှိရန်ကြိုးစားခဲ့ကြသည်။

ယေဘုယျလောက်သာ အဖြေရပြီး တိကျခိုင်မာသော အဖြေများမရခဲ့သေးပေ။ သိပ္ပံပညာရှင်များအနေဖြင့် လပေါ်အထိ ရောက်နိုင်ကြပြီးဆိုသော်လည်း ကမ္ဘာမြေပြင်ပေါ် မှာပင် ရှိနေပြီး ရှာမတွေ့နိုင်သေးသော နေရာအတော်များများလည်း ရှိနေကြသေးသည်။

ထိုနေရာများမှာ ထူးဆန်းသောနေရာ၊ မြို့ဟောင်း မြို့ပျက်ကြီးများနှင့် ရတနာသိုက်ကြီးများပင် ဖြစ်ပေသည်။ အချို့မြို့ဟောင်း မြို့ပျက်ကြီးများ သီးခြား၊ ရွှေငွေရတနာသိုက်ကြီးများက သီးခြားရှိကြသည်။

အချို့မှာတော့ ရတနာသိုက်နှင့် မြို့ဟောင်းမြို့ပျက်ကြီးများက အတူတွဲပြီး ရှိကြလေသည်။ ရှေ့၌ ရေးခဲ့သည့်အတိုင်း အချို့နေရာများမှာ သိသော်လည်း မရောက်နိုင်သလို အချို့နေရာများကျပြန်တော့ မမျှော်လင့်ပဲ ရောက်သွားသော်လည်း မသိနိုင်ကြပြန်ပေ။

ယခုမျက်မှောက်ကာလမှာတော့ သိပ္ပံပညာနှင့်စက်မှုလက်မှု ထွန်းကားလာသော်လည်း ခက်ခဲသောနေရာများသို့ သွားရောက်ရန် မလွယ်ကူကြပေ။ မော်တော်ကား၊ လေယာဉ်ပျံ



www.burmeseclassic.com

www.burmeseclassic.com



စသောယာဉ်များ အသုံးပြု၍ သွားလာရန်ခက်ခဲသော တောနက်ကြီးများ၊ ကမ္ဘာ့ခေါင်မိုးဟု တင်စားခေါ်ရလောက်အောင် မြင့်မားသော တောင်မြင့်ကြီးများပေါ်မှာ မြို့ရွာများတည်ထားသောကြောင့် အခြားနေရာမှ သွားရောက်ရန် မလွယ်ကူလှပေ။

ထို့ကြောင့် ထိုနေရာများသည် ရှိနေမှန်းသိနေသော်လည်း အလွယ်တကူမရောက်နိုင်သော နေရာများဖြစ်ကြလေသည်။ ယခုအခါ သွားလာရေး လွယ်ကူနေပြီဖြစ်သောကြောင့် တိဗက်ကို အလွယ်တကူ ရောက်နေနိုင်ကြပြီဖြစ်သော်လည်း ရှေးကတော့ တိဗက်သို့ တစ်ခေါက်သွားရောက်ဖို့ မလွယ်လှပေ။

မည်သည့်ယာဉ်မှ အသုံးပြု၍မရဘဲ ပေတစ်သောင်းကျော်အထက်မြင့်သော ကျောက်တောင်မြင့်ကြီးများပေါ်မှ ကျော်ဖြတ်ကာ ခြေလျင်သွားမှသာ ရောက်နိုင်ပေသည်။ တစ်နေ့လုံး နေရောင်ခြည်မြင်တွေ့ရန် အခွင့်အလမ်းနည်းလှပြီး လမ်းတစ်လျှောက်လုံး သစ်ပင်တစ်ပင် မြင်တွေ့ရန် မလွယ်လှသော ကျောက်တောင်လမ်းကြမ်းများကို အသုံးပြုကာ သွားလာကြရသည်။

ထိုကဲ့သို့ပင် တိဗက်နယ်နှင့် တစ်စပ်တည်းရှိနေသော ဘူတန်လိုနေရာမျိုး သွားရောက်ဖို့ရန်လည်း စင်စစ်တော့ မလွယ်ကူလှပေ။ အဘယ်ကြောင့်ဆိုသော် မြင့်မားမတ်စောက်သော တောင်မြင့်ကြီးများနှင့် လူတိုးမပေါက်အောင် မှိုင်းညို့နေသည့် သစ်တောကြီးများက ကာဆီးထားသောကြောင့် ဖြစ်သည်။

ဘူတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အမြင့်မားဆုံးနှင့်





အလျားအရှည်ဆုံး ဟိမဝန္တာတောင်တန်းကြီး၏ အရှေ့တောင်ဘက် တောင်စောင်းပေါ်၌ တည်ရှိလေသည်။ ဘူတန်သည် လွတ်လပ်သော နိုင်ငံဖြစ်ပြီး မြောက်ဖက်တွင် တိဗက်ပြည်ရှိသည်။ အရှေ့အနောက်နှင့် တောင်ဖက်တို့တွင် အာသံ၊ ဆစ်ကင်နှင့် ဘင်္ဂလားပြည်နယ်များ အသီးသီးရှိကြလေသည်။

ဘူတန်နိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင် (၁၈၀၀၀)ကျော်ကျော်ခန့်သာရှိပြီး နေထိုင်သူလူဦးရေ အနည်းပါးဆုံးလည်း ဖြစ်သည်။ တနင်္သာရီတိုင်း၏ ထက်ဝက်ခန့်ရှိပြီး ရခိုင်တိုင်းထက် အနည်းငယ်မျှသာ သာပေသည်။ အရှေ့မှအနောက် မိုင်(၁၉၀)ရှည်၍ တောင်နှင့်မြောက် အကျယ်အဝန်းမှာ မိုင်(၉၀)ခန့်သာ ကျယ်ဝန်းလေသည်။

ထိုဧရိယာအတွင်းမှာပင် မြေပြန့်မြေပြင်သိပ်မရှိလှပေ၊ မတ်စောက်မြင့်မားလှသော တောင်စွယ်တောင်တန်းကြီးများ၊ စိမ်းစိုနက်မှောင်နေသော သဘာဝသစ်တောကြီးများက နေရာမလပ် ဖုံးလွှမ်းထားကြလေသည်။

တိဗက်နိုင်ငံနှင့် တဆက်တည်းရှိနေသောကြောင့် မြင့်မားလှသော ကျောက်တောင်ကြီးများ ရှိနေကြသည် မှန်သော်လည်း တိဗက်နိုင်ငံတွင် ထိုကဲ့သို့ မှိုင်းညို့နေသည့် သစ်တောကြီးများ မရှိပေ။ သစ်တောကြီးများက အိန္ဒိယနိုင်ငံ ဟိမဝန္တာဘက်၌သာ ရှိပေရာ ဟိမဝန္တာနှင့် တိဗက်နိုင်ငံနှစ်ခုကြား၌ရှိနေသော ဘူတန်နိုင်ငံလေးမှာ နှစ်နိုင်ငံစလုံးမှာရှိသော ကျောက်တောင်ကြီးများနှင့် သဘာဝသစ်တောကြီးများကို အမွေရလိုက်ဟန်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိပေသည်။

ကျောက်တောင်မြင့်ကြီးများနှင့်၊ သဘာဝသစ်တောကြီးများကပင် ဘူတန်နိုင်ငံလေးအား ပြင်ပကမ္ဘာနှင့် ပိုင်းခြားထားသကဲ့သို့၊ အဆက်အသွယ်ဖြတ်ထားသကဲ့သို့ ဖြစ်နေလေသည်။ (၁၉၄၀)ခုနှစ် မတိုင်ခင်က နေထိုင်သူလူဦးရေကို စာရင်းကောက်ယူကြည့်ကာ နှစ်သိန်းဝန်းကျင်ခန့်သာ ရှိပေသည်။

(၁၉၅၀)ပြည့်နှစ် နောက်ပိုင်းရောက်သောအခါမှသာ လူဦးရေ သုံးသိန်းဝန်းကျင်ခန့် ရှိလာခဲ့သည်။ တောတောင်ထူထပ်သော ဘူတန်နိုင်ငံသည် မြေသြဇာကောင်းမွန်သော အရပ်ဒေသတစ်ခုလည်း ဖြစ်ပေသည်။ တောတောင်ထူထပ်သည့်အပြင် ဗြဟ္မပုတ္တရမြစ်၏ မြစ်လက်တက်များဖြစ်သော 'မားနတ်' စသည့်မြစ်များသည် ဘူတန်နိုင်ငံကို တောင်နှင့် မြောက်ဖြတ်ကာ စီးဆင်းနေကြလေသည်။

ထိုမြစ်ဝှမ်းဒေသများမှာ မြေသြဇာကောင်းမွန်လှသောကြောင့် သီးနှံစိုက်ပျိုးမှုများစွာ ဖြစ်ထွန်းလေသည်။ ဘူတန်နိုင်ငံသည် ကျဉ်းသော်လည်း တစ်နေရာနှင့်တစ်နေရာ ရာသီဥတု ဖြစ်ပေါ်ပုံခြင်းက မတူပေ။ တစ်နေရာနှင့်တစ်နေရာ ခရီးမကွာလှမ်းလှသော်လည်း တည်နေရာအနိမ့်အမြင့် ကွာလွန်းသောကြောင့် ရာသီဥတုအခြေအနေက တစ်နေရာနှင့်တစ်နေရာ မတူတော့ခြင်း ဖြစ်ပေသည်။

တောင်ကြီးများပေါ်တွင် သစ်တောကြီးများ ဖုံးလွှမ်းထားပြီး အမြင့်ပိုင်းနေရာများတွင် 'ကွန်နီဖာ ထင်ရှူးပင်'များ





အများဆုံး ပေါက်လေသည်။ အနိမ့်ပိုင်းနေရာဒေသများမှာတော့ ပိုင်းထင်းရှူးပင်၊ ဝက်သစ်ချပင်၊ သင်းဝင်ပင်စသော အပင်များ ပေါက်သည်။ ဘူတန်နိုင်ငံသည် နေရာမလပ် သစ်တောကြီးများ၊ တောင်မြင့်ကြီးများက နေရာယူထားသော မြေပြန့်နေရာများ မရှိသလောက် နည်းလေသည်။

ထို့ကြောင့် သီးနှံစိုက်ပျိုးသောလုပ်ငန်းများဖြင့် အကျိုးစီးပွားမဖြစ်နိုင်ကြပေ။ ရှိသောမြေကွက်လပ်များတွင် စပါး၊ ပြောင်း၊ ဂျုံ၊ နှံစားပြောင်းစသော အသီးအနှံတို့ကို စားလောက်ရုံအတွက်ပင် စိုက်ပျိုးစားသောက်ကြသည်။

ဘူတန်နိုင်ငံ၌ နေထိုင်သူအများစုမှာ 'ဘူတီးယား' လူမျိုးများဖြစ်ကြပြီး၊ တောင်ပိုင်းတွင် နီပေါလူမျိုးအနည်းငယ် ဝင်ရောက်နေထိုင်ကြလေသည်။ ဘူတီးယားလူမျိုးတို့သည် အပင်ပန်းခံနိုင်ပြီး လုံ့လဝီရိယရှိကြသူများ ဖြစ်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် နွားမွေးမြူသော လုပ်ငန်းကိုလည်း တနိုင်တပိုင်လုပ်ကိုင်ကြသည်။ တစ်နိုင်ငံလုံးတွင် အများအားဖြင့် ယုံကြည်ကိုးကွယ်သောဘာသာမှာ ဗမာဗုဒ္ဓ အယူဝါဒပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ကျော်ခန့်က ဘူတန်နိုင်ငံ တိုင်းရင်းသားများဖြစ်သော 'တေးဖပ်'လူမျိုးတို့ကို တိဗက်လူမျိုးတစ်စုက တိုက်ခိုက်ကာ ဘူတန်နိုင်ငံအား သိမ်းပိုက်ခဲ့ကြသည်။ ရှေးအခါက ဘူတန်နိုင်ငံမှာ များစွာကျယ်ဝန်းလှပြီး ယခုအခါ ဂျီလင်မြို့တည်ရှိရာ ဒေသတစ်ပိုက်နှင့် တောင်ဘက်နီလွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



များ၊ အိန္ဒိယသွား တောင်ကြားလမ်းများအထိ ပိုင်ဆိုင်မှုရှိခဲ့ကြပေသည်။

(၁၇၇၂)ခုနှစ်တွင် ဗြိတိသျှတို့သည် ဘူတန်နယ်စပ်အထိ နယ်ချဲ့လာကြသည်။ ထိုအခါ ဘူတန်နိုင်ငံပိုင် ဒါဂျီလင်မြို့ ဒေသတလွှားနှင့် တောင်ကြားလမ်းများကို အလိုရှိသောကြောင့် ဗြိတိသျှတို့က ဘူတန်များနှင့် ရင်းနှီးခွင့်ရအောင် ကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးစားလာသည်ကို ဘူတန်နိုင်ငံဘက်မှငြင်းဆိုသောကြောင့် (၁၈၄၁)ခုနှစ်တွင် ဗြိတိသျှတို့က ၎င်းတို့အလိုရှိသော လွင်ပြင်နှင့်တောင်ကြားလမ်းများကို အဓမ္မဝင်ရောက်သိမ်းဆည်းရာမှ အစပြုပြီး ဘူတန်နှင့် ဗြိတိသျှတို့ စစ်ဖြစ်ခဲ့ကြရသည်။

(၁၈၆၅)ခုနှစ်ရောက်တော့ စစ်ပြေငြိမ်းသောအခါ ဘူတန်နိုင်ငံက ဒါဂျီလင်နှင့်တောင်ကြားလမ်းများကို လက်လွှတ်ပေးရသဖြင့် ဗြိတိသျှအစိုးရက ထောက်ပံ့ကြေးအဖြစ် တစ်နှစ်လျှင် အိန္ဒိယငွေ(၅၀၀၀၀) ပေးခဲ့ရသည်။ (၁၉၁၀)ခုနှစ်ရောက်တော့ ဘူတန်နိုင်ငံ၏ ပြည်ပရေးရာများကို ဗြိတိသျှအစိုးရက လက်ဝါးကြီးအုပ်ကာ သိမ်းယူကြပြန်လေသည်။

သို့သော် ပြည်တွင်းရေးရာများကိုတော့ ဝင်ရောက်စွက်ဖက်ခြင်းမပြုကြပေ။ နှစ်စဉ် ထောက်ပံ့ကြေးကိုလည်း(၁၀၀၀၀၀) အထိ တိုးမြှင့်ပေးလေသည်။ ဒုတိယကမ္ဘာစစ်ကာလရောက်တော့ ထောက်ပံ့ကြေးငွေ(၂၀၀၀၀၀)အထိ တိုးပေးလေသည်။

(၁၉၄၉)ခုနှစ် ရောက်သောအခါ ထောက်ပံ့ကြေး





အိန္ဒိယငွေ (၅၀၀၀၀၀)အထိပေးရန် သဘောတူစာချုပ်ချုပ်ဆို၍ ယင်းစာချုပ်အရ (၁၈၆၅)ခုနှစ်က ဗြိတိသျှတို့ သိမ်းပိုက်ထားသော(၃၂)စတုရန်းမိုင်ရှိသော ဒေဝန်ဂီရိနယ်အား ဘူတန်နိုင်ငံအား ပြန်လည်ပေးဆပ်ကြရသည်။ သို့သော် နိုင်ငံခြားရေးဌာနမှု အိန္ဒိယသြဇာခံပင် ဖြစ်ပေသည်။

ဘူတန်နိုင်ငံသည် အိန္ဒိယနှင့်တိဗက် နှစ်နိုင်ငံကြား၌ တည်ရှိပြီး နှစ်နိုင်ငံလုံးမှ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းများ ရောထွေးနေပေတော့သည်။ ထို့ကြောင့် နိုင်ငံကိုအုပ်ချုပ်သော စနစ်များတွင် တိဗက်စနစ်ကဲ့သို့သော်လည်းကောင်း၊ အိန္ဒိယရှေးခေတ် အုပ်ချုပ်ရေးစနစ်သည် လည်းကောင်း ရောထွေးပါဝင်လျက်ရှိပေသည်။

တိဗက်နိုင်ငံကဲ့သို့ ဂိုဏ်းအုပ် လာမာဘုန်းတော်ကြီးက အုပ်ချုပ်သည်။ ထိုဘုန်းတော်ကြီးအား 'ဓမ္မရာဇာ'ဟု ခေါ်ဝေါ်ကြသည်။ ဓမ္မရာဇာပျံလွန်လျှင် တိဗက်နည်းအတိုင်းပင် ရဟန်းလူစားရှာဖွေပြီး နောက်ထပ် ဓမ္မရာဇာအဖြစ် တင်မြှောက်ကြသည်။

အုပ်ချုပ်ရေးပိုင်း၌မူ နယ်စားအပေါင်းရွေးချယ်တင်မြှောက်သော 'ဒိဗ္ဗရာဇာ' ဟုခေါ်သော မင်းကသာ နိုင်ငံကို စီမံခန့်ခွဲအုပ်ချုပ်မှု ပြုလေသည်။ (၁၆)ရာစု အလယ်ပိုင်းမှ စတင်ကာ ယင်းစနစ်အတိုင်း သာသနာပိုင်နှင့်ဘုရင် ပူးတွဲအုပ်ချုပ်ရာ (၁၉၀၇)ခုနှစ်အထိ ဖြစ်လေသည်။ (၁၉၀၇)ခုနှစ်ရောက်သောအခါ တစ်နိုင်ငံလုံးမှာရှိသော ပြည်သူပြည်သားတို့၏ သဘော



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအရ တောင်ဆာနယ်စား ဆာအပ်ယင်းဝန်ချုပ်အား မဟာရာဂျာအဖြစ် တစ်ဦးတည်းရွေးချယ်တင်မြှောက်၍ ဘုရင်တစ်ဦးတည်း အုပ်ချုပ်သောစနစ်ကို စတင်ခဲ့ကြလေသည်။

နောက်ပိုင်းမှာလည်း သားစဉ်မြေးဆက် ထိုစနစ်အတိုင်းပင် ဆက်လက်အုပ်ချုပ်ခဲ့ကြလေသည်။ ရှေ့၌ ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း ဘူတန်နိုင်ငံသည် နယ်မြေကျဉ်းပြီး နေထိုင်သူလူဦးရေ နည်းပါးသော်လည်း ဓာတောင်ထူထပ်သောနေရာတစ်နေရာ ဖြစ်ပေသည်။ မြင့်မားလှသော တောင်မြင့်ကြီးများပေါ်တွင် နိုင်ငံတည်ထားသော တိဗက်နိုင်ငံအား၊ 'ကမ္ဘာ့ခေါင်မိုးတိုင်းပြည်' ဟု တင်စားခေါ်ကြသည်။

သို့ဆိုပါက တောင်မြင့်ကြီးများပေါ်တွင် လူတိုးမပေါက်အောင် ကောင်းလှသည့် သစ်တောကြီးများရှိသော ဘူတန်နိုင်ငံကိုတော့ 'ကမ္ဘာ့အိမ်နံရံများ'ရှိသော နိုင်ငံဟုပင် ခေါ်ဝေါ်ကြရပေမည်။ သစ်တောကြီးများပေါလှသောကြောင့် ကမ္ဘာပေါ်တွင် ရှားပါးသော တောတိရစ္ဆာန်မျိုးစုံတို့ ထိုတောများမှာ တွေ့နိုင်သည်။ လူဝံ၊ မျောက်ဝံ၊ နှင်းလူစသော သတ္တဝါများပင် ရှိကြလေသည်။ ယေတီဟုခေါ်သော နှင်းလူကြီးများပင် ထိုတောတန်းများနှင့် တောနက်ကြီးများ၌ တစ်ခါတစ်ရံ တွေ့မြင်ကြရသည်။

ဆွစ်ဇာလန်နိုင်ငံကဲ့သို့ တစ်နိုင်ငံလုံးရှိသော ဧရိယာအကျယ်အဝန်းကို (၇၀)ရာခိုင်နှုန်းမှာ သစ်တောကြီးများကနေရာယူဖုံးအုပ်ထားရာ ထူးဆန်းသောသတ္တဝါကြီးများ လာ





ရောက်နေထိုင်ခြင်းမှာ အဆန်းတကြယ်တော့ မဟုတ်ပေ။

တောင်မြင့်ကြီးများနှင့် သစ်တောကြီးများတွင် ထူးဆန်းသော တိရစ္ဆာန်ကြီးများရှိသလို ရှားပါးသော ဂမုန်းမျိုးနွယ်ဝင်ဆေးပင်နပေါင်း မြောက်များစွာတို့လည်း ရှိနေကြသည်။ သိဒ္ဓိရှိသော ဆေးဘုရင်နှင့် ဆေးမိဖုရားပင်၊ ဆေးမင်းဇကရာဇ်ပင်၊ ဆေးမင်းစက္ကဝတ္တိပင်၊ သဇင်နီပင်၊ ဂမုန်းဖြူ ဂမုန်းနီ၊ ဂမုန်းနက်အစရှိသော ဆေးပင်များလည်း ထိုတောနက်ကြီးများအတွင်း၌ရှာဖွေရရှိနိုင်ကြပေသည်။

အဘယ်ကြောင့်ဆိုသော ဟိမဝန္တာတောင်တန်းကြီး တိဗက်တောင်တန်းကြီး စသည်တို့နှင့် ဆက်စပ်မှုရှိနေသည်ကတစ်ကြောင်း၊ သာမန်အနေဖြင့် လူသူမရောက်နိုင်သော နေရာများ ဖြစ်နေသည်ကတစ်ကြောင်းကြောင့်ပင် သိဒ္ဓိရှိသော ဆေးပင်၊ ဂမုန်းပင်မျိုးစုံတို့ ရှိနေကြခြင်း ဖြစ်သည်။

ထိုနေရာများကို သာမန်လူတို့အား အကြောင်းမရှိပဲနှင့် လာရောက်ကြသော်လည်း အခြားနေရာများမှာ ရှာဖွေမရနိုင်သော ဆေးပင်ဂမုန်းပင်တို့ကို အလိုရှိကြသူတို့ကတော့ တကူးတကလာရောက်ကြပေသည်။ ထိုအထဲတွင် မြန်မာနိုင်ငံမှ တကူးတကလာကြသော ဒေါက်တာမင်းထင်ကျော်တို့ အဖွဲ့သည်း အပါအဝင်ဖြစ်ကြပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၂)

# သေလာလေးမှော် ကျော်လေးကျော်

အချိန်ကာလမှာ (၁၉၅၀)ခုနှစ် ဖြစ်လေသည်။ ထိုအချိန် ဒေါက်တာမင်းထင်ကျော် ခေါင်းဆောင်လာသော ခရီးသွားအဖွဲ့တစ်ဖွဲ့သည် ဘူတန်နိုင်ငံသို့ ရောက်လာကြပေသည်။ သူတို့ရောက်လာသောအချိန်မှာ (၁၉၅၀)ပြည့်နှစ်၊ စက်တင်ဘာလ(၂)ရက်၊ (၁၃၁၂-ခုနှစ်၊ တော်သလင်းလဆုတ်(၁)ရက်)ဗုဒ္ဓဟူးနေ့ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့ရောက်လာသောနေရာမှာ ဘူတန်နိုင်ငံ၏ ထင်ရှားသော မြို့နှစ်မြို့အနက် တစ်မြို့အပါအဝင်ဖြစ်သော ပွန်နက်ခါးမြို့နှင့် မနီးမဝေးမှာရှိသော ရွာကြီးတစ်ရွာပင် ဖြစ်သည်။ ဘူတန်နိုင်ငံသည် တောင်မြင့်ကြီးများ၊ ချိုင့်ဝှမ်းများ၊ နက်ရှိုင်းလှသော သစ်တောကြီးများရှိသည့်နေရာ ဖြစ်သောကြောင့် ရာသီဥတုက တပြေးညီမရှိလှပေ။ တစ်နေရာနှင့်တစ်နေရာ မတူကြပေ။

နွေရာသီရောက်လျှင် ပူလွန်းသောနေရာများရှိသလို မီးများသောနေရာများလည်း ရှိသည်။ ထို့အတူ ဆောင်းရာသီရောက်သောအခါ အရိုးခိုက်အောင် အေးသောနေရာများလည်း ရှိသည်။ ထို့ကြောင့် နွေရာသီမှာနေသောမြို့၊ ဆောင်းရာသီမှာနေသော မြို့တော်ဟူ၍ ခွဲခြားထားကြလေသည်။

'တာရှိချောဇွန်း'မြို့ကို ဘူတန်နိုင်ငံ၏ နွေရာသီမြို့တော်ဟု ခေါ်ကြသည်။ ဆောင်းရာသီမြို့တော်ကတော့ "ပွန်နက်ခါး" မြို့ပင် ဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်တို့ ရောက်ရှိနေသောရွာမှာ ပွန်နက်ခါးမြို့နှင့် မဝေးလှသော နေရာမှာရှိသော 'ဝေပုလ'ရွာကြီးပင် ဖြစ်သည်။

ဝေပုလရွာမှာ ရွာကြီးတစ်ရွာဖြစ်ပြီး ရွာခေါင်းကြီးတစ်ဦးက စီမံအုပ်ချုပ်လေသည်။ ထိုရွာတွင် ဒေါက်တာမင်းထင်ကျော်တို့နှင့် ခင်မင်ရင်းနှီးသော ဇမှန်းထန်းရှိလေသည်။ ဒေါက်တာမင်းထင်ကျော်တို့မှာ စုစုပေါင်း သုံးယောက်ဖြစ်သည်။ သူနှင့်အတူပါလာသော အခြားနှစ်ဦးမှာ ဆရာကြီးသူရဇ္ဇနှင့် ဦးဇန်





ကောင်းတို့နှစ်ဦးပင် ဖြစ်ကြလေသည်။

ဂင်းတို့သုံးဦးသည် နီပေါနိုင်ငံမှတစ်ဆင့် ဘူတန်နိုင်ငံသို့ ရောက်အောင်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုခရီးကို ဦးဆောင်စီစဉ်သူမှာ ဆရာကြီးသူရဇ္ဇပင် ဖြစ်ပေသည်။ ဆရာကြီးသူရဇ္ဇသည် အသက်(၆၀)ကျော် အရွယ်ရောက်နေသည့်တိုင် ကျန်းမာနေဆဲပင် ရှိသေးသည်။ လူငယ်လူရွယ်များနှင့် ရင်ဘောင်တန်းပြီး ခရီးဝေးလှသော ဒေသများကို သွားလာနေနိုင်ဆဲပင် ရှိသေးသည်။

အင်္ဂရတ်ပညာနှင့် ဆေးဝါးအစီအရင် ပညာများကို ထူးခြားစွာ တတ်မြောက်သူဖြစ်သဖြင့် ဆေးကောင်းဝါးကောင်းများလည်းရှိသည်။ အသက်ရှည်စေနိုင်သော ပြဒါးပြာ၊ ရွှေပြာစသည်တို့ကို ကိုယ်တိုင်စီရင်ပြီး အသုံးပြုနိုင်သူလည်း ဖြစ်သည်။ ထို့ကြောင့် ယခုအသက်အရွယ်အထိ လူငယ်လူရွယ်များနှင့်မခြား ကျန်းမာသန်စွမ်းနေခြင်း ဖြစ်ပေသည်။

ယခုတစ်ခေါက် ဘူတန်နိုင်ငံသို့ ရောက်လာသော ရည်ရွယ်ချက်မှာ ကျော်လေးကျော် မှော်လေးမှော် စာရင်းဝင်သော ဆေးဖက်ဝင် ဆေးပင်ဆေးပစ္စည်းများရှာဖွေရန် အတွက် ရောက်လာခြင်း ဖြစ်သည်။ ဦးဇန်ကောင်းကလည်း ဆေးဝါးဖော်စပ်ရာ၌သော်လည်းကောင်း၊ ဖိုထိုးရာ၌သော်လည်းကောင်း၊ ဆေးဝါးဖော်စပ်ပြီး အစီအရင်များပြုလုပ်ရာ၌ များစွာကျွမ်းကျင်လှသူ ဖြစ်ပေသည်။

ထိုဆေးပင်များနှင့် သိဒ္ဓိရှိသောဆေးပင် ဆေးပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို ရှာဖွေစုဆောင်းရာမှာလည်း များစွာဝါသနာပါသူ ဖြစ်လေသည်။ ဦးဗန်ကောင်းက ဆရာကြီးသူရဇ္ဇနှင့် နှစ်ပေါင်းများစွာ အတူတူ လက်တွဲလာခဲ့ကြသည့်အပြင် ပညာနှင့်ပတ်သက်သည့် နည်းနိဿျများလည်း ရရှိခဲ့သဖြင့် ခင်မင်လေးစားမှုလည်း ရှိပေသည်။

ထို့ကြောင့် အကြောင်းကိစ္စရှိ၍ ဆရာကြီးကခေါ်လျှင် ဘယ်သောအခါမှ ငြင်းပယ်လေ့မရှိပဲ လိုက်ပါသူဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ထိုခရီးကို လိုက်ပါလာသော်လည်း ဆရာကြီးတို့နှစ်ယောက်နှင့် ရည်ရွယ်ချက်ခြင်းမတူပေ။ သူက မရောက်ဖူးသေးသောအရပ်ဒေသတွင် မကြုံတွေ့ဖူးသေးသော အတွေ့အကြုံသစ်များကို စိတ်ဝင်စားသဖြင့် ဆရာကြီးတို့နှင့် လိုက်လာခြင်းဖြစ်သည်။

နောက်တစ်ချက်က ဆရာကြီးအတွက် အဖော်ရစေရန်၊ အကူအညီရစေရန် လိုက်လာခြင်းလည်း ဖြစ်ပေသည်။ဘူတန်နိုင်ငံတွင် ဒေါက်တာမင်းထင်ကျော်အတွက် အခြားစိတ်ဝင်စားဖွယ်ရာကောင်းသော အရာများလည်း ရှိပေသေးသည်။ တစ်ခုက 'မီဂိုအီ'ဟုသော်လည်းကောင်း၊ ယေတီဟုသော်လည်း ဒေသခံများခေါ်သော နှင်းလူကြီးများရှိသည်က တစ်ကြောင်း။

နောက်တစ်ချက်က မှော်အတတ်ပညာ တတ်ကျွမ်းသူတို့ရှိနေသည် ဆိုသည်ကတစ်ကြောင်းကြောင့် အလျင်းသင့်ပါက ထိုအရာများကို လေ့လာခွင့်ရနိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။ သို့သော်လည်း ထိုခရီးကို ဦး





ဆောင်လာသူမှာ ဆရာကြီးသူရဇ္ဇဖြစ်ပြီး အလိုရှိသော ဆေးပင်များကို ရှာဖွေရန်အတွက်ပင် ဖြစ်လေသည်။

ဆရာကြီးလိုချင်သော ဆေးပင်များက မြေပြန့်ဒေသများ၌ ရှာဖွေရန်မလွယ်ကူလှသည့် သိဒ္ဓိရှိသည့် ဆေးပင်များဖြစ်ကြလေသည်။ ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းနီအစရှိသော ဆေးပင်များကဲ့သို့ ရှာဖွေတွေ့ရှိရန် မလွယ်သောဆေးပင်များပင် ဖြစ်ကြသည်။ သိဒ္ဓိရှိသော ဆေးပင်များမှာ တစ်နေရာတည်းတွင် တာရှည်မနေကြပေ။

ဂမုန်းဖြူ၊ ဂမုန်းနက်၊ ဂမုန်းနီစသော သိဒ္ဓိဝင် ဂမုန်းများမှာ ပေါက်သောနေရာတွင် ခဏသာတွေ့ရပြီးနောက်တော့ ပျောက်သွားတတ်သည်။ ဟိမဝန္တာမှ လူသူမရောက်နိုင်သောနေရာ၌ သုံးနှစ်ကြာအောင် ပြန်နေပြီးမှ မူလပေါက်သောနေရာသို့ တစ်ဖန်ပြန်ရောက်လာလေ့ရှိကြသည်။

ဆေးပင်အတော်များများမှာ ဂမုန်းမျိုးနွယ်ဝင်များပင် ဖြစ်ကြလေသည်။ ထိုအထဲမှာ ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်သော ဂမုန်းပင်များကတော့ သိဒ္ဓိရှိကြသည်။ တစ်နေရာတွင် ပေါက်ပြီး အရွက်စုံသောအခါ ဟိမဝန္တာသို့ ပြန်လေသည်။

၃-နှစ်တစ်ကြိမ်၊ ၇-နှစ်တစ်ကြိမ်၊ ၁၀-နှစ်တစ်ကြိမ်မှ မူလပေါက်သောနေရာသို့ ပြန်ရောက်လာလေ့ရှိသည်။

ထို့အတူ သဇင်နီကဲ့သို့သော မြင့်မြတ်သည့် တော်ဝင်ပန်းသည်လည်း အချို့နာမည်သာ ကြားဖူးသော်လည်း မမြင်ဖူးကြပေ။ ရှိသည်ဟု သတင်းကြားသဖြင့် ထိုနေရာသို့ သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေလျှင်လည်း မတွေ့ကြရပေ။ အပွင့်အခက်စုံသည်နှင့် အခြားနေရာသို့ ရွှေ့ပြောင်းသွားလေ့ရှိသည်။

ပွင့်ပြန်တော့လည်း လူသူမရောက်နိုင်သော သစ်ပင်မြင့်ကြီးများပေါ်တွင် ဖွင့်လေ့ရှိသည်။ ဆေးဘုရင်နှင့် ဆေးမိဖုရား ဆေးပင်၊ ဆေးမင်းကေရာဇ် ဆေးပင်၊ ဆေးမင်း စက္ကဝတ္တိစသော ဆေးပင်တို့မှာလည်း သိဒ္ဓိရှိသော ဆေးပင်များဖြစ်ကြသည်။ ဆေးပင်တစ်ပင်ကို ရှာဖွေရရုံနှင့် ဝိဇ္ဇာဖြစ်နိုင်သော ဆေးပင်မျိုးဖြစ်သည်။

ထိုဆေးပင်တို့မှာလည်း မြင့်မြတ်သောနေရာနှင့် မြင့်မားလှသော သစ်ပင်ကြီးများ ထိပ်ဖျား၌ပင် ပေါက်လေ့ရှိသည်။ တစ်နှစ်မှတစ်ရက်သာ တွေ့ခွင့်ရှိသည်။ ဆေးဘုရင်နှင့် ဆေးမိဖုရားပင်တို့မှာ တန်ဆောင်မုန်း၌သာ တွေ့ရနိုင်သည်။ အခြားလများတွင် မတွေ့ရပေ။

ဆေးမင်းကေရာဇ်ပင်ကိုတော့ တပေါင်းလပြည့်မွန်းတည့်ချိန် တစ်ချိန်၌သာ ရှာတွေ့နိုင်သည်။ အခြားအချိန်တွင် ရှာဖွေသော်လည်း မတွေ့ရပေ။ ဆေးမင်းစက္ကဝတ္တဆေးပင်ကိုတော့ တပေါင်းလပြည့် မွန်းတည့်သောအချိန်၌သာ ရှာဖွေတွေ့နိုင်ပြီး အခြားအချိန်များတွင် ရှာဖွေပါက မတွေ့နိုင် မရနိုင်ပေ။

ဆရာကြီးသူရဇ္ဇအနေနှင့် မြန်မာတစ်နိုင်ငံလုံးမှာရှိသော တောတောင်များသို့ လှည့်လှည်ကာ ဆေးပင်နှင့်ဆေးဖက်ဝင်အသုံးအဆောင်များကို ရှာဖွေလေ့ရှိသည်။ ဆရာကြီးသူရဇ္ဇမှာ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းစဉ် ရောက်သည်အထိ ကြိုးစားနေရာ





သူအလိုရှိသော ပစ္စည်းများကို နေရာအနှံ့လိုက်လံရှာဖွေကာ ရအောင်ယူလေ့ရှိပေသည်။

ယခု ဘူတန်အထိရောက်အောင်လာသော ရည်ရွယ်ချက်မှာ ကျော်လေးကျော်၊ မော်လေးမော် စာရင်းဝင် ဆေးပင်နှင့် သိဒ္ဓိရှိသော ကျောက်များရှာဖွေယူရန် တကူးတက ရောက်လာခြင်းဖြစ်သည်။ ထိုကဲ့သို့ လာရောက်ရခြင်းမှာလည်း အကြောင်းတစ်ခုတော့ ရှိပေသည်။

တစ်နေ့သ၌ နေအိမ်၌ရှိနေစဉ် မဟာဂန္ဓာရီ ခရီးလှည့်လှည်ရာမှ ပြန်ရောက်လာသော မိတ်ဆွေတစ်ဦးနှင့် တွေ့သောအခါ ၎င်းကသတင်းကောင်း တစ်ခုပေးလေသည်။ ထိုပုဂ္ဂိုလ်မှာ ဦးဒီပ ဆိုသူဖြစ်သည်။

"ဒီတစ်ခေါက် ဘယ်နေရာတွေအထိ ရောက်ခဲ့သလဲ အဓိဋ္ဌာန်ဝင်ခဲ့သလဲ"

ဆရာကြီးသူရဇ္ဇက မေးသောအခါ ကွမ်းဝါးနေရာမှ ပြောပြလေသည်။

"ဒီတစ်ခေါက်ကတော့ နေရာအတော်နှံ့အောင် ရောက်ခဲ့တယ်ဗျ၊ အိန္ဒိယ၊ နီပေါ၊ ဟိမဝန္တာ၊ တိဗက်၊ ဘူတန် နိုင်ငံအထိပါ သွားခဲ့တယ်"

"တယ်လည်းနှံ့ခဲ့ပါလား၊ ထူးထူးခြားခြား ဘာတွေများသိခဲ့ရသေးသလဲ"

"ခင်ဗျားကို ပြောပြချင်လို့ ဒီကိုတမင်လာခဲ့တာပဲ"

"ပြောပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က အမဲဌာန်ဝင်ရုံသက်သက်ပဲလုပ်ပြီး ကျန်တာတွေ မလုပ်ပေမယ့်၊ သွားရင်းလာရင်းနဲ့တော့ မိတ်ဆွေတွေအတွက် ဘယ်နေရာဘာရှိတယ်ဆိုတာတော့ ကြည့်ရတယ်ဗျ"

"ခင်ဗျားက နေရာစုံအောင်လည်း ရောက်တာကိုးဗျ"

"တခြားတော့ မဟုတ်ဘူးဗျ၊ ဒီတစ်ပတ် ဘူတန်တောင်တန်းတွေမှာ အမဲဌာန်ဝင်ဖို့သွားတော့ လမ်းပြတွေဆီက သတင်းတစ်ခုကြားခဲ့ရတယ်"

"ဘယ်လိုသတင်းများပါလိမ့်"

"ဘူတန်တောင်တန်းပေါ်မှာ ကျော်လေးကျော်နဲ့ မှော်လေးမှော်ရှိတယ်လို့ သိခဲ့ရတယ် ခင်ဗျားအတွက်တော့ ဟန်ကျမှာပဲ"

ဟုပြောပြလေသည်။

ဆရာကြီးသူရဋ္ဌကလည်း ထိုစကားကြားသောအခါ စိတ်ထဲမှ ကြိတ်ကာဝမ်းသာသွားလေသည်။ သို့သော် 'ကျော်လေးကျော် မှော်လေးမှော်'က ကိုယ့်အယူအဆနှင့်ကိုယ် အမျိုးမျိုး ရှိကြသဖြင့် သေချာအောင် ထပ်မေးလိုက်သည်။

"ခင်ဗျားတွေ့ခဲ့တဲ့ 'ကျော်လေးကျော် မှော်လေးမှော်'က ဘယ်လိုမျိုးတွေလဲဗျ"

ဦးဒီပ ဆရာကြီးထည့်ပေးထားသော လက်ဖက်ရည်နှင့် အာလုပ်ကျင်းလိုက်ပြီးမှ စကားဆက်ပြောလေသည်။

"လက်ဝဲလမ်းပဲလိုက်လိုက်၊ လက်ယာလမ်းကိုပဲလိုက်လိုက် အယူအဆမတူကြပေမယ့် အသုံးပြုတဲ့ ဆေးဖက်ဝင်





ပစ္စည်းတွေကတော့ သိပ်မကွာခြားလှပါဘူး၊ အခေါ်အဝေါ်နဲ့ အသုံးပြုပုံတွေလောက်ပဲ ကွာခြားကြတာပဲမဟုတ်လား"

"မှန်ပါတယ်"

"ဘူတန်တောင်တန်းတွေပေါ်မှာ ရှာဖွေရင် ရနိုင်တဲ့ ကျော်လေးကျော် စာရင်းဝင် မှော်ဝင်ဆေးပင်လေးမျိုးက. . . (၁)တောလုံးကျော်၊ (၂)တောင်လုံးကျော်၊ (၃)ရွှေရင်ကျော်ဆေးပင်နဲ့၊ (၄)နလင်ကျော်ဆေးပင်လေးမျိုးပေါ့"

"ဟန်ကျပြီဗျ ဒီဆေးပင်တွေက ရှားလွန်းလို့ ဒီမှာတော့ ရှာမတွေ့တော့လောက်အောင် ဖြစ်နေပြီဗျ"

ဦးဒီပက ဆက်ပြောလေသည်။

"မှော်လေးမှော်စာရင်းဝင်တဲ့ မှော်ဝင်ကျောက်လေးမျိုးက (၁)သုဝဏ္ဏသေလာမှော်ဝင်ကျောက်၊ (၂)ရဇိတသေလာမှော်ဝင်ကျောက်၊ (၃)လောဟသေလာမှော်ဝင်ကျောက်၊(၄)မဏိသေလာမှော်ဝင်ကျောက် လေးမျိုးပေါ့ဗျာ ဒီကျောက်လေးမျိုးကိုတော့ သေလာလေးမှော်လို့လည်း ခေါ်ကြသေးတယ် မဟုတ်လား"

"မှန်ပါတယ်၊ သေလာလေးမှော်ဆိုတာ လက်ဝဲလမ်းလိုက်တဲ့သူတွေနဲ့ ရွှေဖြစ်ငွေဖြစ် လမ်းစဉ်လိုက်ကြတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ အတော်ကို တန်ဖိုးရှိတဲ့ ရတနာတွေပါပဲ"

"ခင်ဗျားအနေနဲ့ ကျော်လေးကျော် မှော်လေးမှော်ဆိုတဲ့ သိဒ္ဓိဝင်ဆေးပင်တွေနဲ့ မှော်ဝင်ကျောက်တွေကို လိုချင်တယ်ဆိုရင်တော့ ဘူတန်တောင်တန်းတွေဘက်သာ တက်သွားပေတော့ဗျို့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးဒီပက လမ်းညွှန်ပေးလေသည်။

"အခုလို တကူးတကလာပြောပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ အစီအစဉ်တွေပြုလုပ်ပြီးရင်တော့ အဲဒီဘက်ကို ခရီးထွက်ပါ့မယ်"

ဟု ပြန်ပြောလိုက်ရလေသည်။ ဦးဒီပပြန်သွားပြီးသည့်နောက်မှာတော့ ဆရာကြီးသူရဇ္ဇသည် ၎င်းနှင့်အတူတကွ ခရီးသွားဖော်များ ဖြစ်ကြသည့် ဦးဗန်ကောဖ်နှင့် ဒေါက်တာမင်းထင်ကျော်တို့အား ခေါ်ယူကာ အသိပေးလိုက်လေသည်။ ထိုစကားကြားသောအခါ ဦးဗန်ကောင်းက. . .

"ကျွန်တော်ကတော့ ဒီလိုကိစ္စမျိုးနဲ့ ခရီးထွက်မယ်ဆိုရင် ဘယ်တုန်းက ငြင်းဘူးလို့လည်း ဆရာကြီးရယ်၊ ဒီအတွေ့အကြုံမျိုးက တကူးတကလိုက်ရှာရင်တောင် ရတာမှမဟုတ်တာ၊ ဆရာကြီးတို့နဲ့ သွားမှသာရတာဆိုတော့ လိုက်ခဲ့ပါ့မယ်"

ဟု ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဦးဗန်ကောင်းနှင့် ရည်ရွယ်ချက်ခြင်း မတူပေ။

"ကျွန်တော်လည်း လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် ကျွန်တော်က ဆရာကြီးတို့နဲ့ ရည်ရွယ်ချက်ခြင်းတော့ မတူဘူး"

"မောင်ထင်ကျော်က ဘယ်လိုရည်ရွယ်ချက်ရှိနေလို့လဲ"

"ဘူတန်တောင်တန်းတွေပေါ်မှာ ဆရာကြီးတို့ လိုချင်တဲ့ မှော်ဝင်ပစ္စည်းတွေတင် ရှိတာမဟုတ်ဘူး၊ မှော်အတတ် ပညာတတ်တဲ့ မျိုးနွယ်တွေလည်း ရှိတယ်၊ ခရီးအဆင်သင့်ရင် သူတို့





ရှိတဲ့နေရာတွေကို အရောက်သွားပြီး လေ့လာရမယ်"

"တော်ကြာ ပြုစားထားမှ ခက်နေပါဦးမယ် မောင်ထင်ကျော်ရယ်"

"ကျွန်တော်က ရန်သူအနေနဲ့သွားတာမှ မဟုတ်တာ အန္တရာယ်မရှိနိုင်ပါဘူး"

"စုန်း၊ ကဝေပညာတတ်တဲ့သူတွေက ချစ်ရင်လည်း ပြုစားတယ်၊ မုန်းတီးရင်လည်း ပြုစားကြတတ်တယ် မဟုတ်လား"

"ကျွန်တော်ကတော့ မကြောက်ပါဘူး၊ ဆရာကြီးတို့နဲ့ လိုက်မယ်ဆိုတာ ဒီကိစ္စအပြင် တခြားစိတ်ဝင်စားစရာလည်း ရှိသေးတယ်"

"ဘာများလည်း မောင်ထင်ကျော်ရဲ့"

"ဘူတန်တောင်တန်းတွေပေါ်မှာ မိဂိုအီလို့ခေါ်တဲ့ နှင်းလူကြီးတွေ ရှိတယ်"

"မိဂိုအီဆိုတာ ဘယ်လိုအဓိပ္ပာယ်လဲ"

"မိဂိုအီဆိုတာ ဒေသခံတွေက သူတို့ဘာသာစကားနဲ့ ခေါ်တာပေါ့၊ အဓိပ္ပာယ်ကတော့ တောတွင်းလူသားပေါ့ ဒီသတ္တဝါကြီးတွေက အခြားနေရာတွေမှာ တွေ့ရဖို့ မလွယ်လှဘူး"

"အန္တရာယ်များလှတယ် မောင်ထင်ကျော်ရယ်"

"ကျွန်တော့်ဝါသနာက အဲဒီလို ထူးထူးခြားခြား စွန့်စွန့်စားစား သွားလာရတာကို အတော်သဘောကျတယ်၊ ဒါကြောင့် ဘာစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့၊ ဆရာကြီးတို့ကိုလည်း အကူအညီပေးရင်း ကျွန်တော်ရည်ရွယ်ချက်လည်း ပြည့်အောင်လို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ့မယ်"

ဟု ပြောလေသည်။

ဤသို့ဖြင့် ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇ နှင့် ဦးဇန်ကောင်းတို့မှာ ဤခရီးကို ထွက်လာကြခြင်း ဖြစ်လေသည်။

ယခုအခါမှာတော့ ဘူတန်နိုင်ငံ၏ ဆောင်းရာသီမြို့တော်ဖြစ်သော ပွန်နက်ခါးမြို့နှင့် မဝေးလှသော နေရာမှာရှိသော ဝေပုလရွာသို့ ရောက်လာခဲ့ကြခြင်း ဖြစ်ပေသည်။







# အခန်း(၃)

# မိဂိုအီ သို့မဟုတ် တောတွင်းလူသားများ

ဝေပုလရွာတွင် ဒေါက်တာမင်းထင်ကျော်တို့နှင့် သိကျွမ်းသော ဇမုန်းထန်ရှိသည်။ ဇမုန်းထန်က ထိုအရပ်သား တစ်ယောက်တော့ မဟုတ်ပေ။ ချင်းပြည်နယ်ဘက်မှ တဖြည်းဖြည်း ရွှေ့ပြောင်းနေထိုင်ရင်းမှ ဝေပုလရွာသို့ ရောက်သွားသူ ဖြစ်ပေသည်။ တောတောင်ထူထပ်ပြီး သီးနှံစိုက်ပျိုးစားသောက်ရတာ များစွာအဆင်ပြေသဖြင့် ထိုနေရာမှာပင် အခြေချနေသူ ဖြစ်ပေသည်။ ဒေါက်တာမင်းထင်ကျော်တို့တစတွေနှင့် ကချင်ပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ ရှိနေစဉ်ကပင် သိကျွမ်းခင်မင်နေကြလေသည်။

ယခုလို မိမိတို့ အရပ်ဒေသမဟုတ်သော တိုင်းပြည်နိုင်ငံတွင် အသိမိတ်ဆွေချင်း ပြန်တွေ့ကြရသောအခါ ဇမုန်းထန်ကလည်း ဝမ်းသာသည်။ ဒေါက်တာမင်းထင်ကျော်တို့ကလည်း ဒေသခံတစ်ဦး တွေ့ရသကဲ့သို့ ဝမ်းသာကြရပေသည်။

"မမျှော်လင့်ပဲ ဒီလောက်ဝေးလံသီခေါင်တဲ့ နေရာမျိုးမှာ ကိုယ့်တိုင်းပြည်က ခင်မင်တဲ့သူတွေနဲ့ ပြန်တွေ့ရတာ အများကြီး ဝမ်းသာပါတယ်"

"ငါတို့ကလည်း ဝမ်းသာပါတယ်"

"ဆရာကြီးတို့ ဘာအတွက်နဲ့ တကူးတကရောက်လာကြတာလဲ လိုတဲ့အကူအညီရှိရင် ပေးပါ့မယ်"

ဟုပြောဆိုကာ ၎င်းနေအိမ်မှာပင် နေရာထိုင်ခင်းပေးသည်။ ဆန်၊ ဂျုံ၊ ပြောင်းတို့ဖြင့် စီမံပြုလုပ်ထားသော အစားအသောက်များ၊ ပျားရည်၊ နွားနို့စသော အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးလေသည်။ အားလုံးကလည်း ၎င်းကျွေးမွေးသော အစားအသောက်များကို စားသောက်ရင်းဖြင့် လာရင်းကိစ္စကို ပြောပြရလေသည်။

"ဆရာကြီးတို့လိုချင်တဲ့ ကျောက်တွေ၊ ဆေးပင်တွေကိုတော့ ကျွန်တော်တို့ မသိပါဘူး၊ ဒါပေမယ့် တောထဲသွားမယ်ဆိုရင်တော့ အတော်ကလေး သတိထားပြီး သွားကြရလိမ့်မယ်"

"ဘယ်လိုကြောင့်လည်း ဇမုန်းထန်ရဲ့"

"ဘူတန်တောနက်ကြီးတွေထဲမှာ မိဂိုအီလို့ခေါ်တဲ့ နှင်း





လူကြီးတွေရှိတယ် ဒါကြောင့် သွားမယ်ဆိုရင် ကျွမ်းကျင်တဲ့ လမ်းပြတွေ ခေါ်သွားရမယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"ခင်ဗျားက ဒီနယ်ဘက်ရောက်နေတာကြာပြီဆိုတော့ နှင်းလူတွေနဲ့ တွေ့ခဲ့ဖူးသလား"

"ကျုပ်ကတော့ မတွေ့ဖူးသေးဘူး၊ ဒီရွာထဲမှာတော့ တွေ့ခဲ့ဖူးတဲ့လူတွေရှိတယ် သူတို့က လမ်းပြခေါ်ရင်လည်း လိုက်ပေးတယ်"

"ကောင်းတာပေါ့၊ ကျွန်တော် သူတို့နဲ့ တွေ့ချင်တယ် ခေါ်ပေးပါ" ဟု ပြောလိုက်လေသည်။

ညနေပိုင်းရောက်တော့ ဇမုန်းထန်က ရွာထဲမှ လူသုံးယောက်ကို ခေါ်လာလေသည်။ တစ်ယောက်က အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက် ဖြစ်သည်။ ၎င်းအသည်မှာ ဒန်ဒိုဂျီဖြစ်ပြီး လမ်းပြပေးသောအလုပ်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်လာသူဖြစ်လေသည်။

သူသည် တောတောင်များသို့ နေရာအနှံ့သွားလာခဲ့ဖူးပြီး အတွေ့အကြုံများ သူတစ်ယောက်လည်း ဖြစ်သည်။ နောက်တစ်ယောက်က 'မိချီကို'ဟု အမည်ပေးထားသော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အသက်(၂၀)ကျော် အရွယ်ခန့်သာ ရှိသေးသည်။

အသားဖြူဖြူနှင့် ရုပ်ရည်သနားကမားရှိသော ဘူတန်



www.burmeseclassic.com

www.burmeseclassic.com



သွေးပါသူတစ်ဦး ဖြစ်သည်။ သူမက ဒန်ဒိုဂျီ၏ မြေးတော်သူဖြစ်သည်။ ကျန်တစ်ယောက်ကတော့ လူရွယ်တစ်ဦးဖြစ်သည်။ အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ဘူတန်သွေးပါသော ကပြားတစ်ယောက်ဖြစ်သည်။

သူ့အမည်က ဆိုနမ်ခမ် ဖြစ်သည်။ ဆိုနမ်ခမ်က မီချိုက်တို့ မြေးအဘိုးနှင့် သွေးမတော်သားမစပ်သော်လည်း ခိုင်းစေသမျှ လုပ်ပေးပြီး အတူနေလေသည်။ အကြောင်းကတော့ မီချိုကိုအား နှစ်သက်သဘောကျနေသောကြောင့် နေခြင်းဖြစ်သည်။

ဒန်ဒိုဂျီက ၎င်းအားသနားသဖြင့် ခိုင်းစရာရှိတာခိုင်းပြီး ခေါ်ယူကျွေးမွေးထားသော်လည်း ဆိုနမ်ခမ်ကတော့ မီချိုကိုအပေါ် ကျိတ်ပြီး နှစ်သက်သဘောကျနေလေသည်။ ထိုအခြေအနေကို ဒန်ဒိုဂျီကသိသော်လည်း မသိကျိုးကျွန် ပြုနေလေသည်။

မီချိုကိုကတော့ ဆိုနမ်ခမ်အပေါ်မှာ တစ်စက်ကလေးမှ စိတ်ဝင်စားခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ဆိုနမ်ခမ်၏ ရုပ်ရည်က အတော်ပင်ဆိုးသောကြောင့် ဖြစ်သည်။ မျက်နှာက လူတစ်ယောက်နှင့်မတူပဲ နှင်းလူတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာမျိုးရှိသည်။ ကိုယ်ပေါ်မှာလည်း သာမန်ထက်ပိုရှည်သော အမွေးရှည်အချို့ ရှိသေးသည်။

အပေါ်မှ အဝတ်များ ဝတ်ထားသောကြောင့်သာ မမြင်ရခြင်း ဖြစ်ပေသည်။ ခြေလက်များကလည်း သာမန်လူတစ်ယောက်ကဲ့သို့ မတူပဲ အနည်းငယ်ပိုရှည် နေသကဲ့သို့ရှိသည်။ ယေဘူယျကြည့်လျှင်တော့ ဆိုနမ်ခမ်မှာ သာမန်လူတစ်ယောက်





နှင့်မတူပဲလှပဲ လူနှင့် နှင်းလူတို့ ပေါင်းစပ်ရာမှရသော လူတစ်ပိုင်းနှင်းလူတစ်ပိုင်းနှင့် ပိုပြီးတူနေလေတော့သည်။

ဇမ္မန်းထန်က ခေါ်လာသောကြောင့် ၎င်းတို့သုံးယောက်လုံး လိုက်လာကြခြင်းဖြစ်သည်။ ဒန်ဒိုဂျီဆိုသော လူကြီးကဦးဆောင်လာခြင်းဖြစ်ပြီး ၎င်းမျက်နှာပေါ်မှ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့မှာ ဆွတ်ဆွတ်ဖြူနေပြီ ဖြစ်သော်လည်း သွက်လက်ဖျတ်လတ်ကြသော ဟန်အမူအယာမျိုးတော့ ရှိပေတော့သည်။

(၎င်းတို့ပြောသော စကားမှာ 'ဘူတန်'စကားဖြစ်သည်။ ဇမ္မန်းထန်က ဘူတန်စကားရော မြန်မာစကားပါ နားလည်သူဖြစ်သဖြင့် ကြားထဲမှ စကားပြန်လုပ်ပေးရသည်။ ရှေ့ဆက်ရေးသားသောအခါ မြန်မာစကားဖြင့်ပင် တိုက်ရိုက်ရေးသားမည်ဖြစ်ပါကြောင်း။) ဒေါက်တာမင်းထင်ကျော်က ၎င်းနာမည်ကို ပြောပြလိုက်ပြီး သိလိုသောအချက်များကို မေးသည်။

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်ပါ။ ကျွန်တော်တို့က ဆေးပင်နဲ့ ထူးဆန်းတဲ့ကျောက်တွေကို လိုချင်လို့ ဒီနေရာကို လာကြတာပါ"

"ဒါတွေလိုချင်ရင် သစ်တောကြီးတွေရှိတဲ့ တောင်မြင့်ကြီးတွေပေါ် သွားရမယ် အဲဒီတောတွေထဲမှာ ယေတီလို့ခေါ်တဲ့ မိဂိုအီတွေရှိတယ်"

"မိဂိုအီဆိုတာ ဘယ်လိုသတ္တဝါမျိုးလဲ"

ဒေါက်တာမင်းထင်ကျော်က မသိသေးဟန်ဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောတွင်းလူသားလို့ပေါ်တဲ့ နှင်းလူကြီးတွေကို ပြောတာ"

"ခင်ဗျားက နှင်းလူတွေကို တွေ့ဖူးသလား"

"တစ်ခါ နှစ်ခါတော့ တွေ့ဖူးပါတယ်၊ ဒါပေမယ့် နီးနီးတော့ မဟုတ်ဘူး၊ ဝေးဝေးကနေလှမ်းမြင်ရတာ တစ်ခါက တောင်ပေါ်က ဝါးရုံတောထဲမှာ မျှစ်တွေနှုတ်စားနေတာကို မြင်ရတာ နောက်တစ်ခါနှင့် နှင်းတွေပိတ်နေတဲ့အချိန်မှာတော့ အတော်နီးနီးမှာ ရောက်သွားခဲ့တယ်"

"ဆက်ပြောပြပါဦး"

ထိုအခါ အဘိုးကြီး ဒန်နိုဂျီက စိတ်ဝင်စားဖွယ်ကောင်းသော ၎င်း၏ ကိုယ်တွေ့အဖြစ်အပျက်တို့ကို ပြန်ပြောပြလေသည်။ တစ်နေ့သ၌ ရာသီဥတုသာယာသောအချိန်တွင် ဒန်နိုဂျီနှင့် အဖော်နှစ်ယောက်တို့သည် အမဲလိုက်ရန်အတွက် တောင်ပေါ်သို့ တက်သွားကြသည်။

၎င်းတို့တက်သွားစအချိန်တွင် ရာသီဥတုက သာသာယာယာပင် ရှိနေလေသည်။ တောင်ပေါ်ရောက်တော့မှ ရာသီဥတု ဆိုးဝါးလာသောကြောင့် မျက်စိလည်ကာ လမ်းပျောက်သွားကြလေသည်။ ဤသို့ဖြင့် ညဦးပိုင်းအချိန် ရောက်သောအခါတွင် ၎င်းတို့ရောက်နေသောနေရာနှင့် မနီးမဝေးတွင် စူးစူးဝါးဝါး အော်သံများ ကြားကြရလေသည်။

ထို့ကြောင့် ဆက်မသွားဝံ့တော့သဖြင့် သင့်တော်သော ဂူပေါက်တစ်ခုအတွင်းသို့ ဝင်နေကြရပေသည်။ ၎င်းတို့ဝင်နေ





သော ဂူကြီးမှာ လူသူအရောက်နည်းသော 'ဘန်းစစ်'ဂူကြီးပင် ဖြစ်တော့သည်။ နေဝင်ချိန်ရောက်တော့ မှောင်လာသည်။

ပတ်ဝန်းကျင်မှာ နှင်းများကျဆင်းနေသောကြောင့် မှုိင်းနေလေသည်။ ထိုအချိန်တွင် မနီးမဝေးဝါးရုံတောတွင်းမှ စူးစူးဝါးဝါး အော်သံကြီးကြားရလေသည်။ ထိုအသံကြီးမှာ သံစဉ်အနိမ့်အမြင့်မရှိဘဲ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သောအသံမျိုး ဖြစ်လေသည်။

တစ်ဆက်တည်း ဝါးရုံတောတွင်းသို့ တိုးဝင်သောအသံ ဝါးတောများကို ချိုးဖဲ့နေသော တဖြောင်းဖြောင်းအသံများကိုလည်း ကြားကြရသည်။ ဒန်ဒိုဂျီတို့သုံးယောက်ကတော့ ထိုအသံများမှာ ဝါးရုံတောအတွင်းသို့ နှင်းလူများဝင်ရောက်နေသောအသံဖြစ်ပြီး၊ စူးစူးဝါးဝါး အော်လိုက်သောအသံမှာလည်း မီဂိုအီဟုခေါ်သော နှင်းလူကြီးများ အော်သံဖြစ်မည်ဟု သိကြလေသည်။

ထို့ကြောင့် နေစရာမရှိလောက်အောင် ကြောက်လန့်နေကြလေသည်။ အကယ်၍ နှင်းလူများ ဂူပေါက်အတွင်းသို့ ဝင်ရောက်လာပါက သူတို့အတွက် ပြေးပေါက်ရှိတော့မည် မဟုတ်ပေ။ နှင်းလူကြီးများနှင့် ရင်ဆိုင်တွေ့လျှင်လည်း ပြေး၍လည်း မလွတ်၊ အသက်ရှင်ခွင့်လည်း ရမည်မဟုတ်ကြပေ။

နှင်းလူကြီးများမှာ လူထက်ပိုမိုထွားကျိုင်းပြီး အရပ်အမောင်းကလည်း မြင့်သည်။ ခြေတံလက်တံကြီးများက ရှည်ပြီး ကြီးမားတုပ်ခိုင်ပြီး သန်မာလှသည်။ တစ်ကိုယ်လုံးအမွေးရှည်



www.burmeseclassic.com

www.burmeseclassic.com



များ ဖုံးထားသော်လည်း ဝက်ဝံများကဲ့သို့ ထူထပ်လှသည်တော့ မဟုတ်ပေ။

ဝက်ဝံအမွေးထက် ပို၍ရှည်သော်လည်း ပျော့ပျောင်းသည်။ ၎င်းတို့ခြေထောက်မှာ သာမန်လူတစ်ယောက် တင်တောင်ခန့်ရှည်ပြီး (၈)လက်မခန့် ဗျက်ကျယ်သည်။ ရှေ့ပိုင်းကားပြီး နောက်ပိုင်းဖနောင့်ပိုင်းမှာ ရှုံးသည်။ လမ်းသွားလျှင်သော်လည်းကောင်း၊ ပြေးလျှင်သော်လည်းကောင်း လူတစ်ယောက်ကဲ့သို့ပင် ခြေထောက်နှစ်ချောင်းဖြင့် ပြေးလေ့ရှိသည်။

လူဝံ၊ မျောက်ဝံများကဲ့သို့ လေးဘက်ထောက်ပြီး ပြေးလေ့မရှိပေ။ လူများနှင့်ရင်ဆိုင်တွေ့သောအခါ ရှောင်ထွက်ခွင့်ရလျှင် ရှောင်ပြေးလေ့ရှိပြီး၊ အကယ်၍ မလွှဲမရှောင်သာ ရင်ဆိုင်တိုးလျှင်တော့ အသေအကြေ တိုက်ခိုက်လေ့ရှိကြသည်။ ၎င်းတို့သန်မာသော လက်ကြီးများဖြင့် ခြေလက်များကို တစ်စစီဖြစ်အောင် ဆုတ်ဖြဲပစ်လေ့ရှိသည်။

ဒန်ဒိုဂျီတို့သုံးယောက်မှာ ဂူကြီးအတွင်းမှာနေကြရင်းမှ အပြင်ဘက်မှ အခြေအနေကိုလည်း မျက်ခြည်မပြတ် ကြည့်နေကြရသည်။ ဝါးရုံတောများရှိသောနေရာက ဂူရှိသောနေရာ၏ အပေါ်ပိုင်းဘက်မှာဖြစ်သည်။ အနည်းငယ်ဝေးသောနေရာမှာ ရှိသည်ဆိုသော်လည်း ဝါးတောများကို တဖြောင်းဖြောင်းနှင့် ချိုးပဲ့နေသော အသံများကိုတော့ အတိုင်းသားကြားနေကြရသည်။

တစ်ခါတစ်ရံ ဂူပေါက်အရှေ့ဘက်မှ ရိပ်ခနဲ ဖြတ်သွား





သော သဏ္ဌာန်များကိုလည်း ဝိုးတဝါးလှမ်းမြင်ကြရလေသည်၊ သို့သော်လည်း ဂူဘက်သို့တော့ ရောက်မလာကြပေ။ ဤသို့ဖြင့် သုံးယောက်သား တစ်ညလုံးဂူထဲတွင် ကြောက်ကြောက်လန့်လန့်ဖြင့် နေခဲ့ကြရသည်။

နှင်းလူကြီးများ၏ ဝမ်းခေါင်းသံကြီးဖြင့် ဟစ်အော်လိုက်သောအသံကြီးများကိုတော့ မကြာခဏကြားနေရပြီးနောက် တစ်နေ့ရောက်တော့မှ ပျောက်သွားလေတော့သည်။ နံနက်ပိုင်းအချိန် အလင်းရောင်ရလာသော အချိန်ရောက်တော့ ဝါးရုံတောတိုးသံ၊ ဝါးပင်များချိုးသံ၊ ဝမ်းခေါင်းသံကြီးဖြင့် အော်သံများပျောက်သွားလေသည်။

နံနက်ပိုင်းအချိန်ကျော်တော့ နှင်းများကျနေသော်လည်း ရာသီဥတုအခြေအနေက ကောင်းမွန်နေသည်။ ထိုအခါမှ ဒန်ဂိုဂျီတို့သုံးယောက်လည်း အပြင်ဘက်သို့ ထွက်ဝံ့ကြလေသည်။ အပြင်ဘက်မှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ကြရသဖြင့် ညကတစ်ညလုံး ဆူဆူညံညံ အသံများကြားခဲ့ရသောနေရာဘက်သို့ တက်သွားပြီး ကြည့်ကြလေသည်။

နွေဦးပေါက်ရာသီတွင် ဝါးတောတွင်မြစ်စို့များ ပေါက်လေ့ရှိသည်။နှင်းလူတို့သည် မျှစ်များကို ချိုးဖွဲ့စားသောက်လေ့ရှိကြသည်။ ၎င်းတို့ဝင်ရောက်သွားသော ဝါးတောများထဲတွင် ကျိုးပဲ့နေသော ဝါးပင်များနှင့် မျှစ်ခွံများ တောင်ပုံရာပုံ ကျန်ခဲ့သည်ကို တွေ့ကြရသည်။

ထို့ပြင် နှင်းများစိုစွတ်နေသော မြေပေါ်တွင် လူခြေရာ

www.burmeseclassic.com



ထက် သုံးလေးဆကြီးမားသော နှင်းလူခြေရာကြီးများကိုပါ တွေ့ကြရသည်။ ဒန်ဒိုဂျီက သူတို့တွေ့ခဲ့ရသောခြေရာကြီးများ ပုံသဏ္ဍာန်နှင့် ဘယ်ရွေ့ဘယ်မျှ ကြီးမားကြောင်းကို ပြောပြလေသည်။ ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သူဖတ်ခဲ့ဖူးသော အကြောင်းအရာတစ်ခုကို ပြန်လည်သတိရမိလိုက်သည်။ အကြောင်းအရာမှာ အောက်ပါအတိုင်းပင် ဖြစ်လေသည်။

နီပေါနိုင်ငံတွင် ယက်တီ (Yeti) ခြေရာများ တွေ့ခဲ့ရသည့် သတင်းဖြစ်သည်။

နှင်းလူ (Big Foot, Yeti, The Abominable, Snow Man)စသည့် ဝေါဟာရများသည် အထူးအဆန်းကြည့်လို မြင်လိုသူများ၊ စာဖတ်ပရိသတ်များအတွက် ထူး၍မဆန်းတော့ပြီ။

ယနေ့အထိ ထိုသတ္တဝါမျိုးများ ကမ္ဘာ့တောင်ထွက်တောင်မြင့်ကြီးများ တစ်နေရာတွင် အမှန်တကယ်ရှိမရှိ အငြင်းပွားနေကြဆဲပင် ဖြစ်သည်။ အမေရိကန် ရုပ်သံအစီအစဉ် တင်ဆက်သူ ဂျော့(ရှ)ဂိတ်(စ)ဆိုသူက နိုဝင်ဘာလ(၃၀)ရက်နေ့တွင် နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့ သတင်းစာရှင်းလင်းပွဲ၌ ယက်တီသတ္တဝါကြီး၏ ခြေရာပုံစံကြီးကို ပြသခဲ့သည်။

အဆိုပါ အမေရိကန်ရုပ်သံဌာနသည် ယက်တီသတ္တဝါကြီးသည် နီပေါနိုင်ငံ၌ တကယ်ရှိ၊မရှိ စုံစမ်းလေ့လာနေခဲ့ရာမှ အဆိုပါခြေရာကြီးကို တွေ့ခဲ့ရသည်ဟုဆိုသည်။

ထိုရှင်းလင်းပွဲ၌ ရုပ်သံကုမ္ပဏီက ထိုခြေရာကြီးသည်





ကြောက်စရာ 'နှင်းလူ'ခေါ် ယက်တီသတ္တဝါကြီး၏ခြေရာနှင့် တစ်ပုံစံတည်း ဖြစ်နေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ရုပ်သံ(Destination Truth )မှ ထုတ်လုပ်သူ ကိုးဦးပါရှိသော အဖွဲ့တစ်ဖွဲ့သည် နီပေါနိုင်ငံရှိ ရေခဲဖုံး 'ခွန်ဘူး'ဒေသအတွင်း လှည့်လည်ရှာဖွေခဲ့ကြသည်။ လက်နက်ဆို၍ အနီအောက်ရောင်ခြည် ကင်မရာများသာ ပါရှိသည်။

ခွန်ဘူးဒေသသည် ဧဝရက်တောင်ကြီးတည်ရှိရာ ဒေသဖြစ်သည်။ ယက်တီခြေရာများကို ယင်းဒေသရှိ မန်ဂျူးမြစ်ကမ်းပေါ်တွင် တွေ့ရှိခဲ့ကြသည်။ ဒေသအမြင့်မှာ (၂၈၅၀)မီတာ (ပေပေါင်း-၉၃၅၀)ဖြစ်သည်ဟု သိရသည်။

ထိုမှတ်တမ်းထဲတွင်ပါသော ခြေရာမှာ မီဂိုအီဟုခေါ်သော နှင်းလူကြီးများခြေရာ ဖြစ်သည်ဆိုပါက ဒန်ဒိုဂျီပြောပြသော အကြောင်းအရာများနှင့် အတော်ပင် နီးစပ်မှုရှိလေသည်။ သို့ဆိုလျှင် လူတွေအရောက်အပေါက် နည်းသောနေရာ၊ မရောက်နိုင်သောနေရာများတွင် မီဂိုအီကဲ့သို့ ထူးဆန်းသောသတ္တဝါကြီးများ ရှိနေသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

(ရှေ့အခန်းများတွင် လူများတွေ့မြင်ရခဲ့သော ထူးဆန်းသောသတ္တဝါကြီးများ အကြောင်းကို သီးခြားဖော်ပြပေးပါမည်)

ဒေါက်တာမင်းထင်ကျော်ကတော့ ဒန်ဒိုဂျီထံမှ ထိုအကြောင်းများ ကြားရသောအခါ သူမျှော်လင့်ထားသော သဲလွန်စတစ်ခုရလိုက်သကဲ့သို့ စိတ်ထဲမှ ကျေနပ်သွားလေသည်။

"ကောင်းပြီလေ. . ကျွန်တော်တို့က လမ်းပြဌားမှာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ခင်ဗျားလိုက်ပေးနိုင်မလား”

“လိုက်ပေးပါ့မယ်”

“ဘယ်နှစ်ယောက်လိုက်မှာလဲ”

“ဒီသုံးယောက်လိုက်ကြမယ်”

ဒန်ဒိုဂျီက သူနှင့်အတူပါလာသော နှစ်ယောက်ကိုကြည့်ပြီး ပြောသည်။

“သူတို့ကဘယ်သူတွေလဲ”

“ဒါက ကျုပ်မြေးမလေးပါ သူ့နာမည်က မိချိုကိုလို့ ခေါ်တယ်၊ သူကတော့ ကျုပ်ရဲ့တပည့်ပါ၊ သူ့နာမည်က ဆိုနမ်ခမ်လို့ ခေါ်ပါတယ်”

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာ ထိုင်နေသော ဆိုနမ်ခမ်ဆိုသော လူရွယ်ကို အကဲခတ်သလို ကြည့်လိုက်လေသည်။ ဆိုနမ်ခမ်မှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိသော်လည်း ကိုယ်ခန္ဓာက ထွားကျိုင်းပြီး မျက်နှာပေါက်ကဆိုးသည်။ ကိုယ်ပေါ်မှာ အဝတ်အစားများ ဝတ်ထားသော်လည်း အချို့နေရာများ မှ အမွေးရှည်များက အပြင်သို့ထွက်နေသည်။

ခြေတံလက်တံများက သာမန်လူတစ်ယောက်နဲ့ သိပ်မတူပဲ မျောက်ဝံတစ်ကောင်ကဲ့သို့ အနည်းငယ်ရှည်ထွက်နေသည်။ နဖူးမောက်မောက် နှာယောင်ကောက်ကောက်၊ ပါးစပ်ပြဲပုံမှာလည်း မျောက်ဝံမျက်နှာမျိုးပင် ဖြစ်သည်။

ယေဘူယျခြုံပြီး ပြောရလျှင်တော့ ဆိုနမ်ခမ်မှာ လူတွေနှင့်နေသော လူတစ်ယောက်ဟုပင်ဆိုသော်လည်း မျောက်ဝံ





သို့မဟုတ် နှင်းလူတစ်ကောင်နှင့် များစွာတူလှသော လူတစ်ယောက်ပင် ဖြစ်ပေတော့သည်။ ဆိုနမ်ခမ်၏ အမူအယာမှာ ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူတကွ သွားလာရမည်ကို သဘောမကျသော အမူအယာမျိုးဖြင့် စိုက်ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအမူအယာကို ရိပ်မိသော်လည်း မသိကျိုးကျွံပြုနေလေသည်။ ခရီးထွက်ရာတွင် သုံးယောက်စလုံး လမ်းပြအဖြစ်လိုက်ရန် ပြောဆိုပြီးသောအခါမှာတော့ မိချိုကိုကပြောလေသည်။

“ဆရာတို့ ခရီးထွက်ကာနီး လိုအပ်တာတွေလုပ်ရင် ကျွန်မလာလုပ်ပေးပါ့မယ်၊ ကျွန်မကိုခိုင်းပါ”

“ရပါတယ်၊ ငါတို့က ဒီနယ်သားတွေ မဟုတ်ကြတော့ မင်းတို့လိုနယ်ခံတွေကိုပဲ အားကိုးရမှာပါပဲ လိုတာရှိရင် ပြောပြပါ့မယ်”

ဟု ပြန်ပြောလိုက်သည်။ မိချိုကိုက ဒေါက်တာမင်းထင်ကျော် အနီးသို့လာရောက်ကာ ထိုကဲ့သို့ ရင်းရင်းနှီးနှီး ပြောဆိုနေသည်ကို ဆိုနမ်ခမ်က သဘောကျဟန်မတူပေ။

မကျေမနပ်ဖြစ်နေသော အမူအယာမျိုးဖြင့် မျက်မှောင်ကျုံ့ကာ စိုက်ကြည့်နေလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုအခြေအနေကို သတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၄)

# ဘဝမလှသော
# အပူတြချစ်သူ

မချိုကိုတို့နေသောနေရာမှာ အခြားနေထိုင်သူများနှင့် နီးသော တောစပ်တစ်နေရာတွင်ဖြစ်သည်။ ထိုနေရာတွင် တဲတစ်လုံး ဆောက်ပြီးနေကြခြင်းဖြစ်ပေသည်။ ၎င်းတို့အသက်မွေးဝမ်းကျောင်းပြုသော အလုပ်ကတော့ အမဲလိုက်ခြင်း၊ သီးနှံစိုက်ပျိုးခြင်းနှင့် တစ်ခါတစ်ရံ လမ်းပြလိုက်ပေးခြင်း စသောအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို လုပ်ကိုင်စားသောက်ကြသည်။

လမ်းပြအလုပ်ကတော့ ပုံမှန်ရသောအလုပ်မျိုး မဟုတ်ပေ။ တာရှိချောင်ဗန်းမြို့မှသော်လည်းကောင်း၊ ပွန်နက်ခါးမြို့မှသော်လည်းကောင်း၊ အခြားမြို့များမှ အမဲလိုက်လိုသူများ၊ အခြားပစ္စည်းများ ရှာဖွေရန် ရောက်လာသူများကို လမ်းပြလိုက်ပေးရခြင်းဖြစ်သည်။

အများဆုံးကတော့ သူတို့နေသော နေရာနှင့်နီးသော ပွန်နက်ခါးမြို့မှ လာကြခြင်းဖြစ်သည်။ သို့သော်လည်း လမ်းပြပေးသော အလုပ်နှင့်တော့ မစားလောက်သဖြင့် အမဲလိုက်ခြင်းနှင့် သီးနှံစိုက်ပျိုးခြင်းအလုပ်များကိုပါ လုပ်ကိုင်စားသောက် ကြရလေသည်။

မီချိုကို ငယ်ရွယ်စဉ်ကပင် မိဘများမရှိတော့သဖြင့် အဘိုးဖြစ်သူ ဒန်ဒိုဂျိုက ပြုစုစောင့်ရှောက်ပေးခဲ့ရလေသည်။ ယခုအခါကတော့ မီချိုကိုတို့ မြေးအဖိုးနှစ်ယောက်သာ ရှိကြလေသည်။

နောက်တော့ ဆိုနမ်ခမ်ရောက်လာလေသည်။ ဆိုနမ်ခမ်မှာ ဘယ်အရပ်ဒေသမှ ဘယ်လိုဘယ်ပုံရောက်လာသည်ကိုတော့ သူတို့မသိကြပေ။ သို့သော် ဆိုနမ်ခမ်ရောက်လာခြင်းအတွက်တော့ သူတို့မြေးအဖိုးအတွက် အားကိုးတစ်ခုရခဲ့လေသည်။

ရောက်လာစက ဆိုနမ်ခမ်မှာ အသက်(၂၀)ဝန်းကျင်အရွယ်ပင် ရှိပေသေးသည်။ သို့သော် နှင်းလူတစ်ယောက်ကဲ့သို့





ကြဲ့ခိုင်သန်စွမ်းသူဖြစ်သောကြောင့် တောထဲ၌သော်လည်းကောင်း၊ အလုပ်ကြမ်းများ လုပ်ရာ၌သော်လည်းကောင်း များစွာအားကိုးရသူဖြစ်သည်။ တောထဲတွင် အမဲလိုက်သောအခါ နှင်းလူတစ်ယောက်ကဲ့သို့ လျှင်မြန်ဖျတ်လပ်မှုရှိပြီး သားကောင်ဖမ်းဆီးရာမှာလည်း များစွာကျွမ်းကျင်လှသူ ဖြစ်သည်။

တော်ရုံကြီးသော သားကောင်ကို လက်နက်မလိုပဲ လက်ချည်းသက်သက်ဖြင့် ဖမ်းဆီးနိုင်သူဖြစ်သည်။ ထို့ကြောင့် ဆိုနမ်ခမ်ရောက်လာသော အချိန်မှစပြီး သူပါသော့နေ့တိုင်း အမဲသားငါးမရပဲ ရောက်လာသည်မျိုး မရှိခဲ့ပေ။

ထို့ပြင် လမ်းပြလိုက်သောအခါမှာလည်း သွားလိုသောနေရာများကို လွယ်လင့်တကူ ရောက်နိုင်လေသည်။ ဘယ်လောက်မြင့်သော တောင်ပေါ်တက်သည်ဖြစ်စေ၊ နက်ရှိုင်းသော တောနက်များထဲသို့ သွားရောက်ရသည့်အခါမျိုးဖြစ်စေ သူသာလမ်းပြပေးရလျှင် ဘယ်သောအခါမှ လမ်းမှားသည်မျိုး မရှိခဲ့ပေ။

တောထဲတွင် နှင်းလူတစ်ယောက်ကဲ့သို့ အားကိုးရသောကြောင့် အဘိုးကြီး ဒန်ဒိုဂျိုနှင့် ဒန်ဒိုဂျိုနှင့် မီချိုကိုတို့က သူ့ကိုနာမည်ပင် မခေါ်ကြပဲ 'ယက်တီ'ဟုပင် အလွယ်ခေါ်ကြလေသည်။ 'ယက်တီ'ဆိုသည်မှာ တောတွင်းလူသားဟုပင် အဓိပ္ပာယ်ရလေသည်။ ဆိုနမ်ခမ်က တောထဲမှာသာ အားကိုးရသည် မဟုတ်ပေ။

အိမ်မှာနေလျှင်လည်း ရေခပ်၊ ထင်းရှာ၊ စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ယောက်တည်း လုပ်ပေးနိုင်သူဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဘိုးကြီးဒန်ဒိုဂျီက တူသားတစ်ယောက်လို ခင်မင်မှုရှိလေသည်။ ယက်တီတစ်ယောက် မီချိုကိုတို့နေရာရောက်လာသည်မှာ ငါးနှစ်ကျော်ခန့် အချိန်ကြာခဲ့ပေသည်။ ယက်တီတစ်ယောက် သူတို့ဆီရောက်လာစဉ်က မီချိုကိုပင် အရွယ်မရောက်သေးပေ။

ယခုတော့ မီချိုကိုလည်း အရွယ်ရောက်လာခဲ့ပေပြီ။ မီချိုကိုက ရုပ်ရည်ချောသည့်အပြင် လုပသူတစ်ဦး ဖြစ်ပေသည်။ ထို့ကြောင့် ယက်တီက ကျိတ်ပြီးသဘောကျနေလေသည်။ ရုပ်ရည်ချင်း ယှဉ်လျှင်တော့ သူတို့နှစ်ယောက်က အတော်ကွာခြားသည်။

သို့သော်လည်း နှစ်အတော်ကြာအောင် အနေနီးခဲ့သောကြောင့်လည်း ယက်တီက ကျိတ်ပြီး သံယောဇဉ်တွယ်နေခြင်းဖြစ်ပေသည်။ ထိုသံယောဇဉ်ကြောင့်ပင် မျှော်လင့်ချက်တစ်ခုဖြင့် အန္တာတာခံကာသူတို့နှင့်အတူ နေလာခဲ့ခြင်း ဖြစ်သည်။ အဘိုးကြီး ဒန်ဒိုဂျီကတော့ ထိုအခြေအနေကို အကဲခတ်မိသော်လည်း ဘာမှထွေထွေထူးထူး ဝင်ရောက်ပြောဆိုခြင်းမျိုး မရှိခဲ့ပေ။

မီချိုကိုကတော့ ယက်တီအပေါ်မှာ စိတ်ဝင်စားခြင်း မရှိပေ။ သူမအနေဖြင့် ယက်တီ၏အခြေအနေကို ရိပ်မိတန်သလောက် ရိပ်မိသော်လည်း မသိကျိုးကျွန်သာ ပြုနေလေသည်။ ယက်တီကလည်း သူသာမရသေးသော်လည်း မီချိုကိုကို တခြားလူများ လာရောက်ချဉ်းကပ်သည်ကိုတော့ မနှစ်သက်ပေ။





ရောရောနှောနှော ပြောဆိုနေထိုင်သည်ကိုလည်း သဘောမကျပေ။ သူမရလျှင်လည်း မီချိုကိုကို ဒီအတိုင်းသာ ရှိနေစေချင်သည်။ အခြားသူများနောက် ပါသွားမည်ကိုတော့ မလိုလားပေ။ ဝေပုလရွာထဲတွင် မီချိုကိုအား စိတ်ဝင်စားသော လူပျိုလူရွယ်များ ရှိကြသည်။

ထို့ကြောင့် ချဉ်းကပ်မှုများပြုလုပ်သည်မျိုးရှိသည်။ သို့ဆိုလျှင်တော့ တစ်နည်းနည်းနှင့်ယက်တီ၏ ရန်ရှာခြင်းကို ခံကြရလေသည်။ ထိုသို့ရန်ရှာခံရသဖြင့် ရှေ့ဆက်မတိုးဝံ့ကြတော့ပေ။ မီချိုကိုမှာ ယက္ခဂုမ္ဘာက် စောင့်ကြပ်နေသော ပန်းတစ်ပွင့်ကဲ့သို့ ဖြစ်နေတော့သည်။

ထိုသို့ဖြစ်သော်လည်း မီချိုကို ကိုယ်တိုင်ကလည်း စိတ်ထဲမှ နှစ်သက်သူမတွေ့ရသေးသောကြောင့် အေးအေးပင် နေခဲ့လေသည်။ ယခုလည်း ဇမုန်းထန်တို့အိမ်မှ ပြန်ရောက်လာတည်းက ယက်တီတစ်ယောက် ဘယ်သူကိုမှ စကားမပြောတော့ပဲ အပြင်ဘက်မှာ ထွက်ထိုင်နေလေသည်။

ထိုအခြေအနေကို ရိပ်မိသဖြင့် မီချိုကို အနားသို့သွားကာမေးသည်။

"နင် ဘာဖြစ်နေတာလဲ ယက်တီ"

ယက်တီက ဘာမှပြန်မပြောပဲ အဝေးသို့သာ လှမ်းကြည့်နေလေသည်။

"ပြောလေ နင်ဘာဖြစ်နေတာလဲ"

"ငါ ဟိုလူတွေနဲ့အတူတူ ခရီးထွက်တာ သဘောမကျ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဘာဖြစ်လို့လဲ"

"နင်နဲ့တခြားလူတွေ ရောရောနှောနှော နေတာကို ငါသဘောမကျဘူး"

"ငါက ဘယ်သူနဲ့ရောနေလို့လဲ၊ ဒါက ငွေရဖို့ အလုပ်လုပ်ကြတာပဲ မဟုတ်လား"

"ငွေရဖို့လုပ်တာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် နင်မပါပဲ ငါတို့ချည်းသွားလို့ မဖြစ်ဖူးလား"

"ငါက တစ်ယောက်တည်း ဘယ်မှာနေခဲ့ရမှာလဲ၊ အဘကရော ဒီလိုထားခဲ့မှာလား"

"ဘာပဲဖြစ်ဖြစ် နင့်ကိုတခြားလူတွေနဲ့ ရောရောနှောနှော နေတာကို ငါမကြိုက်ဘူး"

"နေစမ်းပါဦး နင်ကငါ့ကို ပိုင်စိုးပိုင်နင်း ချုပ်ချယ်နေရအောင် နင်နဲ့ငါနဲ့က ဘယ်လိုများ ပတ်သက်နေလို့လဲ၊ နင့်သဘောနဲ့နင် ငါတို့နဲ့ လာနေတာမဟုတ်လား"

ထိုကဲ့သို့ လေသံမာမာဖြင့် ပြောလိုက်သောအခါ မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ငါပြောမယ် ယက်တီ၊ ငါ့မိဘတွေမရှိတော့တဲ့ နောက်ပိုင်းမှာ ငါ့ကို အဘပဲပိုင်တယ်၊ အဘပြောတဲ့စကားကိုပဲ ငါနားထောင်မယ်၊ တခြားလူတွေပြောတာတွေကို ငါစိတ်မဝင်စားဘူး နင်မလိုက်ချင်ရင် ဒီမှာနေချင်နေခဲ့၊ ငါကတော့ ငါ့အဘသွားတဲ့နေရာကို လိုက်ရှာမှာပဲ"





ဟု ပြောလိုက်ရာ ယက်တီလည်း ဒေါသဖြစ်သွားသော အမူအယာဖြင့် တစ်ချက်မော့ကြည့်ကာ နေရာမှထသွားလေတော့သည်။ မိချိုကိုကတော့ ယက်တီတစ်ယောက် ထိုကဲ့သို့ ဖြစ်သွားသော်လည်း ဂရုမစိုက်ပေ။ အဘယ်ကြောင့်ဆိုသော် ယက်တီမှာ သူမနှင့်ပတ်သက်လာလျှင် ထိုကဲ့သို့ပင် သဝန်တိုတတ်သောကြောင့် ဖြစ်သည်။

သူမစိတ်ထဲမှာတော့ သူမတို့နယ်သားများနှင့်မတူပဲ ယောကျ်ားပီသပြီး ဥပဓိရုပ်ကောင်းသော ဒေါက်တာမင်းထင်ကျော်တို့နှင့် အတူတွဲပြီး ခရီးသွားလာရမည်ကို ပျော်ရွှင်နေမိပေသည်။ နောက်ရက်မှာတော့ ခရီးမထွက်ခင် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် ပွန်နက်ခါးမြို့သို့ သွားကြရန် ပြင်လေသည်။

ထိုခရီးမှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်သာ သွားကြမည်ဖြစ်ပြီး မိချိုကိုကိုပါ ခေါ်သွားကြလေသည်။ မိချိုကိုကိုခေါ်သွားကြခြင်းမှာ လမ်းပြပေးနိုင်သာမကပဲ စကားပြန်အတွက်ပါ ရည်ရွယ်ပြီး ခေါ်သွားကြခြင်းဖြစ်ပေသည်။

မိချိုကိုကလည်း ထိုကဲ့သို့လိုက်ခွင့်ရသောကြောင့် ပျော်ရွှင်နေလေသည်။ မိချိုကို လိုက်သွားသောကြောင့် ဘဝင်မကျဖြစ်နေသူမှာ ယေတီဟုခေါ်သော ဆိုနမ်ခမ်ပင် ဖြစ်ပေတော့သည်။ အဘယ်ကြောင့်ဆိုသော် သူက မိချိုကိုကို မျက်စိအောက်မှ အပျောက်မခံချင်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆိုင်လည်းမဆိုင်၊ ပိုင်လည်းမပိုင်သောဘာ မျိုးဖြစ်သဖြင့် တားပိုင်ခွင့်တော့လည်း သူ့မှာမရှိပေ။ ဒေါက်တာ မင်းထင်ကျော်ကတော့ မီချီကိုကို ခေါ်သွားခြင်းမှာ ဘယ်လို ရည်ရွယ်ချက်မှတော့ မရှိပေ။ သွက်သွက်လက်လက်နှင့် လမ်း ပေးရန်နှင့် လိုအပ်သောပစ္စည်းများ ဝယ်ယူသောအခါ စကား ပြန် ပြုလုပ်ပေးရန် အတွက်ပင်ဖြစ်သည်။

ပွန်နက်ခါးမြို့မှာ ဘူတန်နိုင်ငံ၏ ဆောင်းရာသီမြို့တော် ဟု သတ်မှတ်ထားပြီး ဝေပုလရွာမှသွားသောအခါ နေ့ဝက်ခန့် မျှသွားလျှင် ရောက်နိုင်လေသည်။ သို့သော်လည်း သီးခြား ဖောက်ထားသော လမ်းမျိုးမရှိပဲ တောတွင်းမှသော်လည်း ကောင်း၊ တောင်ကြောများပေါ်မှသော်လည်းကောင်း ဖြတ် ကျော်သွားကြရသည်။ ထိုနေရာများမှာတော့ ရွာသူရွာသားများ အသုံးပြုသော လူသွားလမ်းကလေးများ ရှိပေသည်။

သူတို့သုံးယောက်သည် နံနက်စောစောအချိန်မှပင် ရွာ မှထွက်သွားကြလေသည်။ အရေးအကြောင်းရှိပါက အသုံးပြုရန် သေနတ်တစ်လက်တော့ ပါလာလေသည်။

"မီချီကိုတို့က ဒီမှာနေတာကြာပြီလား"

"ကျွန်မတစ်သက်ဆိုပါတော့ ဆရာရယ်၊ ကျွန်မက မိဘ တွေ မရှိတော့ အဘနဲ့ပဲနေရတယ်"

"ဒါထက် ဆိုနမ်ခမ်ဆိုတဲ့ လူကရော မီချီကိုတို့နဲ့ ဘယ် လိုပတ်သက်တာလဲ"

"သူက ကျွန်မတို့ မြေးအဖိုးနဲ့တော့ ဘာမှမတော်ပါဘူး





အဘက သနားလို့ ခေါ်ထားတာပါ"

"သူရဲ့ မုံပန်းသဏ္ဌာန်က တစ်မျိုးပဲနော်"

"ဟုတ်တယ်၊ ရုတ်တရက်ကြည့်ရင် နှင်းလူနဲ့တူတယ်၊ ဒါကြောင့် ကျွန်မတို့က သူ့ကိုနာမည် မခေါ်ပဲ ယေတီလို့ပဲ ခေါ် ကြတယ်"

"ယေတီဆိုတာ"

"တောတွင်းလူသားလို့ အဓိပ္ပာယ်ရပါတယ်"

"ဒေါက်တာမင်းထင်ကျော်က ထိုအကြောင်းကို ဆက် မမေးတော့ပေ"

နံနက်စောစောအချိန် နှင်းများမကွဲသေးခင် ခရီးသွား ကြရသဖြင့် ပင်ပန်းခြင်းတော့ သိပ်မရှိလှပေ။ သို့သော် မြင်ကွင်း ရှင်းသောနေရာမျိုးမှာ သွားလာကြရသောကြောင့် သတိတော့ ထားနေရသည်။ သူတို့နှစ်ယောက်က စကားတပြောပြောနှင့် လျှောက်လာကြရာ ဦးဇန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း နှင့် မနီးမဝေးမှ လိုက်လာလေသည်။

"ဒါထက်ဆရာ နာမည်က ဘယ်သူလဲဟင်"

"ငါ့နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်တယ်၊ နောက်ကလိုက်လာတာက ဦးဇန်ကောင်းလို့ခေါ်တယ်၊ ငါတို့က ဗမာလူမျိုးတွေပါ၊ ဗမာပြည်ကလာကြတာ၊ မင်းရောက်ဖူးသ လား"

"ဟင့်အင်း၊ တစ်ခါမှမရောက်ဖူးပါဘူး၊ ဒီနေရာတဝိုက်ပြီး လည်း ဘယ်နေရာမှ မသွားဖူး၊ မလာဖူးပါဘူး၊ ဗမာပြည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မြေပြန့်တွေ လယ်ကွင်းတွေ မြစ်ချောင်းတွေအများကြီးရှိတဲ့ နေရာကိုပြောတာ မဟုတ်လား"

"ဟုတ်တယ်၊ ဒီက ငါတို့ပြန်ရင်လိုက်ခဲ့ပါလား"

"အဘပါရင်တော့ ဘယ်နေရာမဆို လိုက်ဝံ့ပါတယ်"

ဟု ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောလေသည်။

စကားတပြောပြောနှင့် သွားကြရာ နေ့လည်ပိုင်းအချိန်တွင် ပွန်နက်ခါးမြို့သို့ ရောက်သွားကြလေသည်။ ပွန်နက်ခါးမြို့မှာ စည်ကားသောမြို့တစ်မြို့ အဖြစ်သတ်မှတ်ထားသော်လည်း လူဦးရေများများစားစား ရှိသည်တော့ မဟုတ်ပေ။

အများအားဖြင့် တိဗက်၊ နီပေါ စသည့်လူမျိုးများကို အများဆုံးတွေ့ရပြီး အိန္ဒိယလူမျိုးအချို့လည်း ရှိကြသည်။ မြို့လည်တစ်ဝိုက်မှာတော့ တိုက်တာများရှိပြီး အခြားနေရာများမှာတော့ လူမထူထပ်လှပေ။ (၁၉၅၀)ခုနှစ်လောက်က ဘူတန်တစ်နိုင်ငံလုံးတွင် နေထိုင်သူလူဦးရေ နှစ်သိန်းကျော်ခန့်ပင်ရှိရာ မြို့တစ်မြို့တွင် နေသောလူဦးရေမှာ ထောင်ဂဏန်း၊ သောင်းဂဏန်းလောက်သာ ရှိပေသည်။

တိဗက်နှင့် နယ်မြေချင်း ထိစပ်နေသောကြောင့် လူတို့၏ပုံပန်းသဏ္ဍာန်နှင့် ဝတ်စားဆင်ယင်ပုံတို့မှာ တိဗက်လူမျိုးများနှင့် အတော်ပင်ဆင်တူကြလေသည်။ ဈေးနှင့်နီးသော နေရာများမှာတော့ ဒေသခံများ လာရောက်ရောင်းချသော ပစ္စည်းများတွေ့ရသည်။ ဆန်၊ ဂျုံ၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်များ၊ အသား၊ ငါးများ၊ နို့ဖြင့်ပြုလုပ်ထားသော ပစ္စည်းများ ချည်ကြမ်းဖြင့် ပြုလုပ်ထားသောအဝတ်များ၊ ပိုးသားဖြင့် ပြုလုပ်ထားသော အဝတ်အထည်မျိုးစုံတို့ကို တွေ့ရသည်။





ထို့ပြင် သစ်တောထွက်ပစ္စည်းများဖြစ်သော ပျားရည်စသော ဆေးဖက်ဝင်ပစ္စည်းများလည်း တွေ့ရသည်။ တောင်မြင့်ကြီးများပေါ်၌သာ ရှာဖွေရနိုင်သော ခန်းတောက်မြစ်၊ မချစ်ဥအပါအဝင် ရှားပါးသော ဂမုန်းပင်များပါ တွေ့ကြရသည်။

ထိုဈေးတန်းရောက်တော့ ဦးဇန်ကောင်းက သူတို့အလိုရှိသော ကျော်လေးကျော်၊ မှော်လေးမှော် စာရင်းဝင် ဆေးဖက်ဝင် ပစ္စည်းများပါလေနိုးဖြင့် လိုက်လံကြည့်ရှု နေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်နှင့် မီချိုကိုတို့ကတော့ ဈေးတန်းထဲသို့ဝင်ပြီး ခရီးထွက်ရာတွင် အသုံးလိုမည့်ပစ္စည်းများကို ဝင်ရောက်ဝယ်ယူကြလေသည်။ ဆရာကြီး သူရဋ္ဌမှာလိုက်သော ဆေးတံသောက်ဆေးကောင်းကောင်းလည်း ထိုဈေး၌ပင် ရလေသည်။ ဒေါက်တာမင်းထင်ကျော်က မီချိုကိုအတွက် အဝတ်အစား အသုံးအဆောင်များ ဝယ်ပေးရာ မျက်လုံးအဝိုင်းသားဖြင့် များစွာ အံ့ဩနေလေသည်။

"များလှချည်လား၊ ကျွန်မဘဝမှာ တစ်ခါမှအဲသည်လို မရခဲ့ဖူးဘူး"

"ယူသာယူပါ၊ ခရီးထွက်တော့ အသုံးပြုလို့ရတာပေါ့၊ မင်းအဘအတွက်လည်း လိုတဲ့ပစ္စည်းတွေ တစ်ခါတည်းယူပါ၊ နောက်ပြီး ယေတီအတွက်လည်း"

"သူကတော့ ဆရာက စေတနာနဲ့ဝယ်ပေးလည်း ယူမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး”

ဟု မီချိုက ပြောလေသည်။

နေ့လည်ဘက်ရောက်တော့ လိုသောပစ္စည်းများ စုံလင်အောင် ဝယ်ယူပြီးနောက် လမ်း၌ အဆာပြေစားသောက်ရန်အတွက် အစားအသောက်များ ဝယ်ယူပြီး ပွန်နက်ခါးမြို့မှ ပြန်ထွက်ခဲ့ကြလေသည်။

အပြန်ခရီးမှာတော့ မီချို၏အမူအယာမှာ အလာတုန်းကနှင့်ပင် မတူတော့ပေ။ မျက်နှာအမူအယာမှာ အတော်ပင် ပျော်ရွှင်တက်ကြွနေပေတော့သည်။ ညနေပိုင်းအချိန်ရောက်တော့ မြို့နယ်နိမိတ်မှ ကျော်လွန်ပြီး ဝေပုလရွာနယ်နိမိတ်ရှိရာဘက်သို့ ပြန်ရောက်လာကြလေသည်။

ညနေပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် နေရောင်ခြည် မတွေ့ရတော့ပဲ သူတို့ဖြတ်သွားသော သစ်တောတွင်းမှာ အလင်းရောင်ပျောက်စပြုနေချေပြီ။ တစ်နေရာရောက်တော့ ဦးဗန်ကောင်းက ရပ်တံ့ပြီး သတိပေးလေသည်။

“မောင်ထင်ကျော် ကျုပ်တို့နောက်က တစ်ယောက်ယောက်လိုက်လာသလိုပဲ၊ အရိပ်အယောင်တွေ့ရတယ်”

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်ကရပ်ပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ တောက ပိန်းပိတ်နေသော တောမျိုးမဟုတ်ပဲ တောခြေရှင်းနေလေသည်။ မျက်စိနှင့်လှမ်းမြင်နေရသော နေရာတစ်ဝိုက်မှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။





ထိုအခြေအနေကြောင့် စောစောကကြည်လင်ရွှင်ပျနေသော မီချိုကို မျက်နှာလေးမှာ တမဟုတ်ချင်း ညှိုးကျသွားလေတော့သည်။ စိုးရိမ်ထိတ်လန့်သော အမူအယာမျိုးဖြင့် ပတ်ဝန်းကျင်ကို ကြီးကန်းတောင်းမှောက် ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ အရေးအကြောင်းရှိလျှင် အသုံးပြုရန်အတွက် သေနတ်ကို အဆင်သင့်ပြင်ထားလေသည်။ သို့သော် အခြေအနေက သူတို့ထင်သလို မဟုတ်ပဲ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ရှေ့သို့ခရီးဆက်သွားကြလေသည်။ နေဝင်ကာနီး အချိန်မှာတော့ ရွာသို့ ချောချောမောမော ပြန်ရောက်သွားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၅)

# ပိဋကရှိသော ဆေးပင်များ

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်လည်း ဝေပုလရွာသို့ရောက်ပြီး တစ်ရက်၊ နှစ်ရက် အနားယူကြပြီးသော အခါမှာ ခရီးထွက်ကြရန် အဆင်သင့်ပြင်ပြီးကြလေပြီ။ လက်နက် ရိက္ခာနှင့် အခြားပစ္စည်းကိရိယာများ စုဆောင်းပြီးရုံမကပဲ လမ်း ပြပေးမည့်သူများပင် ရရှိထားကြပြီးသည်မို့ များစွာအဆင်ပြေ သည်ဟု ဆိုရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာမှာတော့ အဆင်မပြေတာတစ်ခုပဲ ရှိသည်။ အခြားမဟုတ်ပေ။ ယေတီဟုခေါ်သော ဆိုနမ်ခမ်နှင့် ပတ်သက်သည့်ကိစ္စပင် ဖြစ်သည်။ တဖြည်းဖြည်းနှင့် ရက်ကြာလာသောအခါမှာ ၎င်းနှင့်ပတ်သက်သည့်အကြောင်းများကို သိတန်သလောက် သိလာရလေသည်။ ယေတီသည် ရုပ်ကြမ်းသော်လည်း သံယောဇဉ်ကြီးတတ်သူဖြစ်သည်။

တစ်ခါတစ်ရံ စိတ်ကြမ်းလူကြမ်းဖြစ်တတ်သော်လည်း ပင်ကိုယ်က စိတ်သဘောမဆိုးလှပေ။ မီချီကိုတို့ မြေအဖိုးထံမှာ အနှံ့တာခံပြီးနေခြင်းမှာ မီချီကိုအပေါ် သံယောဇဉ်ရှိနေသောကြောင့် ဖြစ်သည်။ ယေတီ၏ထူးခြားမှုမှာ တောတောင်များနှင့် ပတ်သက်လျှင် များစွာကျွမ်းကျင်လှခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ယေတီမှာ သူတို့ခရီးစဉ်အတွက် များစွာအသုံးဝင်မည့် သူတစ်ယောက်ဖြစ်မှန်း ရိပ်မိလေသည်။ တစ်ခုတော့ရှိသည်။ သူတို့နှင့်သွားလာနေစဉ်မှာတော့ မီချီကိုနှင့် ရင်းရင်းနှီးနှီး မနေမိရန်တော့ သတိထားရသည်။ ထိုသို့နေလျှင်တော့ ယေတီက လုံးဝသဘောမကျပေ။

ဘာမှမပြောသော်လည်း တစ်နေရာမှ မကျေမနပ်ဖြင့် ကြည့်နေတတ်လေသည်။ တကယ်တော့ ထိုကိစ္စမှလွဲပြီး ယေတီသည် သူတို့အတွက် များစွာအားကိုးရသည့် လမ်းပြတစ်ယောက်ဖြစ်ပေသည်။ ခရီးလမ်းကျွမ်းကျင်သည်သာမက တောတောင်နှင့် ပတ်သက်သည့် လျှို့ဝှက်ချက်များကိုလည်း ကျွမ်းကျင်လှပေသည်။





ဘယ်နေရာမှာ ဘယ်ဆေးပင် ရှိသည်ကိုပင် သိသူဖြစ်သည်။ အားလုံးပြင်ဆင်ပြီးသောအခါ ခရီးစတင်ထွက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်းတို့က သုံးယောက်ဖြစ်သည်။ လမ်းပြအဖြစ် လိုက်လာကြသူများတော့ အဘိုးကြီး ဒန်ဒိုဂျီ၊ မီချီကိုနှင့် ယေတီဟုခေါ်သော ဆိုနမ်ခမ်တို့ သုံးယောက်ဖြစ်သည်။

တကယ်တမ်း တောထဲရောက်သောအခါ ယေတီကပင် အစစအရာရာ ဦးဆောင်စီစဉ်လေသည်။ သူက မီချီကိုနှင့် မပတ်သက်သောအချိန်များတွင် တကယ်ကို အားကိုးရသော လူကောင်းတစ်ယောက်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်ကလည်း ထိုအခြေအနေကိုသိသဖြင့် မီချီကိုနှင့် ရင်းရင်းနှီးနှီး မနေပဲ ပုံမှန်သာ ဆက်ဆံလေသည်။

ခရီးထွက်တော့ အဘိုးကြီး ဒန်ဒိုဂျီက လမ်းပြခေါင်းဆောင်ဖြစ်သော်လည်း ယေတီကပင် ဦးဆောင်လမ်းပြကာ သွားလေသည်။ လမ်းတစ်နေရာရောက်တော့ ယေတီကမေးသည်။

"ဆရာတို့က ဘယ်နေရာသွားချင်တာလဲ၊ ဘာလိုချင်တာလဲ"

ထိုသို့မေးသောအခါ ဆရာကြီး သူရဋ္ဌကပြောသည်။

"ငါတို့လာတဲ့ ရည်ရွယ်ချက်က ဘူတန်တောင်တန်းတွေပေါ်မှာ ဆေးပင်တွေနဲ့ ကျောက်တွေ ရှာဖွေဖို့လာကြတာပဲ"

"ဘယ်လိုဆေးပင်တွေ လိုချင်တာလဲ"

"ကျော်လေးကျော်လို့ခေါ်တဲ့ ဆေးပင်လေးမျိုးပဲတော့



www.burmeseclassic.com

www.burmeseclassic.com



လုံးကျော်ဆေးပင်၊ နလင်ကျော်ဆေးပင်လေးမျိုး ရှာချင်တယ်"

"ဆရာကြီးတို့ လိုချင်တဲ့ဆေးပင်တွေက ဒီဘက်တောင်တန်းတွေမှာ မရနိုင်ဘူး၊ ဒီဘက်တောင်တန်းတွေမှာ ဘာမန်ဆေးပင်တွေလောက်ပဲ ရနိုင်တယ်"

"ဒါဖြင့် ဘယ်နေရာမှာ ရှာမှရနိုင်မလဲ"

"နဝင်္ဂတောင်တန်းတွေဘက်ကို သွားရှာမှရနိုင်တယ်"

"နဝင်္ဂတောင်တန်းတွေက ဘယ်မှာရှိတာလဲ"

"ဒီကနေ အနောက်ဘက်စူးစူးကို နှစ်ညအိပ်လောက်သွားမှ ရောက်နိုင်မယ်"

"မင်းက အဲဒီနေရာတွေ ရောက်ဖူးသလား"

"ရောက်ဖူးပါတယ်၊ ဆေးပင်တွေ ရအောင်ဘယ်လို ရှာရမယ်ဆိုတာလည်း သိပါတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ များစွာဝမ်းသာအားတက်သွားကြလေသည်။

"နဝင်္ဂတောင်တန်းတွေက ဘယ်လိုထူးခြားမှုရှိသလဲ"

ဒေါက်တာမင်းထင်ကျော်က ဝင်မေးလိုက်သည်။

"တောင်စဉ်ကိုးလုံး တစ်တန်းတည်းရှိတယ်၊ နယ်မြေကြမ်းလို့ ဘယ်သူမှ သိပ်မသွားဝံ့ကြဘူး"

"ဘယ်လိုကြမ်းတာလဲ"

"ဒီဘက်တောထဲမှာ နှင်းလူတွေရှိတယ်၊ ဟိုဘက်တောတွေမှာ နှင်းလူတွေထက်ပိုပြီး ထူးဆန်းတဲ့ သတ္တဝါတွေ၊ ကြောက်ဖို့ကောင်းတဲ့သတ္တဝါတွေ ရှိကြတယ်"





"ထူးဆန်းတဲ့ သတ္တဝါမျိုးဆိုတာ ဘယ်လိုသတ္တဝါမျိုးတွေလဲ ပြောပါဦး"

ယေတီက အတော်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ကျုပ်လည်း သေသေချာချာတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ဒီဘက်တောတွေမှာ တွေ့ရတဲ့ သာမန်တိရစ္ဆာန်မျိုးတွေနဲ့တော့ မတူဘူး၊ နောက်ပြီး. . ."

ဟု ပြောပြီး စကားကိုရပ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို ကြည့်နေလေသည်။ ယေတီအမူအယာက သူပြောနေသော စကားကိုရှေ့ဆက်ပြောသင့်မပြောသင့် စဉ်းစားနေဟန်ရှိလေသည်။

"ဆက်ပြောပါဦး"

"နဝင်္ဂတောင်တန်းတစ်နေရာမှာ ရွာတစ်ရွာရှိတယ်၊ ဗုန်းကဝေ ပညာတတ်တဲ့ သူတွေချည်းနေကြတဲ့ ကဝေကိုးမှော်ရွာရှိတယ်"

ယေတီက ထိုစကားကို စိုးရိမ်ထိတ်လန့်နေသော အမူအယာဖြင့် ပြောနေခြင်းဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်က များစွာစိတ်ဝင်စားမှုရှိကြသဖြင့် စကားဖြတ်မမေးတော့ပဲ နားထောင်နေကြလေသည်။

"အဲဒီရွာမှာ ပညာရှင်သခင်မကြီး ဒေါ်မင်းဇာနေတဲ့ ကဝေမှော်စံအိမ်လည်း ရှိတယ်၊ သူတို့က သူတို့နေတဲ့နေရာတွေဘက်ကို တခြားလူတွေလာတာ လုံးဝမကြိုက်ဘူး၊ ဒါကြောင့်ရောက်သွားတဲ့လူတွေကို ကြောက်စရာကောင်းတဲ့ မိစ္ဆာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်သတ်လေ့ရှိတယ်၊ ဒါကြောင့် ဘူတန်နယ်တစ်ဝိုက်မှာ ရှိကြတဲ့ လူတွေကတော့ အဲဒီနယ်ဘက်တွေကို အကြောင်းကိစ္စမရှိပဲနဲ့ မသွားဝံ့ကြဘူး"

ဟု ပြောပြလေသည်။

ထိုစကားကြားသောအခါ ဆရာကြီးသူရဇ္ဇက သက်ပြင်းတစ်ချက် ချလိုက်သည်။ သို့သော် ထိုအကြောင်းကို ဆက်မမေးတော့ပဲ သူသိချင်သောအကြောင်းကိုသာ မေးလေသည်။

"ဒါထက် မင်းပြောတဲ့ နဝင်တောင်တန်းတွေဘက်မှာ ငါတို့လိုချင်တဲ့ဆေးပင်တွေ ရနိုင်တယ်ဆိုတော့ ဝမ်းသာစရာပဲ၊ ဒ့်အပြင် ငါတို့လိုချင်တဲ့ တခြားဆေးဖက်ဝင်ပစ္စည်းတွေလည်း ရှိသေးတယ် ယေတီရဲ့"

"ဘာတွေများလည်း ဆရာကြီး"

"သေလာလေးမှော်လို့ခေါ်တဲ့ ကျောက်လေးမျိုးပဲ. . သုပဏ္ဏသေလာမှော်ကျောက်၊ ရဇတသေလာမှော်ကျောက်၊ လောဟသေလာမှော်ကျောက်၊ မဏိသေလာမှော်ကျောက်ဆိုတဲ့ ကျောက်လေးမျိုးပဲ"

"ဆရာကြီးပြောတဲ့ ကျောက်တွေကိုတော့ ကျွန်တော် သိပ်မသိပါဘူး၊ ဒါပေမယ့် နဝင်တောင်တန်းတွေဘက် ရောက်ရင်တော့ ဆရာကြီးတို့လိုချင်တဲ့ ကျောက်မျိုးစုံ တွေ့ရနိုင်ပါတယ်"

"ကောင်းတာပေါ့ကွယ်၊ ဒီလိုဆိုတော့လည်း မင်းပြောတဲ့ နဝင်တောင်တန်းတွေဘက်ရောက်အောင် သွားရမှာပေါ့၊ မင်းက လမ်းပြပေးနိုင်မယ် မဟုတ်လား"





"ကျုပ်ကတော့ လမ်းပြပေးနိုင်ပါတယ်၊ ဒါပေမယ့် သူတို့ရှိတဲ့ ပိုင်နက်နယ်မြေထဲအထိ သွားရမှာဖြစ်တော့ အဆင်ပြေပါ့လား၊ သူတို့သိသွားရင် လာသတ်မှာပဲ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ ယေတီရယ်၊ သူတို့ကရန်သူမဟုတ်ရင် ရန်မမူကြပါဘူး၊ တကယ်လို့ အကြောင်းမဲ့ရန်မူလာရင်လည်း ငါတို့မှာ ကာကွယ်နိုင်တဲ့ နည်းလမ်းတွေရှိပါတယ်"

ဟု ပြောလိုက်တော့မှ စိတ်သက်သာရာ ရသွားဟန်ရှိလေသည်။ ထို့နောက် ယေတီက သူတို့အနားမှ ထသွားပြီး တောထဲသို့ ဝင်သွားလေတော့သည်။ ဒေါက်တာမင်းထင်ကျော်တို့တတော့ မူလစခန်းချသော နေရာမှာပင် ကျန်ခဲ့ကြသည်။ ... မရှိတော့မှ ဦးဇန်ကောင်းက မေးလေသည်။

"သူပြောတာတွေကို ဆရာကြီး ဘယ်လိုသဘောရလဲ"

"ဖြစ်နိုင်ပါတယ်၊ ဒါမျိုးတွေက နေရာအနှံ့မှာ ရှိနေတာ ဘူတန်လို တောတောင်ထူထပ်ပြီး ဂမ္ဘီရဆန်တဲ့နေရာမျိုးတွေမှာ ရှိနေတာကတော့ မထူးဆန်းတော့ပါဘူး ဦးဇန်ကောင်းရယ်၊ အရေးကြီးတာက ကျုပ်တို့လိုချင်တဲ့ ဆေးပင်တွေ ကျောက်တွေရဖို့ပဲ အရေးကြီးပါတယ်"

"မှန်ပါတယ် ဆရာကြီး၊ နောက်ပြီး ယေတီက အဲဒီနေ... တွေအကြောင်းကို အတော်ကလေး သိနေပုံရတယ်၊ ဒါကြောင့်လည်း မထူးဆန်းပေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ထူးဆန်းတယ်လို့တော့ မဟုတ်ပါဘူး. . ၊ ယေတီက သာမန်လူတွေနဲ့မှ မတူတာ၊ အဲဒီဘက်က လူတွေနဲ့ ဆက်ဆံမှု ရှိချင်လည်း ရှိနေမှာပေါ့"

ဟု ဆရာကြီးသူရဇ္ဇက သူ၏ထင်မြင်ချက်ကို ပြောပြလေသည်။

"ဒါပေမယ့် ဒီခရီးမှာ သူပါလာတာကတော့ ကျွန်တော်တို့အတွက် အကျိုးရှိမယ်လို့ ထင်တာပဲ"

ဒေါက်တာမင်းထင်ကျော်ကပြောတော့ ဆရာကြီးသူရဇ္ဇက ပြန်ပြောသည်။

"ဒါကတော့ အရာဝတ္ထုတွေပဲဖြစ်ဖြစ်၊ တိရစ္ဆာန်တွေပဲဖြစ်ဖြစ်၊ လူတွေပဲဖြစ်ဖြစ်ပေါ့၊ ကိုယ်နဲ့သဟဇာတဖြစ်ရင် အကျိုးရှိတာပေါ့၊ သဟဇာတဖြစ်တဲ့အခါမှာတော့ အန္တရာယ်ရှိစေတာပေါ့၊ ဥပမာ. . မီးဆိုရင် သူကိုအဆင်ပြေအောင် အသုံးချရင် အတော့်ကို အကျိုးရှိစေတာပေါ့၊ အဆင်မပြေတော့လည်း အလောင်ခံရသလိုမျိုးပေါ့"

"မှန်ပါတယ် ဆရာကြီး၊ ဘယ်အရာမဆို သတိတော့ထားရမှာပါပဲ၊ ဒါထက် သူပြောတဲ့ နဝင်္ဂတောင်တန်းတွေ တက်ရောက်အောင် သွားဖို့ရော အစီအစဉ်ရှိပါသလား"

"ကျုပ်တို့အတွက်ကတော့ ဒီလိုခရီးမျိုးတွေ သွားလာနေကြရတာ ဘာများဆန်းမလဲ မောင်ထင်ကျော်ရယ်၊ ဗမာပြည်က နေဘူတန်နိုင်ငံရောက်အောင် ဟိမဝန္တာတောင်ထွန်းကြီးကို တောင်ကျော်ပြီး လာခဲ့ကြပြီးမှပဲ၊ နှစ်ညအိပ်ခရီးလောက်သာ





ဆေးတော့တဲ့ ထူးဆန်းတဲ့နေရာကို ရောက်အောင်မသွားသင့်ဘူးလား"

"ကျွန်တော်တို့ကတော့ ဆရာကြီးသွားမယ်ဆိုရင် ဘယ်နေရာသွားသွား မငြင်းပယ်ကြပါဘူး၊ ဒီခရီးစဉ်အတွက်လည်း စိတ်ဝင်စားမှုရှိပါတယ်"

ဟု ပြန်ပြောလိုက်လေသည်။ ထိုသို့ ပြောဆိုနေစဉ်မှာပင် တစ်ယောက်တည်း တောထဲဝင်သွားသော ယေတီ ပြန်ရောက်လာသည်။ သူနှင့်အတူပစ္စည်းအချို့နှင့် ဒရယ်တစ်ကောင်လည်း ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသောကြောင့် ယေတီရလာသောပစ္စည်းများကို သွားကြည့်လေသည်။ လွယ်အိတ်ကြီးတစ်လုံးနှင့်တူသော အိတ်ကြမ်းကြီးထဲမှာ ထည့်ယူလာသော ပစ္စည်းများမှာ အတော်ပင် အမျိုးအမည် စုံလင်လေသည်။ ဖက်ရွက်များဖြင့် ထုပ်ယူလာသော ပျားရည်မည့စ်ရသေးသော ပျားလပို့ တစ်ပိုင်းနှင့်အတူ၊ တောင်ပို့မှိုများ၊ မျှစ်စို့ပေါက်များလည်း ပါလာသည်။ ဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံးနေသော ဒရယ်မှာလည်း အကောင်အရွယ်အစား အတော်ကြီးသည်။

သူယူလာသောပစ္စည်းများမှာ တောထဲတွင် သွားလာနေကြသူများအတွက် အကောင်းဆုံး စားသောက်ဖွယ်ရာများဖြစ်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်က ယေတီတစ်ယောက် ထွက်သွားသောအချိန်နှင့် ပြန်ရောက်လာသောအချိန်



www.burmeseclassic.com

www.burmeseclassic.com



ကို တွက်ကြည့်နေသည်။

သူသွားသောအချိန်မှာ တစ်နာရီလောက်ပင် ရှိလိမ့်ဦးမည်။ ထိုအချိန်လောက်နှင့် ထိုမျှလောက် အမျိုးအမည်စုံလှသော အစားအသောက်များ ရလာအောင် ရှာဖွေယူလာနိုင်သည်ကတော့ အံ့ဩစရာပင် ဖြစ်သည်။

ထို့နောက်မှာတော့ ယေတီနှင့် မီချိုကိုတို့နှစ်ယောက်ကပင် ထိုအစားအသောက်များကို ချက်ပြုတ်ရန် လုပ်ကိုင်နေကြလေသည်။ ထိုကဲ့သို့ မီချိုကိုတစ်ယောက် သူ့နံဘေးတွင် အတူရှိနေသောအချိန်မှာတော့ ယေတီ၏ဟန်အမူအယာမှာ အရုပ်ဆိုးပြီး ခက်ထန်ကြမ်းတမ်းသော နှင်းလူတစ်ကောင်နှင့် သိပ်မတူတော့ပဲ နူးညံ့သိမ်မွေ့ပြီး ချစ်စရာကောင်းသော ပန်ဒါဝက်ဝံကလေးတစ်ကောင်နှင့်ပင် တူနေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သနားစရာကောင်းသော ယေတီရင်ထဲမှ ခံစားမှုအတွက် ဂရုဏာသက်မိလေသည်။ ထိုနေ့က ယေတီရှာဖွေပေးသော အစားအသောက်များကြောင့် ၎င်းတို့မှာပါလာသော ရိက္ခာများပင်မထုတ်ရပဲ ပြည့်စုံလုံလောက်စွာ စားသောက်ကြရသည်။

ပိုလျှံသော အသားများကိုလည်း မီးဖြင့်ခြောက်သွေ့အောင်ကင်ပြီး ထုပ်ပိုးယူလာကြသည်။ စားသောက်ပြီးတော့ ထိုနေရာမှ ခရီးထွက်ကြသည်။ လမ်းရောက်တော့ ဒေါက်တာမင်းထင်ကျော်က မေးသည်။

"မင်းသွားတာ သိပ်မကြာဘူး၊ ပျားရည်ရော ဒရယ်တစ်





ကောင်ပါရအောင် ဘယ်လိုများ ဖမ်းယူလာသလဲ"

ထိုစကားကြားတော့ ယေတီက တဟင်းဟင်းနှင့် ရယ်နေရာမှ ပြန်ပြောလေသည်။

"ပျားသလက်က ဝက်ဝံတစ်ကောင်စားပြီး ကျန်နေခဲ့တာကို ကောက်ယူခဲ့တာပါ၊ ဒရယ်ကလည်း ကျားကိုက်ခံရပြီး သေနေတဲ့ ဒရယ်ကို ရလို့ယူလာခဲ့တာပါ"

ဟု ပြန်ပြောလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူပြောသောအဖြေကို မယုံကြည်ပေ။ အဘယ်ကြောင့်ဆိုသော် ပျားအုံကိုဖွတ်၍ ပျားသလက်ကိုရပြီးမှ မစားပဲချထားခဲ့သော ဝက်ဝံ၊ သားကောင်ကို ဖမ်းမိပြီးမှ မစားပဲထားခဲ့သော ကျားဟူ၍ တောထဲ၌ မရှိသောကြောင့် ဖြစ်သည်။

တောနက်တစ်ခုသို့ ရောက်သောအခါ အဘိုးကြီး ဒန်ဒိုချီက ပြောသည်။

"ဆရာကြီး ဒီတောထဲမှာ ထူးဆန်းတဲ့ဆေးပင်တွေ အများကြီးရှိတယ်၊ ထူးဆန်းတဲ့ ဂမုန်းပင်တွေလည်း တွေ့ရလေ့ရှိတယ်၊ ဒီတောမှာ ခရီးတစ်ယောက်နားပြီး ရှာဖွေကြည့်သင့်တယ်"

ဟု ပြောသဖြင့် သင့်တော်သော ဂူတစ်ဂူအတွင်းသို့ ဝင်ရောက်စခန်းချပြီးနောက် တောတွင်းသို့ဝင်ကာ လိုချင်သော ဆေးပင်များကို ရှာဖွေကြရလေသည်။ အခြားဆေးပင်များက ဒီအတိုင်းပင် လိုက်ရှာ၍ ရနိုင်သော်လည်း တောလုံးကျော်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးပင်နှင့် တောင်လုံးကျော်ဆေးပင်ကတော့ အသံကို နားစွင့်ပြီးမှ လိုက်လံရှာကြရလေသည်။

တောင်လုံးကျော် ဆေးပင်ဖြစ်စေ၊ တောလုံးကျော်ဆေးပင်ဖြစ်စေ ၎င်းတို့ရှိသောနေရာမှ လူတွေကြားလောက်အောင် အသံပေးလေ့ရှိသည်။

"တောင်လုံးကျော်ရေ . . တောင်လုံးကျော်ရေ"

ဟု ခေါ်နေသော အသံမျိုးကြားရတတ်သည်။ အသံကြားရာသို့ သွားကြည့်လျှင်တော့ ဆေးပင်ကို မတွေ့ရတော့ပေ။ ထိုသို့မတွေ့သဖြင့် နာမည်ခေါ်ကြည့်လျှင် တောင်၏အခြားတစ်ဖက်မှ ခေါ်သံကြားရသည်။ အသံကြားရာသို့ သွားရှာလျှင် လူကဟိုဘက်ရောက်သောအခါ ဆေးပင်ကတောင်ကျော်ပြီး ဒီဘက်ပြန်ရောက်နေတတ်ပေသည်။

ထို့ကြောင့် 'တောင်လုံးကျော်' ဟုခေါ်ဝေါ်ကြပြီး ကျော်လေးကျော် စာရင်းဝင်နေခြင်းပင် ဖြစ်သည်။ ဆေးပင် ဆေးမြစ် ရှာဖွေရာတွင် ကျွမ်းကျင်သော ဆရာများကတော့ ထိုတောင်တွင် တောင်လုံးကျော် ဆေးပင်ရှိမှန်းသိပါက နှစ်ယောက်ခွဲပြီး ရှာဖွေကြသည်။

တစ်ယောက်က ဒီဘက်မှ အသံပေးလိုက်၍ ဆေးပင်က အခြားတစ်ဘက်သို့ ရွှေ့သွားပါက အခြားတစ်နေရာမှ စောင့်နေသောဆရာက ဆေးပင်ကိုတွေ့အောင် ရှာဖွေယူနိုင်ကြသည်။ တောလုံးကျော်ဆေးပင်လည်း ထိုအတိုင်းပင် ဖြစ်သည်။

၎င်းရှိသောနေရာမှ . . 'တောလုံးကျော်ရေ တောလုံးကျော်'ဟု ခေါ်နေသော အသံကိုကြားရသည်။ အသံကြားသဖြင့် ထိုနေရာသို့ သွားရှာသောအခါ အခြားတစ်နေရာသို့ ရွှေ့သွားသည်။ အခြားတစ်နေရာမှ အသံကြားရပြန်သည်။ ၎င်းဘယ်နေရာမှရှိသည်ကို သိလိုသဖြင့် ခေါ်ကြည့်လျှင်လည်း အသံပြန်ပေးလေ့ရှိသည်။





သို့သော် တစ်ခုတော့ရှိသည်။ ဆေးပင်ကို မရစေလိုသော အနှောက်အယှက်များက နေရာအနှံ့အပြားမှ အသံပေးကြသဖြင့် ဘယ်နေရာလိုက်ရှာရမှန်း မသိရသည်မျိုးနှင့်လည်း တွေ့ရတတ်သည်။ အစွမ်းသိဒ္ဓိရှိသော ဆေးပင်ပေါင်းများစွာ ရှိကြလေသည်။ ထိုဆေးပင်များကို အဓိဋ္ဌာန်မဝင်ပဲ သီလသမာဓိမရှိပါပဲနှင့် အလွယ်တကူလိုက်ရှာ၍ မရနိုင်ကြပေ။

တောလုံးကျော်၊ တောင်လုံးကျော်ဆေးပင်များကဲ့သို့ပင် နလင်ကျော်နှင့်၊ ရွှေရင်ကျော် ဆေးပင်တို့မှာလည်း သိဒ္ဓိရှိသော ဆေးပင်များစာရင်း၌ ပါဝင်ကြလေသည်။ သဇင်နီ ဆေးပင်ဆိုလျှင် သာမန်ဆေးပင်နှင့် မတူသဖြင့် သာမန်သဇင်ပင်များကဲ့သို့ အလွယ်တကူရှာမရနိုင်ပေ။

ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်စသော ဆေးပင်များ ဆိုလျှင်လည်း ဒီအတိုင်းပင် ဖြစ်ပေသည်။ ထို့ပြင် သိဒ္ဓိရှိသော ဆေးပင်များကို ရှာဖွေရာတွင် နေရာတိုင်းမှာ ရှာဖွေမတွေ့နိုင်ကြပေ။ မြေသန့်သောနေရာများ၌သာ ပေါက်ရောက်လေ့ရှိကြသည်။ ပုပ္ပားတောင်သည် သိဒ္ဓိရှိသော ဆေးပင်အများဆုံးတွေ့နိုင်သောနေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နေရာတိုင်းတော့ မတွေ့နိုင်ပေ။ နမူနာအနေဖြင့် ဂူ(၁၀)လုံးတွင်ပေါက်သော သိဒ္ဓိရှိသော ဆေးပင်(၁၀)မျိုးကို ဖော်ပြပေးပါမည်။

(၁) သေလဥ္ဇလဂူ၌ နေကြာပဘာယ ဆေးပင်ရှိသည်။
(၂) ပါမောက္ခဝိဇ္ဇာဂူ၌ ကဏ္ဍာသယဆေးပင်ရှိသည်။
(၃) ဈာနလာဘီဂူ၌ ဂမုန်းနက်ရှိသည်။
(၄) သောဏ္ဍာန္တရိဂူ၌ ကန့်ကျွတ်နက်ရှိသည်။
(၅) နီလဂန္ဓဂူ၌ တောင်လုံးကျော်ဆေးပင်ရှိသည်။
(၆) ယမတိဝရဂူ၌ ဂမုန်းနီပင်ရှိသည်။
(၇) ကာမဒူသာရီဂူ၌ ဆေးကမြင်းပင်ရှိသည်။
(၈) ကပ္ပဋ္ဌသာရီဂူ၌ ဂမုန်းဖား၊ ကတ္တီပါရိုးနီပင် ရှိသည်။
(၉) မန္တိန္ဒြိယဂူ၌ ရှင်သူငယ် ဂမုန်းရှိသည်။
(၁၀) ပီတိသမ္ဘဝဂူ၌ သောတပန် ဆေးပင်ရှိသည်။

ထိုကဲ့သို့ သူ့နေရာနှင့်သူ ဆေးပင်အသီးသီးရှိနေကြသော်လည်း တကူးတက လိုက်လံရှာဖွေသောအခါမှာတော့ ဆေးပင်မဆိုထားနှင့် ဂူပေါက်ဝကိုပင် ရှာဖွေတွေ့ရန် မလွယ်ကူလှပေ။ သိဒ္ဓိရှိသော ဆေးပင်နှင့် ဆေးဘက်ဝင်ပစ္စည်းများ ရှာဖွေကြရာတွင် အနှောက်အယှက် အဖျက်အဆီးများစွာတို့လည်း ရှိနေကြပေသည်။







# အခန်း(၆)

# ဘူတန်နိုင်ငံမှ စွန်းကာဝေပညာရှင်များ

ဘူတန်နိုင်ငံသည် ဘုရင်စနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံများထဲတွင် တစ်နိုင်ငံပါဝင်လေသည်။ တိဗက်နှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် တည်ရှိသောကြောင့် ယဉ်ကျေးမှုနှင့်အုပ်ချုပ်ရေး ဓလေ့ထုံးစံတို့မှာ တိဗက်နှင့် အတော်ပင်တူလေသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ ရှေးခေတ်အုပ်ချုပ်ရေးစနစ်မျိုးလည်းပါသည်။ ရှေးအခါက တိဗက်ကဲ့သို့ ဂိုဏ်းအုပ် လာမာဘုန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးများက အုပ်ချုပ်သည်။ ထိုဘုန်းတော်ကြီးများကို ဓမ္မရာဇာဟု ခေါ်ဝေါ်ပြီး အားလုံးက ရိုသေလေးစားကြရလေသည်။

ဓမ္မရာဇာပျံလွန်လျှင် တိဗက်နည်းအတိုင်းပင် ရဟန်းဝင် လူဝင်စားကို ရှာဖွေကြသည်။ လူဝင်စားကို ရှာဖွေခြင်းဆိုသည်မှာ ပျံလွန်တော်မူသွားသော ဂိုဏ်းအုပ်လာမာဘုန်းတော်ကြီး ဝင်စားသော သူကိုရှာဖွေကြခြင်း ဖြစ်သည်။

ထိုနည်းမှာ တိဗက်နိုင်ငံတွင် ကျင့်သုံးသော ဓလေ့ထုံးစံများပင် ဖြစ်သည်။ လာမာဘုန်းတော်ကြီး ဝင်စားသော လူဝင်စားကို ရှာတွေ့ပါက ခေါ်လာပြီး ဓမ္မရာဇာအဖြစ် တင်မြှောက်ကြသည်။ ဘူတန်နိုင်ငံတွင် ဓမ္မရာဇာရှိသလို နယ်စားအပေါင်းတို့က ရွေးချယ်တင်မြှောက်သော ဒိဗ္ဗရာဇာဟုခေါ်သော ဘုရင်လည်းရှိသည်။

တိုင်းပြည်အုပ်ချုပ်သော ကိစ္စများကို ဒိဗ္ဗရာဇာဟုခေါ်သော ဘုရင်ကသာ စီမံအုပ်ချုပ်လေသည်။ (၁၆)ရာစု အလယ်ပိုင်းမှစပြီး ယင်းစနစ်အတိုင်း သာသနာပိုင်နှင့် ဘုရင်ပူးတွဲပြီး တိုင်းပြည်ကို စီမံအုပ်ချုပ်ကြလေသည်။

(၁၉၀၇)ခုနှစ်ရောက်တော့ ထိုစနစ်ကို ပယ်ဖျက်ကာ တစ်နိုင်ငံလုံးက သဘောတူရွေးချယ် တင်မြှောက်သော မဟာရာဇာကပင် တိုင်းပြည်အုပ်ချုပ်သော ကိစ္စများကို ဆောင်ရွက်ကြလေသည်။

ဓမ္မရာဇာဟုခေါ်သော သာသနာပိုင်လာမာ ဘုန်းကြီးများက တိုင်းပြည်အုပ်ချုပ်ရေး ကိစ္စများကို ဝင်မပါတော့ပဲ သာသ





နာရေးနှင့် သက်ဆိုင်သောကိစ္စများကိုသာ ဆောင်ရွက်ကြလေတော့သည်။ မဟာရာဇာဟုခေါ်သော ဘုရင်တစ်ဦးတည်းက တိုင်းရေးပြည်ရာများကို စီမံအုပ်ချုပ်ခဲ့သည်မှာ (၁၉၀၇)ခုနှစ်ကတည်းက စတင်ခဲ့ရာ ယခုမျက်မှောက်ကာလ ရောက်သည်အထိ ဖြစ်ပေသည်။

(၁၉၅၀)ခုနှစ် နောက်ပိုင်းမှာတော့ ဘူတန်နိုင်ငံကို မဟာရာဇာ ဂျစ်ဂမီက ဘုရင်အဖြစ် အုပ်ချုပ်ခဲ့လေသည်။ ဘုရင်စံမြန်းသောနန်းတော်ကို နှစ်နေရာထားသည်။ နွေရာသီတွင် စံမြန်းသော နန်းတော်နှင့် ဆောင်းရာသီ၌ စံမြန်းသောနန်းတော်ဟူ၍ နှစ်နေရာရှိသည်။ နွေရာသီစံနန်းတော်ရှိသော မြို့တော်မှာ တာရှိချောင်ဇွန်းမြို့ဖြစ်ပြီး ဆောင်းရာသီစံမြန်းသော နန်းတော်ရှိသော မြို့တော်မှာ 'ပွန်နက်ခါး' မြို့တော်ဖြစ်သည်။

ဘူတန်နိုင်ငံပြည့်ရှင် မဟာရာဇာမင်းမြတ်စိုးစံတော်မူရာ နေအိမ်တော်ကို နန်းတော်ဟုပင် ခေါ်ကြသည်။ ဘုရင်စံမြန်းရာနန်းတော်ကို တောင်ခါးပန်းများ၌ တည်ဆောက်ထားကြသည်။ ကျောက်တုံးကျောက်သားများဖြင့် ခံတပ်ကြီးသဖွယ် တည်ဆောက်ထားခြင်း ဖြစ်လေသည်။ နန်းတော်တည်ဆောက်ထားသော ရင်ပြင်ပေါ်သို့ ရောက်သည်အထိ ကြောင်လိမ်လှေခါးများသဖွယ် တည်ဆောက်ထားသော ကျောက်လှေခါးများမှ တက်ရောက်ကြရသည်။

တည်ဆောက်ထားသော ပုံသဏ္ဌာန်များကတော့ ဗမာပြည်၌တည်ဆောက်ထားသော ဘုန်းကြီးကျောင်းတိုက်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်များစွာ ဆင်တူလှသည်။ အချိန်ကာလမှာ (၁၉၅၀)ခု ကာလဖြစ်သောကြောင့် ဘူတန်နိုင်ငံကို အုပ်ချုပ်နေသော ဘုရင်မှာ မဟာရာဇာ ဂျစ်ဂမီ ဖြစ်ပေသည်။

ဂျစ်ဂမီမှာ မဟာရာဇာကြီး၏ မြေးတော်စပ်သူဖြစ်ပြီး နာမည်အပြည့်အစုံမှာ ဂျစ်ဂမီဒေါ်ဂျီ ဖြစ်သည်။ မဟာရာဇာ ဂျစ်ဂမီမှာ လူရွယ်တစ်ဦးဖြစ်သဖြင့် ခေတ်အမြင်ရှိသူတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ရှေးကဘိုးဘွားအစဉ်အဆက်မှ ရှိခဲ့သော ရှေးအစဉ်အလာအချို့ကို ၎င်းလက်ထက်တွင် တွန်းလှန်ဖယ်ရှားပစ်ရန် ကြိုးစားခဲ့လေသည်။

ထိုအထဲတွင် စုန်းကဝေပညာ၊ မှော်ပညာ တတ်ကျွမ်းသော သူများကို မြို့တွင်းမှာမနေစေပဲ လူသူနှင့်ဝေးရာ တောတောင်များထဲတွင် သွားရောက်နေကြရန် အမိန့်ထုတ်ခဲ့လေသည်။ ဘူတန်နိုင်ငံသည် နိုင်ငံနယ်နိမိတ်က ကျဉ်းမြောင်းသလို နေထိုင်သူ လူဦးရေကလည်း အတော်ပင်နည်းလေသည်။

သို့သော်လည်း နေထိုင်ကြသူများမှာ တိဗက်လူမျိုးများကလဲ ရှေးဟောင်းပညာများ၊ ဓလေ့ထုံးစံများကို များစွာခုံမင်နှစ်သက်ကြသူများ ဖြစ်သည်။ အများအားဖြင့်တော့ စုန်းကဝေပညာနှင့် မှော်ပညာကို များစွာနှစ်သက်ကြလေသည်။ ထိုပညာကို တတ်ကျွမ်းကြသူတို့လည်း အတော်ပင်များပြားလှသည်။

ရှေးအခါကတော့ စုန်းကဝေပညာတတ်သူများလည်း အခြားသူများနှင့် ရောနှောကာ မြို့များ၊ ရွာများမှာပင် နေထိုင်ကြလေသည်။ ထိုသို့နေထိုင်ခဲ့ကြသည့် နှစ်ပေါင်းရာနှင့်ချီပြီး





ကြာမြင့်ခဲ့ပြီး ကိုလိုနီခေတ်ရောက်သည်အထိ ရှိကြလေသည်။ ဘူတန်နိုင်ငံကို မဟာရာဇာဂျစ်ဂမီ စိုးစံသိမ်းပိုက်ပြီး နောက်မှာတော့ အခြေအနေကတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

မဟာရာဇာ ဂျစ်ဂမီသည် ခေတ်အမြင်ရှိသော လူရွယ်တစ်ဦးဖြစ်သဖြင့် ၎င်းလက်ထက်တွင် ဘူတန်နိုင်ငံကို ပြုပြင်ပြောင်းလဲမှု အတော်များများ ပြုလုပ်ခဲ့လေသည်။ ထိုသို့ပြုလုပ်မှုများထဲတွင် မြို့ရွာများအတွင်းမှာ ရှိနေကြသော စုန်းကဝေပညာသည်၊ မှော်ပညာရှင်များကို နှင်ထုတ်ခြင်းလည်း အပါအဝင် ဖြစ်သည်။

အစဦးပိုင်းကတော့ မလွယ်ကူလှပေ။ စုန်းကဝေပညာသည်များ၊ မှော်ပညာရှင်များနှင့် ထိပ်တိုက်တွေ့သောအခါ များစွာအန္တရာယ်များလှသည်။ သေကြေပျက်စီးမှုများနှင့်ပင် ကြုံတွေ့ကြရသည်။

နောက်ပိုင်းတော့ ဘုရင့်အမိန့်ဖြင့် အတင်းအကျပ်ဆောင်ရွက်မှုများ ပြုလုပ်သောအခါ မခံနိုင်တော့ပေ။ စုန်းကဝေပညာတတ်သူများ၊ မှော်ပညာတတ်သူများကို မြို့ထဲရွာထဲတွင် မနေစေပဲ မြို့ပြင်များ၊ တောထဲ တောင်ထဲတွင် သွားရောက်နေစေခြင်း၊ အမိန့်မနာခံသူများကို ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ ထိုက်တန်သော အပြစ်များပေးခြင်း၊ လူသတ်သည်အထိ ပြစ်မှုကျူးလွန်သော စုန်းကဝေပညာသည်များကို သေဒဏ်အထိ အပြစ်ပေးခြင်း အထိပြုလုပ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိသော စုန်းကဝေပညာသည်များကို ဖမ်းမိသဖြင့် သတ်ဖြတ်သောအခါမှာ သာမန်လူများကို သတ်သကဲ့သို့ သတ်ဖြတ်၍ မရပေ။ ဓား၊ လှံများဖြင့်ခုတ်၊ ထိုးသတ်ဖြတ်၍မရပေ။ အချို့ ထိုသို့သတ်ဖြတ်သောအခါ တစ်နည်းနည်းဖြင့် အသက်ပြန်ရှင်လာပြီး ၎င်းတို့အား ဒုက္ခပေးသူများကို ပြန်လည်ကလဲ့စားချေတတ်ကြလေသည်။

ထို့ကြောင့် စုန်းကဝေပညာသည်များကို သတ်ဖြတ်သောအခါ အရှင်လတ်လတ် မီးလောင်တိုက်သွင်းပြီး သတ်ဖြတ်ခြင်းနှင့်၊ ရေနစ်သက်ခြင်းတို့ဖြင့် သတ်ဖြတ်ကြလေသည်။ ဘုရင်အမိန့်ဖြင့် တင်းတင်းကျပ်ကျပ် ဖမ်းဆီးနှိပ်ကွပ်သောအခါ အတော်များများ မနေဝံ့ကြတော့မဲ ထွက်ပြေးကြရလေသည်။

မြို့ရွာများနှင့်ဝေးသော တောတောင်များထဲသို့ သွားရောက်နေကြရသည်။ အချို့လည်း ကိုယ့်အစုနှင့်ကိုယ် ရွာတည်ပြီး နေကြသည်။ အချို့လည်း မိမိတို့ဖာသာ သီးခြားနေထိုင်ကြလေသည်။ အချို့ကျတော့လည်း မြို့ရွာများအတွင်းမှာပင် လူသူမသိအောင် လျှို့ဝှက်စွာနေထိုင်ကြလေသည်။

စုန်းကဝေပညာ၊ မှော်ပညာဆိုသည်မှာ လူတိုင်းတတ်မြောက်သော ပညာမျိုးမဟုတ်ပေ။ မိသားစုတစ်စုလုံးမှာ တစ်ဦးတစ်ယောက်သာ ပါချင်ပါသည်။ အချို့လည်း ဆွေမျိုးတစ်စုလုံးမှာမှ တစ်ယောက်တစ်လေ ပါချင်ပါနေတတ်သည်။ ထိုသူများကတော့ သူတို့အတွက်နှင့် မိသားစုအားလုံး ဒုက္ခရောက်ကြမည်စိုးသည်ကတစ်ကြောင်း၊ မိဘဆွေမျိုး တစ်စုလုံး ဒုက္ခရောက်မည်





သောကြောင့် လူမသိအောင် လျှို့ဝှက်စွာ နေကြရပေသည်။

သို့သော် မလွယ်လှပေ။ ဘုရင့်တပ်သားများသိသဖြင့် ဖမ်းမိသွားလျှင် ကာယကံရှင်မှာ အသတ်ခံရပြီး ကျန်မိသားစုများမှာ ကြီးလေးသော အပြစ်ပေးခြင်းမျိုး ခံကြရသည်။ စုန်းကဝေပညာ ဆိုသည်မှာလည်း တတ်ချင်တိုင်း တတ်မြောက်သော ပညာမျိုးမဟုတ်ပေ။ အချို့ မသင်ကြားရပဲ ဝမ်းထဲမှာအလိုအလျောက် ပါလာသော ဝမ်းတွင်းစုန်းပညာသည်များလည်း ရှိကြပေသည်။

စုန်းကဝေပညာသည်များကို အမျိုးအစားခွဲခြားကြည့်ပါက အောက်ပါအတိုင်း တွေ့ရမည်ဖြစ်ပေသည်။ စုန်းကဝေများနှင့် နာမ်လောကမှ ကာကနီ၊ ဇော်ဂနီ၊ သရဲတို့၏ ပညာစက်တောက်စားမှုများသည် သဘာဝတရားကြောင့် ဖြစ်ပေါ်လာသော တောက်စားမှုများနှင့် လက္ခဏာအားဖြင့် တူသယောင်ရှိကြသည်။ အဆိုပါ နှစ်မျိုးအနက် သဘာဝတရားကြောင့် ဖြစ်ပေါ်လာသော တောက်စားမှုများအကြောင်းကို ဖော်ပြပါမည်။

မြန်မာစကားအရ 'တောက်စားခြင်း' ဆိုသည်မှာ 'အရောင်ထွက်ခြင်း'ပင် ဖြစ်သည်။ ပညာကြောင့်ဖြစ်စေ၊ သဘာဝကြောင့်ဖြစ်စေ၊ အရောင်ထွက်သော သက်ရှိသက်မဲ့များကို 'စုန်း' ဟု ခေါ်ဆိုကြလေသည်။ အရောင်ထွက်သော ပိုးကောင်ကို 'ပိုးစုန်းကြူး'ဟု ခေါ်ကြသည်။

အရောင်ထွက်သော တီကို 'တီစုန်း' ဟု ခေါ်ကြသည်။ အရောင်ထွက်သော သစ်ကို 'သစ်စုန်း' ဟု ခေါ်ကြသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ထွက်သောကျောက်ကို 'ကျောက်စုန်း' ဟုခေါ်သည်။ အရောင်ထွက်သောလူကို 'လူစုန်း' (စုန်းထီး၊ စုန်းမ)ဟူ၍ ခေါ်ကြသည်။

မိုးပေါ်သို့ တက်ပြီးတောက်စားကြသော စုန်းများကို ဤ စုန်းကား (၆)ကြိုး၊ ဤစုန်းကား (၁၂)ကြိုး စသည်အားဖြင့် အဆင့်အတန်းကို ခွဲခြားပြောဆိုကြသည်။ ထိုသို့ ပြောဆိုကြရာ၌ "ကြိုး" ဟူသော စကားအရ ဇာတ်ပွဲများမှာပြသော စက်ကြိုးယန္တယားကဲ့သို့ စုန်းများသည် မိုးပေါ်တက်နိုင်ကြသည်ဟူ၍ ၎င်းကြိုးအရေအတွက် ပိုများသောစုန်းက နည်းသည့်စုန်းထက် တန်ခိုးအဆင့်အတန်းပို၍ မြင့်သည်ဟူ၍ ၎င်းပြောဆိုလေ့ ရှိကြသည်။

အမှန်ဆိုရသော် 'ကြိုး'ဆိုသည်မှာ 'အမျိုးအစား' သို့မဟုတ် 'အုပ်စု'ကို ဆိုလိုပါသည်။ စက်ကြိုးယန္တယားနှင့် အဓိပ္ပါယ်မတူပါ။ စုန်းနှင့်ကဝေသည် ပညာအဆင့်အတန်းသာ ကွာခြားမှုရှိကြသည်။

'ကဝေ' ဟူသော စကားသည် 'ကဝိ'ဆိုသော စကားမှ ဆင်းသက်၍ စုန်းပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်သော ပညာရှင်ကို ခေါ်သည်။ စုန်း၊ ကဝေတို့သည် 'ကြိုး' သို့မဟုတ် အမျိုးအစား၊ သို့မဟုတ် အုပ်စုအားဖြင့် (၁၄)အုပ်စုရှိသည်။

ကြိုးအမျိုးအစား (၁၄)မျိုးဟူ၍လည်း ခေါ်နိုင်သည်။ ၎င်းတို့မှာ. . .





| | | |
|---|---|---|
| (၁) | စမျဉ်းတိုင် စုန်းကလေး. . . . | ၆-မျိုး |
| (၂) | ရှုပဝိပရိ စုန်းကလေး. . . . . . . | ၆-မျိုး |
| (၃) | ကုဋ္ဌဒိပ္ပ စုန်းကလေး. . . . . . . | ၁၂-မျိုး |
| (၄) | စက်စုန်းကလေး. . . . . . . . . | ၄-မျိုး |
| (၅) | နာနာရုပ်စုန်း. . . . . . . . . . . | ၉-မျိုး |
| (၆) | ကုလဝံသစုန်း. . . . . . . . . . . | ၇-မျိုး |
| (၇) | ဗာလီစုန်း. . . . . . . . . . . . . | ၇-မျိုး |
| (၈) | ကဝေပျံစုန်း. . . . . . . . . . . | ၇-မျိုး |
| (၉) | တေဇစုန်း. . . . . . . . . . . . . | ၆-မျိုး |
| (၁၀) | ဂန္ဓဗ္ဗစုန်း. . . . . . . . . . . . | ၉-မျိုး |
| (၁၁) | တက္ကစုန်း. . . . . . . . . . . . . | ၇-မျိုး |
| (၁၂) | နာဂဝံသစုန်း. . . . . . . . . . . | ၄-မျိုး |
| (၁၃) | တိရစ္ဆာစုန်း. . . . . . . . . . . | ၉-မျိုး |
| (၁၄) | စဏ္ဍာလစုန်း. . . . . . . . . . | ၆-မျိုး |

စုစုပေါင်း (၉၉)မျိုး သို့မဟုတ် ကြိုး(၉၉)ကြိုးတို့ ဖြစ်သည်။ အဆိုပါ ကြိုး(၉၉)မျိုးတွင် တစ်မျိုးလျှင် ကဝေလက္ခဏာ (၉၉)ပါးနှင့် မြောက်ပါက (၉၈၀၁)မျိုးပွားလေသည်။

၎င်းကိုမူလ (၁၄)မျိုးနှင့် မြောက်ပါက (၁၃၇၂၁၄) ပွားလာသည်။ သို့ဖြစ်၍ 'စုန်းသွေးခြင်းရာ၊ ဖွေထုတ်ရှာ၊ သချာ်မကုန်သေး' ဟူ၍ ပညာရှိများက စပ်ဆိုထားကြပေသည်။

ဖော်ပြခဲ့သည့် ကြိုး သို့မဟုတ် အမျိုးအစား (၁၄)မျိုးရှိသည့်အနက် နံပါတ် (၁၂)အမျိုးအစားသည် နာဂဝံသစုန်းမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စုန်း၊ ကဝေတို့တွင် (၁၂)ကြိုး တတ်မြောက်ထားသည် ထက်မြက်သည်ဟု လူတို့ဆိုကြခြင်းမှာ နံပါတ်(၁၂) အမျိုးအစား (ကြိုး)ဖြစ်သော နာဂဝံသစုန်းမျိုး ဖြစ်ခြင်းကြောင့် ထက်ခြင်းဖြစ်သည်။

အလွန်ထက်မြက်သော နာဂဝံသစုန်းသည် လေးမျိုးရှိသည်။ မောက်လုံး၊ မောက်ပြား၊ မောက်တို၊ မောက်ရှည်ဟူ၍ ဖြစ်သည်။ အဆိုပါ စုန်းအမျိုးအစားတို့သည် အလွန်ဒေါသကြီးပြီး သုံးကြိမ်အထိသာ အမှားခံ၍ လေးကြိမ်မြောက်တွင် အသေသတ်တတ်သောကြောင့် '၁၂-ကြိုး' အမျိုးအစား စုန်း၊ ကဝေသည် နာမည်ကြီးခြင်း၊ ထက်မြက်ခြင်း ဖြစ်သည်။

နာဂဝံသစုန်းကဝေများသည် ၎င်းတို့၏ခန္ဓာကိုယ်ထဲမှ အရောင်များ၊ ပဿာစက်များထွက်ပြီး ကောင်းကင်တွင် တောက်စားကြခြင်း ပြုသည်ဟု လူအများ သိရှိလက်ခံထားကြသည်။ စုန်းတောက်စားခြင်းနှင့် လက္ခဏာအားဖြင့် တူသယောင်ရှိသော သဘာဝတောက်စားမှုများလည်း ရှိပေသည်။

သဘာဝကြောင့် တောက်စားမှုသည် ဖော့(စ)ဖရပ်ခာတ်ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ၎င်းဓာတ်ကို ဂျာမနီပြည်မှ အင်္ဂလိပ်ဆရာကြီး ဒေါက်တာဟီနင်ဘရန်းက (၁၆၆၉) ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ တစ်နေ့တွင် ထိုဆရာကြီးသည် ဓာတ်လုံးထိုးနေစဉ်၊ သဲ၊ ကျောက်ငယ်ရည်နှင့် ထင်းမီးသွေးတို့ကို ပေါင်းချွေးခံယူရာမှအစ ဒြပ်စင်တစ်ခုဖြစ်သော 'မီးစုန်းဓာတ်' အသစ်ကို တွေ့ရှိခဲ့လေသည်။





၎င်းဓာတ်ကို ဂရိဘာသာ စကားဖြင့် 'ဖော့ဖရပ်'ဟု ခေါ်၍ မြန်မာဘာသာဖြင့် 'အလင်းပေးသည်' ဟူ၍ အဓိပ္ပါယ်ရသည်။ အဆိုပါ မီးစုန်းဓာတ်သည် သီးသန့်ဒြပ်တစ်ခုအဖြစ်ဖြင့် ရပ်တည်နေသော ဓာတ်မျိုးမဟုတ်ပေ။ အခြားသော ဓာတ်များနှင့် ပေါင်းစပ်သော ဒြပ်ပေါင်းတစ်ခုအဖြစ် တွေ့ရှိရတတ်သည်။

ဥပမာ။ ကယ်(လ)ဆီယမ် ဖော့(စ)ဖိတ်ဓာတ်ကဲ့သို့ ဖြစ်သည်။ အရိုးများ၌ အဆိုပါ ကယ်(လ)ဆီယမ် ဖော့(စ)ဖိတ် (၆၀) ရာခိုင်နှုန်းအထိ ပါရှိသည်။ သဲ၊ ကျောက်ငယ်ရည်နှင့် ထင်းမီးသွေးတို့ကို အပူပေးပြီး ပေါင်းချွေးခံယူရာမှအစ မီးစုန်းဓာတ်ကို တွေ့ရှိခြင်းသည် သဘာဝကြောင့် ဖြစ်သည်။

ထိုသဘာဝတရားကြောင့် ဖြစ်သော 'မီးစုန်းဓာတ်'နှင့် စုန်း၊ ကဝေအမျိုးအစားဖြစ်သော 'ချေးစားစုန်း'တို့သည် ရောထွေးတတ်ကြသဖြင့် သတိပြုကာ ဆင်ခြင်သင့်သည်။ ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေကြသော အစာအာဟာရတို့သည် ကာဗွန် ဟိုက်ဒရိုက် ဓာတ်ပေါင်းများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ စွန့်ပစ်လိုက်ကြသော ကာဗွန်ဟိုက်ဒရိုက် ဓာတ်တို့သည် ကြာမြင့်လာသောအခါ ကာဗွန်ဓာတ်နှင့် ဟိုက်ဒရိုဂျင်ဓာတ်ဟူ၍ ဓာတ်တစ်ပါးစီ ကွဲသွားကြသည်။

ကျင်ကြီး ကျင်ငယ်စွန့်ရာ မြေပေါ် အိမ်သာများမှာ ဆီးကျန်ပစ္စည်းနှင့် ကာဗွန်တို့ ရောစပ်ပြီးမှ အထက်ဖော်ပြခဲ့သည့် မီးစုန်းဓာတ် ဖြစ်လာသည်။ ၎င်းမီးစုန်းဓာတ်ကို နေ့အခါ၌ပြီး အလင်းရောင်ရှိသည့်အချိန်တွင် မတွေ့မြင်ကြရပါ။ မှောင်သော



www.burmeseclassic.com

www.burmeseclassic.com



ညအခါကျမှသာ အအေးဓာတ်ကြောင့် သိပ်သည်းပြီး အစိုင်အခဲသဖွယ် ဖြစ်လာရပါသည်။

အဆိုပါ မီးစုန်းဓာတ်သည် လေထက်ပေါ့သည့်အတွက် လေငြိမ်နေလျှင် ၎င်းဓာတ်သည်လည်း ငြိမ်နေကြ၏။ လေလှုပ်ရှားလျှင် ၎င်းဓာတ်လည်း လှုပ်ရှားလေသည်။ ယခု ဖော်ပြသည့် ဓာတ်သဘာဝနှင့် ချေးစားစုန်း တောက်စားမှုသဘာဝများ ရောထွေးတတ်သဖြင့် သတိပြုသင့်သည်။

သဘာဝမီးစုန်းဓာတ်တွင် အဖြူအနီ နှစ်မျိုးရှိလေသည်။ မီးစုန်းဖြူသည် အောက်ဆီဂျင်ဓာတ်နှင့်သာ အပူချိန် (၄၀)စင်တီဂရိတ်မှာ ပေါင်းစပ်နိုင်ပါသည်။ မီးစုန်းနီသည် သာမန်အပူချိန်နှင့် ပေါင်းစပ်ရန် မလွယ်ကူပါ။ မီးစုန်းဖြူသည် အဆိပ်ဓာတ်ငွေ့ဖြစ်သောကြောင့် အောက်ဆီဂျင်ဓာတ်နှင့် လွယ်ကူစွာ ပေါင်းနိုင်ခြင်းဖြစ်သည်။

အဆိပ်ဓာတ်ငွေ့မဟုတ်သော မီးစုန်းနီသည် ဖြည်းညှင်းစွာ ပေါင်းစပ်နိုင်၏။ မီးစုန်းဓာတ်သည် လူ၏ အရိုးထဲ၌ ရှိနေကြသည်။ လူသေများကို မြှုပ်နှံရာ သင်္ချိုင်းအိုများ၌ အရိုးများဆွေးမြေ့လာသောအခါ မြေ၏အပူဓာတ်ကြောင့် မြေအောက်၌ရှိသော မီးစုန်းဓာတ်တို့သည် မြေပေါ်သို့တက်သည်သာမက ကောင်းကင်သို့ ပျံတက်ကြသေးသည်။

ညဦးချမ်းအချိန် အအေးဓာတ်လွှမ်းမိုးသောအခါ သိပ်သည်းမှု ဖြစ်လာပြီးနောက် အစိုင်အခဲ၏အသွင်သို့ ပေနှစ်ထောင်၏ အထက်လေထုထဲမှာ ဖွဲ့စည်းကြသည်။ ၎င်းဓာတ်ငွေ့





တို့သည် လေထက်ပေါ့ကြ၏။ ဖိအားများလာသောအခါ အောက်သို့ တဖြည်းဖြည်း ကျဆင်းလာကြရပြန်သည်။

လေထုက အပေါ်ကဖိလိုက်၊ အောက်ကပင့်လိုက်နှင့် တက်လိုက်ဆင်းလိုက် ဖြစ်နေရသည်။ လေငြိမ်သောအခါ တည်ငြိမ်စွာ ရပ်တည်လျက်ရှိ၏။ သိပ်သည်းမှုအင်အား နည်းပါးသေးသော ဓာတ်ငွေ့များမှဖြစ်သော မီးစုန်းဓာတ်တို့သည် ပဲ့၍ကျကြတုန်၏။

ထိုသို့ပဲ့၍ကျသောအခါ ဖွားခနဲ ဖွားကခနဲ ဖြစ်ကြသည်။ ၎င်းသည်ကို စုန်းများပညာပေးကြသည်ဆိုသော မီးမျိုးနှင့် လွဲမှားတတ်ကြသည်။ ၎င်းကဲ့သို့ သဘာဝ၏ တောက်စားခြင်းမျိုးကို မီးတိမ်ထူထပ်သော မိုးတိမ်နောက်ခံရှိသော နွေအကုန် မိုးအကူး၌သော်၎င်း၊ များသောအားဖြင့် ထိုင်းမှိုင်းသော ရာသီများ၌သော်၎င်း တွေ့ရတတ်လေသည်။

အိမ်သာ၌ မီးလုံးတွေ့နိုင်သည် ဆိုသော်လည်း တွင်းအိမ်သာနှင့် ရေလောင်းအိမ်သာများ၌ မတွေ့နိုင်ပါ။ မြေပေါ်သို့ ခစင်ကျသော အိမ်သာမျိုးများမှသာ တွေ့ရတတ်ပါသည်။ ထို့ကြောင့် ဝိဇ္ဇာပညာကို လိုက်စားကြသော စေပိုင်ဆရာတို့သည် သဘာဝကြောင့် တောက်စားသော မီးစုန်းဖြစ်တတ်ပုံနှင့် ထိုမီးစုန်းဓာတ်တွင် အဆိပ်ပါဝင်သဖြင့် အန္တရာယ်ဖြစ်တတ်ပုံတို့ကို သိရှိထားရပေမည်။

ဝမ်းတွင်းစုန်းအကြောင်းကို အနည်းငယ် ဖော်ပြပါဦးမည်။ ပဋိသန္ဓေ၏အစ ပထမကာလလရေကြည် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ရေပြစ်ရေခွဲ အမြုပ်ခဲ။ တတိယ နုဖတ်ကျွဲခွဲ သားတစ်ခဲ။ စတုတ္ထ ကြက်ဥပြုတ်အခွံနှင့်တူစွာ မာမာလုံးလုံး သားတုံးခဲ။ ပဉ္စမ ခေ နှစ်ဖြာ လက်နှစ်ချောင်း၊ ဦးခေါင်းဖြစ်ရာ ခက်မငါးဖြာ။ ဆဋ္ဌမ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်။ သတ္တမခုနှစ်ကြိမ် မြောက် သတ္တာဟမှစပြီး စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ မန ဟုဆိုအပ်သော ဝိညာဏ်ခြောက်ပါးတို့သည် သတ္တာဟ အင် အစဉ်အတိုင်းဖြင့် ဖြစ်ပေါ်သည့်အခိုက်တွင် မိစ္ဆာဒိဋ္ဌိဖြစ်ကြ သော ဂန္ဓမ္ဗနတ်တို့၏ အရှိန်အဟော် အာနုဘော်တို့ မှီပြီးလျှင် ဒေဝဇော်ဂနီ၊ ယက္ခကာကနီ၊ နာဂ ကာကနီတို့ ဖြစ်လာကြသည်။

ရင်းတို့သည်ဆိုခဲ့သော ပဋိသန္ဓေ၏အစ ပထမသတ္တာ ဟမှ ခုနှစ်ခုမြောက် သတ္တသတ္တာဟလျှင် အစပြု၍ သတ္တဝါဖြစ် မည့် ခန္ဓာအိမ်အတွင်း၌ ဗိမာန်နှင့်တကွဖြစ်လာ မှီစွဲလာလျက် မွေးဖွားကြီးပြင်းလာသောအခါ ထိုသတ္တဝါမှာ ဆိုခဲ့သော ကာက နီ၊ ဇော်ဂနီ၊ တန်ခိုးကမ္မဇိဒ္ဓိနှင့်တကွ ဖြစ်ခြင်းကြောင့်ရင်း၊ အလား တူ တန်ခိုးသတ္တိ၊ ကမ္မဇိဒ္ဓိရှိခြင်း၊ လူဇာတ်အစစ်ဖြစ်ခြင်း၊ စွဲတည်ခဲ့ သော ကာကနီ၊ ဇော်ဂနီတို့၏ နာမပညတ်မပြတ်ခြင်းတို့ကြောင့် ရင်း၊ မနုဿ ဇော်ဂနီ၊ မနုဿ ကာကနီ မည်ကြကုန်သည်။

ထိုသတ္တဝါတို့သည် ဂန္ဓဗ္ဗနတ်တို့၏ အာနုဘော်ကြောင့် မိမိတို့ ကြံစည်တိုင်းသာ အန္ွယ်၏သတ္တိနှင့်လျော်စွာ တန်ခိုးကြီး များရှိကြကုန်၏။ မျက်ရိပ်မျက်စောင်း နှုတ်စောင်းဖြင့်ရင်း၊ စိတ်ဒွါ ရ မြွက်ဟရုံမျှဖြင့်ရင်း၊ ဖမ်းစားပြုစားနိုင်စွမ်း ရှိကြလေသည်။ ထိုမနုဿကာကနီ၊ ဇော်ဂနီတို့ကိုပင် တစ်ပါးသူက မသင်ရဘဲ





အမိဝမ်းတွင်းကပင် ပညာသတ္တိရှိခဲ့သူဖြစ်၍ ‘ဝမ်းတွင်းစုန်း’ ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

ဝမ်းတွင်းစုန်းနှင့်တကွ အစိမ်းသရဲ တစ္ဆေမြေဘုတ်ဘီ လူးတို့ ပူးဝင်သည်ဟုဆိုရာ၌လည်း မိမိတို့ပညာဖြင့်သော်လည်း ကောင်း၊ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးစွမ်းအားကို အသုံးပြု၍သော်လည်း ကောင်း ပူးဝင်နှောက်ယှက်ကြခြင်း ဖြစ်ပေသည်။ အချို့ ဝမ်း တွင်းစုန်းပညာပါလာသူများသည် မိမိ၌ထိုပညာရှိနေသည်ကို ပင် မသိကြပေ။

ထို့ကြောင့် သူလိုငါလိုပင် အများနှင့်ရောနှောပြီး နေမြဲ နေကြလေသည်။ ထိုအကြောင်းကို ဘုရင်တပ်သားများသိသော အခါ ဖမ်းဆီးနှိပ်စက်ခြင်း ခံကြရသည်။ သတ်ဖြတ်ခြင်း ခံကြရ သည်။ (၁၉၅၀)ပြည့်နှစ် ဝန်းကျင်တစ်ဝိုက်တွင် နန်းတက်လာ သော ဘူတန်ဘုရင်မဟာရာဇာ ဂျစ်ဂမီ လက်ထက်ရောက်သော အချိန်တွင် ထိုကိစ္စများသည် ပြင်းထန်သော အခြေအနေသို့ ရောက်ရှိခဲ့လေသည်။


တစ်နည်းပြောရလျှင်တော့ စုန်းကဝေပညာတတ်ကျွမ်း သူများနှင့် ၎င်းတို့နှင့်ပတ်သက်သည့် အဆက်အန္ွယ်များတို့ ကံဆိုးမိုးမှောင်ကျရောက်သော အချိန်ဆိုပါက မှားမည်မဟုတ် တော့ပေ။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၇)

# လူနှင့်တူသောအရုပ် အရုပ်နှင့်တူသောလူများ

ထိုကဲ့သို့ ကံဆိုးမိုးမှောင်ကျခဲ့သော မိသားစုများထဲတွင် ဒေါ်မင်းဇာနှင့်ပတ်သက်သော မိသားစုများ၊ ဆွေမျိုးသားချင်းများလည်း အပါအဝင် ဖြစ်ကြလေသည်။ ဒေါ်မင်းဇာသည် အသက်(၆၀)ကျော် အရွယ်ခန့်ရှိပြီး မွေးဖွားလာစဉ်ကပင် ထိုပညာများကို တတ်ကျွမ်းလာခဲ့ခြင်း ဖြစ်ပေသည်။

ဒေါ်မင်းဇာသည် မွေးကတည်းက ထိုပညာကို ခွဲတည်ပြီး ပါလာသောကြောင့် ဝမ်းတွင်းစုန်းအမျိုးအနွယ်တွင် တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိထက်လှသော 'မန္တသဿဇော်ဂနီ' အမျိုးအနွယ်ပင် ဖြစ်ပေသည်။ ၎င်းမှာ မိခင်ဝမ်းတွင်းမှ ပဋိသန္ဓေနေစဉ်ကပင် ဂန္ဓဗ္ဗနတ်တို့၏ ကူညီမှုကြောင့် ကြောက်စရာကောင်းသော ထိုပညာက ပါလာခဲ့ပေသည်။

ငယ်စဉ်ကတော့ သူ့တွင်ထိုမျှကြောက်စရာကောင်းသော ပညာမျိုးပါလာသည်ကို သူကိုယ်တိုင်မသိခဲ့ပေ။ နောက်ပိုင်း အရွယ်ရလာသောအခါ စိတ်နှင့်အခန့်မသင့်သဖြင့် ပြောမိဆိုမိသောအခါ အပြောရခံရသူတို့ ထိကြသောအခါမှ သတိပြုမိခဲ့ခြင်း ဖြစ်လေသည်။

နောက်တော့ ဒေါ်မင်းဇာမှာ သူ၏ မွေးရာပါပညာဖြစ်သော ဝမ်းတွင်းစုန်းစုခေါ်သော မွေးရာပါပညာကို သဘောပေါက်လာသောကြောင့် အပြောအဆို အနေအထိုင်မှစပြီး သိုသိုသိပ်သိပ် ဆင်ဆင်ခြင်ခြင် နေခဲ့လေသည်။ သို့သော် လူအတော်များများကတော့ ထိုအကြောင်းကို သိနေပြီး၊ သူမကို ကြောက်စရာကောင်းသော ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ထားကြလေသည်။

ဤသို့ဖြင့် နှစ်ပေါင်းအတော်ကြာသည်အထိ ထိုဘဝဖြင့် ဖြတ်သန်းခဲ့ရပေသည်။ ရှေးအခါကတော့ ဘာမှပြဿနာမရှိခဲ့ပေ။ ဘူတန်နိုင်ငံသည် ဝေးလံခေါင်သီလှသော နေရာလည်းဖြစ်၊ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တောတောင်များကဖုံးအုပ်ထားသော နေရာဖြစ်သောကြောင့် ဂမ္ဘီရဆန်သော နေရာများထဲတွင် တစ်နေရာအဖြစ် ပါဝင်လေသည်။





ထို့ကြောင့် စုန်းကဝေ၊ ပညာသည်များ ရှိနေသော်လည်း သာမန်သာဖြစ်သည်။ လာမာဘုန်းကြီးများ အုပ်ချုပ်စဉ်က ထိုပညာတတ်ကျွမ်းသူများအတွက် ပြဿနာမရှိသော်လည်း နောက်ပိုင်း တိုင်းပြည်အုပ်ချုပ်ရေးပိုင်းများကို မဟာရာဇာဘုရင်များက သိမ်းပိုက်အုပ်ချုပ်သောအခါ ပြဿနာရှိလာခဲ့ပေသည်။

ထိုကဲ့သို့သော စုန်းကဝေပညာတတ်သူများမှာ တိုင်းပြည်အတွက် ဂုဏ်သိက္ခာညှိုးနွမ်းစေသည်သာမကပဲ အခြားသူများအတွက်ပါ အန္တရာယ်ရှိသည် ဆိုသောကြောင့် တိုင်းပြည်မှာပင် နေခွင့်မပေးတော့ပေ။ မြို့ထဲရွာထဲမှာ နေခွင့်မပေးပဲ မြို့ရွာများနှင့် ဝေးလံသော တောတောင်များထဲမှာ သွားရောက်နေစေသည်။

အကယ်၍ လျှို့ဝှက်စွာနေသဖြင့် ဖမ်းမိသွားပါက ဖမ်းဆီးချုပ်နှောင်ထားခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်သုတ်သင်ခြင်းများ ပြုလုပ်ကြလေသည်။ ထို့ကြောင့် မွေးကတည်းကပင် ကံမကောင်း အကြောင်းမလှပဲ ထိုပညာများ တတ်ကျွမ်းလာကြသူများသည် (အချို့လည်း ထိုပညာကို နှစ်သက်သဘောကျသဖြင့် ဘကူးတက သင်ယူထားကြသူများလည်း ပါဝင်လေသည်) မိမိမွေးရပ် မြေအရပ်ဒေသများကို စွန့်ခွာပြီး လူသူမနီးသော တောတောင်များ၌ သွားရောက်နေကြရလေသည်။

ထိုကဲ့သို့ ရွှေ့ပြောင်းပြေးကြရသော မိသားစုများထဲတွင် ဒေါ်မင်းဇာတို့ မိသားစုများလည်း ပါကြလေသည်။ ရွှေ့ပြောင်းကြသောအခါ ဒေါ်မင်းဇာတစ်ယောက်တည်း ရွှေ့ပြောင်းရ



www.burmeseclassic.com

www.burmeseclassic.com



သည့် မဟုတ်ပဲ ဂုင်းနှင့်ဆက်နွယ်ပတ်သက်သော ဆွေမျိုးသားချင်းများလည်း ပါဝင်ကြလေသည်။ ဒေါ်မင်းဇာတို့ ရွှေ့ပြောင်းပြေးသောနေရာမှာ ပွန်နက်ခါးမြို့၏ အနောက်ဘက်စူးစူး၊ တောတောင်ထူထပ်လှသော အရပ်ဒေသဖြစ်သည်။

ထိုအရပ်တွင် တောင်စဉ်ကိုးလုံးရှိသည်။ ထို့ကြောင့် နဝင်္ဂတောင်တန်းဟု ခေါ်ကြလေသည်။ ထိုနေရာသည် တောတောင်ထူထပ်သည်။ လူသူအရောက်အပေါက် မရှိသလောက်နည်းသည်။ သားရဲတိရစ္ဆာန်များ ပေါ်များလှသည့်အပြင် အခြားအရပ်ဒေသ၊ နေရာများတွင် မတွေ့ရသော နှင်းလူကဲ့သို့ ထူးဆန်းသော သတ္တဝါကြီးများ ရှိကြသည်။

ဒေါ်မင်းဇာတို့ရောက်သွားစအချိန်က ထိုနေရာမှာ မင်းမူကျက်စားနေကြသော 'မီဂိုအီ'ဟုခေါ်သော နှင်းလူကြီးများနှင့် အခြားတိရစ္ဆာန်များက လာရောက်နှောက်ယှက်ကြသေးသည်။ ဒေါ်မင်းဇာက ထိုသတ္တဝါများ လက်နက်ဖြင့် မတုံ့ပြန်ပဲ ဂုင်း၏ ပညာစွမ်းဖြင့်သာ တုံ့ပြန်လေရာ နောက်တော့ လာရောက်နှောက်ယှက်ခြင်း မပြုဝံ့ကြတော့ပေ။

ထိုနေရာရောက်တော့ ဒေါ်မင်းဇာက နဝင်္ဂတောင် တိုးလုံးမှ အမြင့်ဆုံးတောင်ထိပ်ပေါ်မှာပင် နေရန်ပြင်ဆင်လေသည်။ ထိုနေရာတွင် ကြီးမားသော အိမ်ကြီးတစ်လုံးကို အခိုင်အမာတည်ဆောက်လေသည်။ ကျောက်သားများဖြင့် အခိုင်အမာတည်ဆောက်ထားသော ထိုအိမ်ကြီးကို 'ကဝေမှော်စံအိမ်' ဟု အမည်ပေးထားလေသည်။





ထို့ပြင် ဂုင်းနှင့်အတူပါလာသော လူများကလည်း ထိုနေရာနှင့် မနီးမဝေးတစ်ဝိုက်မှာ ရွာတည်ပြီးနေကြသည်။ ဒေါ်မင်းဇာက ထိုရွာကို 'ကဝေကိုးမှော်ရွာ'ဟုပင် အမည်ပေးထားလေသည်။ ထိုကဲ့သို့သော ကြောက်စရာကောင်းသော အမည်များ ပေးထားခြင်းမှာ အခြားအရပ်ဒေသမှလူများ ထိုနေရာသို့ မလာရောက်ဝံ့စေရန် ရည်ရွယ်ချက်ဖြင့်ပေးထားခြင်း ဖြစ်လေသည်။ ရွာတည်စကတော့ အိမ်ခြေလည်း သိပ်မများ၊ နေထိုင်ကြသူလည်း မများလှပေ။

နောက်ပိုင်းအချိန်ကြာလာသောအခါ သူတို့လိုပင် မြို့မှနှင်ထုတ်ခံရသော ဘဝတူများ တဖြည်းဖြည်းနှင့် ရောက်လာသဖြင့် နေထိုင်သူလူဦးရေများလာခြင်း ဖြစ်ပေသည်။ ဒေါ်မင်းဇာကလည်း အခြားသူများကို လက်မခံသော်လည်း သူတို့နှင့် ဘဝတူများကိုတော့ ကဝေကိုးမှော်ရွာ၌ နေထိုင်ခွင့်ပေးထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လူဦးရေများလာကာ ရွာကြီးတစ်ရွာဖြစ်လာခဲ့ခြင်း ဖြစ်ပေသည်။ နှစ်အနည်းငယ်ကြာသောအခါ ထိုရွာသို့ လူအချို့ရောက်လာကြလေသည်။ သူတို့သည် ကဝေကိုးမှော်ရွာမှန်း သိသဖြင့် ဝင်လာကြခြင်းတော့ မဟုတ်ကြပေ။ မျက်စိလည်လမ်းမှားပြီး ထိုနေရာသို့ ရောက်လာကြခြင်း ဖြစ်ကြလေသည်။

သူတို့သည် ဘုတန်ဘုရင်နန်းတော်မှ ဘုရင့်တပ်သားအချို့နှင့် လမ်းပြများပင် ဖြစ်ကြလေသည်။ ရောက်လာသောအချိန်မှာ နေဝင်ရီတရောအချိန် ဖြစ်သည်။ သူတို့ရောက်လာ



www.burmeseclassic.com

သောအချိန်တွင် ရွာထဲတွင် သွားလာနေသော လူများကိုတွေ့ကြရသည်။

"ဟင် ဘယ်လိုလူတွေလဲ၊ သူတို့ကြည့်ရတာ လူတွေနဲ့မတူဘူး၊ အရုပ်တွေနဲ့တူတယ်"

တစ်ယောက်က ပြောလိုက်လေသည်။ သူတို့ရှေ့မှာ သွားလာနေသောလူများမှာ လူနှင့်မတူပဲ အရုပ်များကို သံပတ်ပေးထားသကဲ့သို့ ရှိလေသည်။ လူပင်ဖြစ်သော်လည်း မျက်နှာသေကြီးများဖြင့် တောင့်တောင့်ကြီး သွားလာနေကြခြင်း ဖြစ်သည်။

"ဟေ့. . နေဦး"

တပ်သားတစ်ယောက်က သူ့အနီးမှ ဖြတ်လျှောက်သွားသော လူတစ်ယောက်ကို လှမ်းခေါ်လိုက်တော့ တုံ့ခနဲရပ်သွားလေသည်။ မျက်နှာက တဖြည်းဖြည်းနှင့် လှည့်လာလေသည်။ သို့သော် မျက်နှာအမူအယာ ပြုံးခြင်းရယ်ခြင်းမရှိပဲ အရုပ်မျက်နှာမျိုးဖြင့် လှည့်ကြည့်ခြင်း ဖြစ်သည်။

"ငါတို့က ဘုရင့်တပ်သားတွေပဲ ဒါဘာရွာလို့ခေါ်သလဲ"

မေးမြန်းလိုက်သည်။ ဝါဝါးခါပြသည်။ → ခေါင်းခါပြသည်။

"မင်းတို့ လူတွေလား အရုပ်တွေလား"

ထိုသို့မေးသောအခါ ဟီးခနဲ သွားဖြဲပြသည်။ ထိုအခြေအနေကို မြင်တော့ ဘုရင့်တပ်သားလည်း ကျောထဲမှာ စိမ့်သွားပြီး ဆက်မမေးဝံ့တော့ပေ။ နံဘေးနားမှာ ရှိနေသော အခြားတစ်ယောက်က တိုးတိုးပြောလိုက်သည်။





"ကြည့်ရတာ လူတွေဟုတ်ပုံမရဘူး၊ အရုပ်တွေက အသက်ဝင်နေတာဖြစ်မယ်၊ ဘယ်လိုနေရာမျိုး ရောက်လာတယ် မသိဘူး၊ သွားကြရအောင်"

ဟုပြောပြီး ထိုနေရာမှ ဆက်လျှောက်လာကြလေသည်။ သူတို့မေးသောလူကတော့ ဘာမှမပြောပဲ သွားအဖြီးသားဖြင့် သူတို့သွားရာသို့ လိုက်ကြည့်နေလေသည်။ ၎င်းတို့အဖွဲ့မှာ (၁၀) ယောက်ခန့် ရှိသည်။ လမ်းပြပေးသူသုံးယောက်နှင့် တပ်သား နှစ်ယောက်တို့ ဖြစ်သည်။

မကျေနပ်သဖြင့် လမ်း၌ နောက်ထပ်တွေ့ရသော လူတစ်ယောက်ကို မေးပြန်တော့လည်း ဒီအတိုင်းပင် ဖြစ်နေလေသည်။ နောက်တော့ နေဝင်ချိန်ရောက်သောအခါမှာတော့ ရွာအစွန်ဘက်၌ရှိသော အိမ်ကြီးတစ်အိမ်သို့ ရောက်သွားကြတော့မှ အဆင်ပြေသွားကြလေသည်။

သူတို့ရောက်သွားတော့ အိမ်ထဲမှ လူအချို့ထွက်လာပြီး ပျာယာသလဲ ဆီးကြိုနှုတ်ဆက်ကြလေသည်။

"အော် ဗိုလ်မင်းတို့ပါလား ကြွကြပါ၊ လာကြပါ. . ဒီမှာ နေရာထိုင်ခင်းများလည်း အဆင်ပြေပါတယ်၊ အစားအသောက်တွေလည်း အရန်သင့်ရှိပါတယ်၊ ဝင်ကြပါဦး"

ဟု အမျိုးသမီးတစ်ယောက်ကထွက်လာပြီး ခေါ်လေသည်။ ထိုအခါမှ ခရီးပင်ပန်းလာသော လူတစ်စုမှာ အမောပြေသွားကြလေသည်။ ထွက်ခေါ်သောမိန်းမမှာ အသက်(၃၀)ဝန်းကျင်လောက်သာရှိသေးပြီး ရုပ်ရည်သနားကမားရှိသူဖြစ်သည်။

www.burmeseclassic.com



“ဒီရွာက ဘယ်လိုခေါ်သလဲ”

“မဟာမြိုင်ရွာလို့ ခေါ်ပါတယ် ဗိုလ်မင်း”

“ဟိုရှေ့မှာ တွေ့ခဲ့တဲ့လူတွေကျတော့ တစ်မျိုးဖြစ်နေပါလား။ လူတွေနဲ့မတူဘူး၊ အရုပ်တွေနဲ့ တူနေသလိုပါလား”

“လူတွေတော့ လူတွေပါပဲ၊ ဒါပေမယ့် အရုပ်နဲ့တူတဲ့ အချိန်ရောက်နေလို့ အရုပ်နဲ့တူနေကြတာပါ”

ထိုသို့ရှင်းပြတော့မှ ပိုမိုရှုတ်ထွေးသွားလေတော့သည်။ ထို့ကြောင့် ဆက်မမေးတော့ပေ။

“အချိန်လည်း မရှိတော့ဘူး၊ ငါတို့ဒီမှာ တစ်ညတည်းကြမယ်၊ အစားအသောက်ကျွေးနိုင်မလား၊ နေရာထိုင်ခင်း ပေးနိုင်မလား”

“ပေးလည်းပေးနိုင်ပါတယ်၊ ကျွေးလည်းကျွေးနိုင်ပါတယ်၊ အိမ်ထဲကိုသာ ဝင်ခဲ့ကြပါ”

ဟု ပြောဆိုကာ ဦးဆောင်ပြီး ခေါ်ဆောင်သွားကြသောကြောင့် ရပ်ဝေးမှရောက်လာကြသော ဧည့်သည်များလည်း နောက်မှလိုက်သွားကြလေသည်။ အတွင်းရောက်တော့ အိမ်ကြီးမှာ အတော်ပင်ကျယ်ဝန်းသည်ကို တွေ့ကြရသည်။ အိမ်ကြီးထဲမှာလည်း မိန်းမ၊ ယောကျ်ားအချို့ ရှိနေကြသည်။ ၎င်းတို့သည် ဧည့်သည်များ ပါလာသောကြောင့် မီးထွန်းသူကထွန်း၊ နေရာထိုင်ခင်းပြင်သူက ပြင်ပေးကြလေသည်။

ဘုရင့်တပ်သားများမှာ ‘ယခုမှပင် အဆင်ပြေတော့သည်’ ဟု သဘောကျကာ စိတ်ချလက်ချပင် နေကြလေသည်။





ညဦးပိုင်းအချိန်ရောက်တော့ အစားအသောက်များ ပြင်ဆင်ပေးသောကြောင့် မောပန်းလာသည်ဖြစ်၍ မြိန်ယှက်စွာ စားသောက်ကြလေသည်။ အစားအသောက်များမှာ ပူပူနွေးနွေးပင် ရှိသေးပြီး ဒေသထွက် အစားအသောက်များကို ချက်ပြုတ်ထားလာသောကြောင့် စားသောက်ရသည်မှာ အရသာရှိလှသည်။

အိမ်ရှင်များကလည်း အနားမှ လိုလေသေးမရှိအောင် ဧည့်ခံဆောင်ရွက်ပေးကြလေသည်။

“ဒါထက် ဗိုလ်မင်းတို့က ဘယ်ကလာလို့ ဘယ်ကိုသွားကြမှာလဲ”

အနားမှာရှိနေသော အမျိုးသမီးက မေးလေသည်။

“ငါတို့က ဘုရင့်နန်းတော်က ဘုရင့်တပ်သားတွေပဲ၊ ဒီနယ်တွေမှာ စုန်းမတွေရှိမရှိ လိုက်ပြီးစုံစမ်းနေကြတာ၊ ဒီရွာမှာရော စုန်းမတွေရှိသလား”

“ဒီရွာမှာတော့ စုန်းမတွေမရှိပါဘူး၊ ဒါထက် မေးရဦးမယ် ဗိုလ်မင်းတို့က အဲဒီလို လိုက်ရှာနေကြတော့ စုန်းမတွေကို မြင်ရင်ရော သိကြရဲ့လား”

ထိုသို့မေးသောအခါ ဘယ်လိုပြန်ပြောရမှန်း မသိကြတော့ပဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေသည်။ နောက်မှ ခေါင်းဆောင်လုပ်သူက ပြောသည်။

“ငါတို့က စုန်းမတွေကို ဖမ်းပြီး သုတ်သင်ပစ်နေကြတာပဲ မသိပဲရှိပါမလား၊ ဒီရွာမှာရော စုန်းမတွေရှိသလား”

“ဒီရွာမှာတော့ မရှိပါဘူး ဗိုလ်မင်းရယ်၊ ဒါထက် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့က စုန်းမတွေကို လိုက်သတ်နေတာဆိုတော့ သူတို့က ပြုစားမှာ မကြောက်ကြဘူးလား"

"ဘာကြောက်စရာရှိမလဲ၊ ငါတို့က ဘုရင့်အမိန့်တော်အတိုင်း လုပ်နေကြတာဆိုတော့ သူတို့ပညာနဲ့ ပြုစားလို့မရပါဘူး"

ထိုစကားကြားသောအခါ အနားမှာထိုင်နေသော အမျိုးသမီးက သွားပေါ် အောင်ရယ်လိုက်လေသည်။ နံဘေးမှာရှိနေကြသည့် ဧယျာဝေစ္စ ဆောင်ရွက်ပေးနေကြသော အမျိုးသမီးများကလည်း ပြုံးစေ့စေ့ဖြစ်သွားကြလေသည်။

"ဒါထက် မေးရဦးမယ်၊ စုန်းမတွေကို လိုက်သတ်နေတာဆိုတော့ ဘာဖြစ်လို့လဲဟင်"

"စုန်းမတွေက လူတွေကိုပြုစားပြီး ဒုက္ခပေးကြတယ်လေ၊ နောက်ပြီး တိုင်းပြည်မှာလည်း သူတို့တွေရှိတော့ ကျက်သရေယုတ်တာပေါ့၊ ဒါကြောင့် တွေ့သမျှ လိုက်ဖမ်းပြီး သတ်ပစ်နေတာ"

ဟု စားသောက်ရင်းနှင့် အားရပါးရ ပြန်ပြောလေသည်။ ထိုစကားကြားသောအခါ အနားမှာရှိနေသော အမျိုးသမီးလည်း နောက်ထပ်ဘာမှ ဆက်မမေးတော့ပေ။ စားသောက်ပြီးသောအချိန်တွင် ညဦးပိုင်း အချိန်ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် အပြင်ဘက်မှာ တိတ်ဆိတ်ငြိမ်သက် နေလေသည်။

ရွာဟူ၍သာဆိုသော်လည်း ခွေးဟောင်သံမကြားရ ကြက်တွန်သံ မကြားရသော ရွာမျိုးဖြစ်သည်။ ဧည့်သည်များမှာ ခရီးပင်ပန်းလာသည်က တစ်ကြောင်း၊ ဝမ်းဗိုက်ပြည့်အောင် စား





သောက်လိုက်ကြရသောကြောင့် စားသောက်ပြီးသည်နှင့် ပြင်ဆင်ထားသော အိပ်ယာများမှာပင် အိပ်ကြလေသည်။

လုံခြုံသော အိမ်ကြီးအတွင်းမှာ မီးဖိုမှ အနွေးဓာတ်ကြောင့် ကောင်းမွန်စွာ အိပ်ကြရလေသည်။ အိပ်ယာပေါ်ရောက်ပြီး မကြာခင်မှာပင် အသီးသီးအိပ်ပျော် သွားကြလေတော့သည်။ ၎င်းတို့အားလုံး အိပ်ပျော်သွားသောအခါမှာတော့ စောစောကအိမ်ကြီး အတွင်းမှာရှိနေကြသော လူအားလုံးတို့သည်လည်း သံပတ်ကုန်သွားသော စက်ရုပ်များကဲ့သို့ ရောက်သည့်နေရာမှာပင် ရပ်တံ့သွားကြလေသည်။

ထိုင်နေသူကလည်း ထိုင်နေသော နေရာမှာပင် ရပ်တံ့သွားသည်။ လမ်းလျှောက်နေသူကလည်း ရောက်သည့်နေရာမှာပင် ရပ်တံ့သွားလေသည်။ ကွမ်းစားနေသူ၊ ဆေးသောက်နေသူ၊ အစားအသောက် စားသောက်နေသူများလည်း ဟန်မပျက်ပဲ ရှိသည့် အခြေအနေအတိုင်း ငြိမ်သက်သွားကြလေသည်။

ထိုအခြေအနေကိုတော့ အိပ်ပျော်သွားကြသော ဘုရင့်တပ်သားများက မသိကြပေ။ ညဦးပိုင်းအချိန်က သူတို့ကို ဧည့်ခံကျွေးမွေးခဲ့ကြသော အိမ်ကြီးထဲမှာ ရှိနေကြသည့် လူအားလုံးမှာ လူများအားလုံးတို့မှာ လူအစစ်များမဟုတ်ပဲ လူနှင့်တူသော အရုပ်များဖြစ်သည်ကိုတော့ သူတို့မသိကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၈)

# ဂစေကိုးမှော်မှ မဟူရာခင်ခင်

ညနက်ပိုင်း အချိန်သို့ရောက်သောအခါ ဘုရင့်တပ်သားတစ်ယောက်မှာ ဗိုက်ထဲမှနာလာသောကြောင့် အိပ်နေရာမှ ဖျန်နိုးလာလေသည်။ ၎င်းတစ်ယောက်တည်း နိုးလာခြင်းဖြစ်ပြီး ကျန်လူများကတော့ နှစ်နှစ်ချိုက်ချိုက် အိပ်ပျော်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ အိမ်ကြီးအတွင်းမှာ ထွန်းထားသော မီးရောင်များက ရှိနေသေးသောကြောင့် အတွင်းမှအခြေအနေကို ကောင်းစွာမြင်ရလေသည်။ သူတို့နှင့်မနီးမဝေးမှာ ညဏဝေယျာဝစ္စပြုလုပ်ပေးသော မိန်းမအချို့က ရှိနေကြသေးသည်။ အချို့က ထိုင်လျက်အနေအထား၊ အချို့က ထလျက်အနေအထားမျိုးအပြင် အချို့လည်း အစားအသောက်များ စားသောက်နေကြလေသည်။

သို့သော်လည်း တစ်ချက်ကလေးမှမလှုပ်ပဲ ကျောက်ရုပ်များလို ငြိမ်သက်နေကြလေသည်။ အိပ်ချင်မူးတူးဖြင့် ထလာသော တပ်သားက မေးလိုက်လေသည်။

“အပေါ့ အပါးသွားဖို့က ဘယ်နေရာမှာလဲ”

သို့သော်. . ပြန်မပြောပေ။

“မေးနေတာ မကြားဖူးလား၊ အပေါ့အပါးသွားတဲ့ နေရာ ဘယ်နေရာမှာလဲ”

နောက်ထပ်မေးသော်လည်း ဘာမှပြန်မပြောပဲ ရှိနေသောကြောင့် အနားမှာသွားပြီး ကြည့်လိုက်သည်။ မထူးခြားပေ။ ထို့ကြောင့်လက်ဖြင့် ထိကိုင်ကြည့်လိုက်သည်။ လက်နှင့်ထိလိုက်သောအခါမှ သဘောပေါက်သွားလေတော့သည်။ သူ့ရှေ့မှာ ရှိနေသောလူမှာ လူမဟုတ်သော အရုပ်ကြီးတစ်ရုပ်ပင် ဖြစ်ပေတော့သည်။

နောက်တစ်ချက်ကတော့ သူက လူနှင့်တူသော အရုပ်ကို ထိလိုက်၊ ကိုင်လိုက်မိသဖြင့် ခဏချင်းမှာပင် သူတစ်ကိုယ်





လုံး အရုပ်ဘဝသို့ ပြောင်းသွားကာ လှုပ်မရတော့ပေ။ ခြေလက်များက ကျောက်သားကဲ့သို့ တောင့်သွားပြီး၊ အသံကလည်း မထွက်တော့ပေ။ ထိုအခြေအနေကိုတော့ အခြားသူများက အိပ်မောကျနေသောကြောင့် မသိလိုက်ကြတော့ပေ။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့မှ အသီးသီး အိပ်ပျော်နေရာမှ ပြန်နိုးလာကြလေသည်။ သူတို့ပြန်နိုးလာသော အချိန်မှာ အပြင်ဘက်၌ အလင်းရောင်က အတော်ပင်ရနေလေပြီ။ အိမ်ကြီးထဲမှာ ရှိနေကြသူများလည်း သူ့အလုပ်နှင့်သူ ရှုတ်နေကြလေသည်။ အချို့က ၎င်းတို့အတွက် အစားအသောက်များ ပြင်ဆင်နေကြသည်။

အားလုံး အိပ်ရာမှနိုးလာကြသောအခါ အိပ်ယာနှင့် မနီးမဝေးတွင် တောင့်တောင့်ကြီး ဖြစ်နေသော လူတစ်ယောက်ကို တွေ့ရသဖြင့် များစွာထိတ်လန့်သွားကြလေသည်။ ဘယ်လိုခေါ်၍မှမကြား။ လူကိုလှုပ်ကြည့်သော်မှ မလှုပ်နိုင်တော့ပေ။

ထိုသူမှာ လူစင်စစ်ဘဝမှ ကျောက်ရုပ်၊ ဒါမှမဟုတ် သစ်သားရုပ်တုကြီးကဲ့သို့ တောင့်တောင့်ကြီး ဖြစ်နေလေတော့သည်။ ဒီတော့မှ သဘောပေါက်သွားကြလေတော့သည်။

“ဟော့. . ဒီမှာ ငါတို့ လူတစ်ယောက် ဘာဖြစ်တာလဲ မသိဘူး၊ ဒါ နင်တို့လက်ချက် မဟုတ်လား”

ခေါင်းဆောင်လုပ်သူက အသံကျယ်ကျယ်ဖြင့် လှမ်းပြောလိုက်သောအခါ အိမ်ကြီးအတွင်းမှာ အလုပ်လုပ်နေကြသော မိန်းမယောက်ျား အချို့ရောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ဗိုလ်မင်း"

"ဘာဖြစ်ရမလဲ၊ ဒီမှာ ငါတို့လူတစ်ယောက် လူစင်စင်ကနေ အရုပ်ကြီးဘ၀ ရောက်နေတယ်၊ ဒါနင်တို့ ပြုစားတာ မဟုတ်လား၊ နင်တို့လက်ချက် မဟုတ်လား"

ခေါင်းဆောင်လုပ်သူက ခေါင်းလှုံ့တပြင်ပြင်ဖြင့် ဒေါသတကြီး ပြောဆိုနေလေသည်။

"မဟုတ်ရပါဘူး ဗိုလ်မင်းရယ် မဟုတ်ပါဘူး၊ ကျွန်မတို့က ရိုးရိုးသားသားနေကြတာပါ၊ ဒီပညာတွေလည်း မတတ်ကြပါဘူး"

"ဒါဖြင့် ဒါက ဘာကြောင့် ဖြစ်တာလဲ"

"ကျွန်မတို့ ထင်တာတော့ ဒီနယ်က နတ်ကြီးပါတယ်၊ တစ်ခုခု အမှားအယွင်းလုပ်မိလို့ အခုလိုဖြစ်သွားတာ ထင်ပါတယ်"

တပ်သားများ အနေဖြင့်လည်း မျက်စိနဲ့လည်း မမြင်၊ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်သောကြောင့် အပြစ်ပုံချဖို့လည်း ခက်နေကြလေသည်။

"ငါတို့လူကို ဒီအတိုင်းတော့ မထားခဲ့နိုင်ဘူး၊ တစ်ခုခုတော့ လုပ်ရမှာပဲ၊ ဒီရွာမှာတော့ ဆရာမရှိဘူးလား"

"ရွာထိပ်က တောင်ကုန်းပေါ်က အိမ်မှာတော့ ဆေးကုပေးနိုင်တဲ့ မြေးအဖွားနှစ်ယောက်တော့ ရှိပါတယ်၊ ဗိုလ်မင်းတို့ အလိုရှိတယ်ဆိုရင် သွားခေါ်ပေးပါ့မယ်"

"ဒါဖြင့်လည်း မြန်မြန်သွား သွားခေါ်လာခဲ့စမ်း"





ထိုသို့ပြောသဖြင့် အချို့က ဆေးဆရာခေါ်ရန် အပြင်သို့ ခတ်သုတ်သုတ် ထွက်သွားကြလေသည်။ အိမ်ထဲ၌ ကျန်နေသော အခြေအနေကတော့ စိတ်ချမ်းသာဖို့ မကောင်းလှပေ။ လူတစ်ယောက်ပင်ဖြစ်သော်လည်း အရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မယှက်နှင့် တောင့်တောင့်ကြီး ဖြစ်နေသူကို မြင်ရသည်မှာ အတော်ပင် စိတ်မချမ်းသာစရာ ဖြစ်နေတော့သည်။

အတန်ကြာသောအခါမှာတော့ အပြင်သို့ထွက်သွားသော သူများပြန်ရောက်လာကြသည်။ ၎င်းတို့နှင့်အတူ အမျိုးသမီးတစ်ယောက် ပါလာလေသည်။ အသက်(၂၅)နှစ်ကျော် အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောသူ တစ်ယောက်ဖြစ်သည်။ တစ်ကိုယ်လုံး အနက်ရောင် အ၀တ်အစားများ ၀တ်ဆင်ထားသောကြောင့် သာမန်အရွယ်ထက် ပိုမိုအရွယ်ရင့်နေသယောင် ထင်ရလေသည်။

သူမရောက်လာတော့ အိမ်ထဲမှာ ရှိနေကြသူများက တအံ့တသြဖြင့် ဝိုင်းကြည့်နေကြသည်။ ထိုအမျိုးသမီးမှာ အခြားမဟုတ်ပေ။ ကဝေမှော်စံအိမ်မှာနေသော ဒေါ်မင်းဇာ၏ မြေးတော်စပ်သူ 'မဟူရာခင်ခင်'ပင် ဖြစ်ပေသည်။ သူမက ရောက်လာသည်နှင့် အိမ်ထဲမှာရှိနေသော အခြေအနေကို ကြည့်သည်။

"ဘယ်လိုမြင်နေကြလို့လဲ"

"ဒီမှာ ငါတို့လူတစ်ယောက် လူဘ၀ကနေ အရုပ်ဘ၀ ရောက်သွားတယ်၊ အဲဒါ မူလအတိုင်း လူပြန်ဖြစ်အောင်လုပ်ပေးပါ၊ မဟုတ်ရင်တော့ ဘုရင့်တပ်သားတွေကို ဒုက္ခပေးတော့ကျောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့အတွက် တစ်ရွာလုံးကို ဖမ်းဆီးအပြစ်ပေးရမယ်"

"ဒီလိုလုပ်တော့ အပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်ကြမှာပေါ့"

"ဒါကတော့ ငါတို့ကဘုရင့်အမိန့်နဲ့ လုပ်တာပဲ"

"ဘုရင်ကတော့ အပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်အောင် လုပ်ဖို့စေခိုင်းမယ် မထင်ပါဘူး၊ ဒါတွေက အောက်မှာရှိတဲ့ လူတွေက ကိုယ့်သဘောနဲ့ ကိုယ်လုပ်နေကြတာ မဟုတ်လား"

"မင်းက ဘယ်လိုကြောင့် ဒီစကားမျိုးတွေ ပြောဝံ့တာလဲ၊ မင်းက စုန်းမတစ်ယောက်လား"

"ကျွန်မက စုန်းမတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အရုပ်ဖြစ်နေတဲ့ ရှင်တို့လူကိုတော့ မူလအခြေအနေအတိုင်း ပြန်ကောင်းဖို့ ဆေးကုပေးနိုင်ပါတယ်"

"ကိုင်း ဒါဖြင့် မြန်မြန်သာကုပေတော့၊ အချိန်ရှိတုန်း ငါတို့သွားကြရမယ်"

ဟု ပြောသဖြင့် မဟူရာခင်ခင်က အခြားသူများကို အဝေးမှာနေစေပြီး ကျောက်ရုပ်ကြီးကဲ့သို့ ဖြစ်နေသော လူအနီးသို့ ကပ်သွားလေသည်။ သူမအနီးသို့ ကပ်သွားသောအခါ ကျောက်ရုပ်ကဲ့သို့ ဖြစ်နေသောလူမှာ လူကသာ မလှုပ်ရှားနိုင်သေးသော်လည်း မျက်လုံးက အသက်ပြန်ဝင်လာလေသည်။

လှုပ်ရှားနိုင်ပြီဖြစ်သော မျက်လုံးနှစ်လုံးက ကြောက်ရွံ့ထိတ်လန့်နေသော အမူအယာဖြင့် မဟူရာခင်ခင်ကို ကြည့်နေလေသည်။ မဟူရာခင်ခင်ကလည်း အနားရောက်သည်နှင့် မျက်လုံးကိုသာ စိုက်ကြည့်ပြီး ဂါထာမန္တာန်များ ရွတ်သကဲ့သို့ ပြုလုပ်နေလေသည်။ နံဘေးမှ ကြည့်နေသူများကတော့ ဂါထာမန္တာန်များ ရွတ်ဆိုပြီး အမိန့်ပေးနေသကဲ့သို့ ထင်ရလေသည်။

တကယ်တော့ မဟုတ်ပေ။ မဟူရာခင်ခင်က ၎င်းမျက်လုံးကို စိုက်ကြည့်ပြီး တစ်စုံတစ်ခုကို အမိန့်ပေးနေခြင်း ဖြစ်သည်။ ထိုသို့အမိန့်ပေးပြီးမှ သူမလက်တစ်ဖက်ဖြင့် ထိုသူ့ကိုယ်ကို ထိကိုင်လိုက်ရာ ခဲနေသောဖယောင်းခဲမှာ မီးရောင်နှင့်ထိသောအခါ တဖြည်းဖြည်း ပျော့ပြောင်းလာသကဲ့သို့ ဖြစ်လာပြီးနှင့် လှုပ်ရှား၍ ရလာလေတော့သည်။

အတန်ကြာသောအခါ လူတစ်ယောက်ကဲ့သို့ပင် ပြောဆိုနိုင်၊ လှုပ်ရှားလာနိုင်လေတော့သည်။ ထိုအခြေအနေကို မြင်သောအခါမှ ဘုရင့်တပ်သားတို့မှာ စိတ်သက်သာရာ ရသွားကြလေတော့သည်။ သို့သော်လည်း ကျေးဇူးတင်စကားတော့မပြောပေ။

"ငါ အခုမှ သဘောပေါက်တော့တယ်၊ နင်တို့တစ္ဆေတွေက ဘုရင့်အမိန့်တော်နဲ့ တိုင်းပြည်က နှင်ထုတ်ထားတဲ့ စုန်းမတွေပဲ၊ ဒီအကြောင်းတွေကို ဘုရင်ကို သံတော်ဦးတင်ပြီး နင်တို့တစ်ရွာလုံးကို ဖမ်းဆီးပြီး၊ မီးလောင်တိုက်သွင်းပစ်မယ်"

ဟု ပြောဆိုကြိမ်းမောင်းပြီးနောက် ရွာမှပြန်ထွက်သွားကြလေတော့သည်။ မဟူရာခင်ခင်ကတော့ သူတို့ကို ဘာမှပြန်မပြောတော့ပဲ နောက်ဘက်မှသာ ကြည့်နေလေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်တပ်သားများမှာ ကဝေကိုးမျှော်ရွာမှ ထွက်သွားကြပြီးနောက် တောထဲသို့ရောက်သောအခါ ရှေ့ဆက်သွား၍မရတော့ပဲ မျက်စိလည်နေကြတော့သည်။ လမ်းပြများပါလာသော်လည်း ဘာမှမတတ်နိုင်ကြပဲ ဖြစ်နေကြလေသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့ မျက်စိလည်နေကြပြီနဲ့တူတယ်"

"ဟုတ်တယ် ဗိုလ်မင်း၊ ဒီနေရာချည်းပြန်ရောက်နေတာ နှစ်ခါ၊ သုံးခါလောက်ရှိနေပြီ"

"အချိန် မရှိတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

"နေဝင်သွားရင်တော့ ခရီးသွားလို့ မကောင်းတော့ဘူး၊ မမှောင်ခင် သင့်တော်တဲ့ နေရာမှာ စခန်းချပြီး နောက်တစ်နေ့မှ ခရီးဆက်ကြရင် ပိုကောင်းမယ်"

ဟု တစ်ယောက်ကပြောသဖြင့် သင့်တော်သောနေရာ လိုက်ရှာကြရာ ကံအားလျော်စွာပင် ကျယ်ဝန်းလှသော ဂူပေါက်တစ်ခုကို တွေ့ကြသဖြင့် ထိုအထဲမှာပင် ဝင်ရောက်ပြီးစခန်းချကြလေသည်။

ထိုအထဲရောက်တော့ မီးဖိုပြီးပါလာသော အစားအသောက်များကိုပင် မျှဝေစားသောက်ကြလေသည်။ ညဉ့်နက်ပိုင်းရောက်တော့ ကင်းစောင့်သူက စောင့်ပြီး ကျန်လူများက အိပ်ကြလေသည်။ ကင်းစောင့်ပေးသူမှာ အခြားသူမဟုတ်ပေ။ တစ်ညလုံး လူစင်စစ်မှ အရုပ်ဘဝရောက်ခဲ့ရသူပင် ဖြစ်ပေသည်။





ထိုသူက သူတစ်ယောက်တည်း ကင်းစောင့်ပေးမည်ဟုပြောသဖြင့် ကျန်လူများက စိတ်ချလက်ချပင် အိပ်ကြလေသည်။ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ထိုသူက အပြင်သို့ထွက်သွားလေတော့သည်။ ဂူအပြင်သို့ ရောက်သွားသောအခါမှာတော့ သူ၏ အသွင်သဏ္ဌာန်မှာ လူတစ်ယောက်နှင့် သိပ်မတူတော့ပဲ သစ်သားရုပ်ကဲ့သို့ သော်လည်းကောင်း၊ မကောင်းဆိုးဝါး တစ်ကောင်ကဲ့သို့သော်လည်းကောင်း အသွင်ပုံသဏ္ဌာန် တူသွားလေတော့သည်။

အခြားသူများ အိပ်ပျော်နေသော အချိန်ရောက်တော့မှ ၎င်းက တစ်ယောက်တည်းအပြင်ဘက် ထွက်သွားပြီး ဟိုကြည့်ဒီကြည့် လုပ်နေလေသည်။ သူက ဟိုကြည့်ဒီကြည့်လုပ်နေသလို အမှောင်ဖုံးနေသည့် သစ်တောထဲမှလည်း မျက်လုံးပေါင်းများစွာတို့ကလည်း သူ့ကို အခြေအနေကြည့်နေကြလေသည်။

"မင်းတို့ရောက်နေကြပြီလား၊ ရောက်နေကြရင် လာခဲ့ကြတော့"

ကိုကဲ့သို့ အသံသြသြကြီးနှင့် ပြောလိုက်သောအခါ စောစောက ငြိမ်သက်နေသော တော၏အခြေအနေမှာ လှုပ်ရှားလာလေတော့သည်။ ပထမ သစ်ပင်များ လှုပ်ရှားလာသည်။ နောက်တော့ သစ်ရွက်သစ်ကိုင်းများ လှုပ်ရှားလာသည်။ ခဏကြာတော့ အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဌာန်များ ထွက်လာကြလေတော့သည်။

ပုံပန်းသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သော နာနာဘာဝများပင် ဖြစ်ကြလေသည်။ ၎င်းတို့က ခြေကားရား လက်ကားရားဖြင့်၊ ထိုသူ့အနီးသို့ ရောက်လာကြလေသည်။

"ငါ့ကို သခင်မက အမိန့်ပေးလိုက်တယ်၊ ဟောဟိုဂူထဲမှာ ရှိနေတဲ့လူတွေက ငါပိုင်တဲ့လူတွေပဲ၊ မင်းတို့ဝင်ပြီး ဖမ်းစားကြပေတော့"

ဟု လက်ညှိုးထိုးပြီး ပြောလိုက်ရာ မကောင်းဆိုးဝါးများကလည်း ခြေကားရား၊ လက်ကားရားဖြင့် ဂူအတွင်းသို့ ဝင်သွားကြလေတော့သည်။ ဂူအတွင်းမှာ အိပ်ပျော်နေသူများကတော့ ထိုအခြေအနေကို မသိကြတော့ပေ။

အတန်ကြာသောအခါ ဂူကြီးအတွင်းမှ ဆူဆူညံညံ အသံများ ပေါ်ထွက်လာကြလေသည်။ ကြောက်လန့်တကြား အော်ဟစ်သံများ ပေါ်လာလေသည်။ အိပ်နေရာမှ နိုးလာကြသူတို့မှာ ၎င်းတို့အနီးတွင် ကြောက်စရာကောင်းသော မကောင်းဆိုးဝါးများ ရောက်နေသည်ကို မြင်သောအခါ ကြောက်လန့်တကြားဖြင့် ထပြေးကြလေသည်။

သို့သော် မကောင်းဆိုးဝါးများက ဂူပေါက်ဝမှ ဝင်လာကြသောကြောင့် အပြင်သို့ ထွက်ပြေး၍ မရတော့ပေ။ ထို့ကြောင့် ကြောက်လန့်တကြားဖြင့် အတွင်းသို့ ဝင်ပြေးကြလေသည်။ အတွင်းဘက်မှာလည်း အဆင်သင့်စောင့်နေကြသည့် မကောင်းဆိုးဝါးများက ရှိနေကြသည်။

အပြင်မှဝင်လာသော မကောင်းဆိုးဝါးများနှင့် အတွင်းမှာ ရှိနေကြသည့် မကောင်းဆိုးဝါးများကြား၌ ရောက်နေကြသူ





များမှာ ကြောက်လန့်တကြား အော်ဟစ်ရင်းနှင့်ပင် အသက်ပျောက်သွားကြလေသည်။ အပြင်ဘက်မှာ ရှိနေသူမှာ ဂူအတွင်းမှ ဖြစ်ပျက်နေသည်များကို ကြည့်ပြီး ပါးစပ်ကြီးဖြဲကာ တဟီးဟီးနှင့် သဘောကျစွာ ရယ်မောနေလေတော့သည်။

နောက်ထပ်ရက် အတော်ကြာသောအခါမှာတော့ ထိုနေရာသို့ အခြားလူတစ်စုရောက်လာကြ ပြန်လေသည်။ အခြားတော့မဟုတ်ပေ။ ဘုရင့်တပ်သားအချို့ ပြန်ရောက်မလာသောကြောင့် လိုက်လံရှာဖွေနေကြသူများပင် ဖြစ်ကြလေသည်။ ၎င်းတို့သည် တစ်ရွာဝင် တစ်ရွာထွက်နှင့် တစ်နေရာပြီးတစ်နေရာ စုံစမ်းရင်းနှင့်မှ ထိုနေရာသို့ ရောက်လာကြခြင်း ဖြစ်ကြလေသည်။

သူတို့ရောက်လာသော အချိန်မှာတော့ ဂူကြီးထဲတွင် ရုပ်ပျက်ဆင်းပျက်နှင့် အသက်ပျောက်နေသော အလောင်းများနှင့် ဂူပေါက်ဝတွင် လူ့ဘဝမှ အရုပ်ဘဝရောက်ကာ မလှုပ်မယှက်ဖြစ်နေသော သူတစ်ယောက်သာ တွေ့ကြရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၉)

# ဂွန်တော့ရွှန်ပါဘုရားကျောင်းမှ ရုပ်ကြွင်း

ဘူတန်တောင်တန်းကြီးများမှာ မြင့်မားလှသည်။ မျက်စိတဆုံး တမျှော်တခေါ် ရှိနေကြသည်။ အချို့တောင်တန်းကြီးများမှာ မြူနှင်းများ ဝေ့ဆိုင်းနေကြလေသည်။ အချို့နေရာများမှာတော့ သစ်တောကြီးများက ကျယ်ပြန့်စွာ နေရာယူထားလေသည်။ သစ်တောကြီးများမှာ ကောင်းလှသောကြောင့် သစ်တောအတွင်းသို့ ရောက်သွားသောအခါတွင် အလင်းရောင်ကိုပင် မမြင်ရပဲ မှောင်ပိန်းနေတတ်ပေ၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့တတွေမှာ ဝေပုလရွာမှ ထွက်ခဲ့ကြပြီး တောထဲတောင်ထဲရောက်နေကြသည်မှာ ရက်အတော်ပင် ကြာခဲ့ကြပေပြီ။ သူတို့အဖွဲ့ဟု ဆိုရာမှာတော့ (၆) ယောက်ပင် ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌ ဦးဗန်ကောင်းတို့က သုံးယောက်ဖြစ်ကြပြီး သူတို့နှင့်အတူ လမ်းပြသုံးယောက်လည်း ပါလာကြသည်။

လမ်းပြသုံးယောက်မှာ ဝေပုလရွာမှ ဇမုန်းထန် ခေါ်ပေးလိုက်သူများဖြစ်ပြီး အဘိုးကြီး ဒန်ဒိုဂျို၊ မိချိုကိုနှင့် သူတို့အချင်းချင်းက ယေတီဟုခေါ်သော ဆိုနမ်ခမ်တို့ သုံးယောက် ဖြစ်ကြလေသည်။ ခရီးလမ်းတစ်လျှောက်လုံးမှာ လမ်းပြပေးသူများ၏ လမ်းညွှန်ပေးမှုဖြင့် ၎င်းတို့အလိုရှိသော ဆေးပင်နှင့် ကျောက်များကို အဓိကထားပြီး ရှာဖွေကြလေသည်။

BURMESE CLASSIC

ဆရာကြီးသူရဋ္ဌ အဓိကအလိုရှိသော ဆေးပင်နှင့် ကျောက်တို့ပင် ကျော်လေးကျော်နှင့် မှော်လေးမှော် စာရင်းဝင် ဆေးပင်နှင့် ကျောက်တို့ပင် ဖြစ်ကြလေသည်။ ကျော်လေးကျော် မှော်ဝင်ဆေးပင်လေးမျိုးမှာ တောင်လုံးကျော်၊ တောလုံးကျော် ရွှေရင်ကျော်၊ နလင်ကျော်ဆေးပင် လေးမျိုးဖြစ်သည်။

မှော်လေးမှော်စာရင်းဝင် သေလာလေးမှော်စာရင်းဝင် ကျောက်လေးမျိုးမှာ သုဝဏ္ဏသေလာမှော်ကျောက်မဏိသေလာ မှော်ကျောက် လေးမျိုးတို့ ဖြစ်ကြလေသည်။ ၎င်းတို့သည် ဦးဒိပ ဆိုသော မဟာဂန္ဓာရီ ခရီးလှည့်လည်နေသည့် ပုဂ္ဂိုလ်တစ်ဦးက သတင်းပေးခဲ့သဖြင့် ထိုဆေးဖက်ဝင်ပစ္စည်းများကို ရှာဖွေရန်





ဘူတန်တောင်တန်းများပေါ်သို့ တကူးတက ရောက်နေကြခြင်းပင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့သည် လမ်းပြသုံးယောက်၏ အကူအညီဖြင့် တောတောင်အနှံ့လှည့်လည်ကာ လိုချင်သော ဆေးပင်နှင့် ဆေးဖက်ဝင်ကျောက်များကို ရှာဖွေကြသော်လည်း ဆန္ဒမပြည့်ကြသေးပေ။ ဘူတန်နိုင်ငံမှာရှိသော တောများနှင့် တောင်တန်းကြီးများမှာ လူသူအရောက်အပေါက် နည်းသောကြောင့် အခြားဆေးဖက်ဝင် အပင်များနှင့် ဆေးဖက်ဝင် ပစ္စည်းများတော့ ရှာဖွေရကြလေသည်။

တောနက်ကြီးများထဲမှ ရှားပါးသော ဂမုန်းပင် အတော်များများကို ရှာဖွေတွေ့ကြရသည်။ တန်ဖိုးရှိပြီး ဆေးဖက်ဝင်သော ကျောက်မျိုးစုံတို့ကို ရှာဖွေတွေ့ကြရလေသည်။ ဦးဗန်ကောင်းကတော့ လိုချင်တာမရသေးသော်လည်း ရသမျှ ဆေးပင်၊ ဂမုန်းပင်များ တွေ့သောအခါ စုဆောင်းထားလေသည်။

ထိုခရီးလမ်းကို ဒန်ဒိုဂျိုကလမ်းပြအဖြစ် တာဝန်ယူ ခေါ်ဆောင်လာသော်လည်း တကယ်တမ်း ဆောင်ရွက်ပေးသူကတော့ ယေတီဟုခေါ်သော 'ဆိုနမ်ခမ်'ပင် ဖြစ်ပေသည်။ ယေတီသည် ရုပ်ဆိုးသော်လည်း တောတောင်များထဲတွင် သွားလာရာတွင် လူဝံ၊ မျောက်ဝံ တစ်ကောင်ကဲ့သို့ ကျွမ်းကျင်လှသူ ဖြစ်သည်။ သားကောင်များကို ရှာဖွေရာ၌သော်လည်းကောင်း၊ အန္တရာယ်များနှင့် တွေ့ကြုံသောအခါ အကာအကွယ်ပေးသော အခါ၌သော်လည်းကောင်း လူဝံတစ်ကောင်၊ ကျားတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့သော်လည်းကောင်း အားကိုးရသူ ဖြစ်လေသည်။ ယေတီသည် နှင်းလူတစ်ကောင်ကဲ့သို့ ရုပ်ဆိုးသော်လည်း သဘောကောင်းသူတစ်ဦး ဖြစ်သည်။

တစ်ခုတော့ရှိသည်။ မီချိုကိုနှင့်ပတ်သက်သည့်အခါမှာတော့ သဘောမကောင်းလှပေ။ တစ်ခါတစ်ရံ ပန်ဒါဝက်ဝံလေးတစ်ကောင်ကဲ့သို့ နူးညံ့သိမ်မွေ့နေသော်လည်း သူ့စိတ်ထဲမှာ ဘဝင်မကျသော အခါမှာတော့ နှင်းလူတစ်ကောင်ကဲ့သို့ ခက်ထန်ကြမ်းတမ်း နေတတ်လေသည်။

မီချိုကိုက အသက်(၂၀)ဝန်းကျင် အရွယ်ခန့်ရှိပြီး ရုပ်ရည်သနားကမား ရှိသူဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ကိုလည်း လေးစားမှုရှိသဖြင့် ခင်မင်ရင်းနှီးစွာပင် နေလေသည်။ မီချိုကိုတစ်ယောက် ဒေါက်တာမင်းထင်ကျော်နှင့် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေသည်ကိုတော့ ယေတီက သဘောမကျပေ။

ထိုအခါများတွင် မျက်နှာမသာမယာဖြစ်ပြီး သုန်မှုန်နေတတ်လေသည်။ သို့သော်လည်း မီချိုကိုက သူ့ကိုဂရုမစိုက်ပေ။ သူမ နေချင်သလိုသာ လွတ်လွတ်လပ်လပ် နေလေသည်။ တစ်နေ့တော့ သူတို့နှစ်ယောက် စမ်းချောင်းရှိရာသို့ ဆင်းသွားကြသည်။ ရေခပ်ရန် ဆင်းသွားကြခြင်း ဖြစ်သည်။ တစ်နေရာရောက်တော့ ယေတီကပြောသည်။

"နင့်အပေါ်မှာ ငါ ဘယ်လိုသဘောထားတယ်ဆိုတာ နင်သိတယ် မဟုတ်လား မီချိုကို"

မီချိုကိုက ဘာမှပြန်မပြောပေ။





"ငါ ဒီမှာလာနေတာ နင်သံယောဇဉ်ကြောင့် လာနေဘယ်ဆိုတာရော သိရဲ့လား"

"ဒါကတော့ နင့်အကြောင်းနဲ့ နင်ပေါ့"

"နင်ကရော ငါ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ"

"ဘယ်လိုမှ သဘောမထားပါဘူး၊ နင်ပြောတဲ့အကြောင်းတွေကိုလည်း ငါစိတ်မဝင်စားပါဘူး"

ထိုစကားကြောင့် ယေတီမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။ ယေတီမျက်နှာက မူလကတည်းက ဆိုးသောကြောင့် မျက်နှာပျက်သွားသော်လည်း မီချိုကိုက မသိလိုက်ပေ။

"နင်က ငါ့အပေါ်မှာ အတော်ကို ရက်စက်တာပဲ၊ ငါ မျက်နှာက ရုပ်ဆိုးလွန်းလို့ သဘောမကျတာလား၊ အခုမှတွေ့တဲ့သူကျတော့ တရင်းတနှီး ပြောဆိုဆက်ဆံတယ်၊ ငါ့အပေါ်ကျတော့ တစ်ခါမှ အဲဒီလို မဆက်ဆံဘူး"

"ဒါကတော့ ညှို့သည်တွေဆိုတော့ ညှို့သည်လို ဆက်ဆံရတာပေါ့၊ နင်ကတော့ ဒီမှာအမြဲနေတာဆိုတော့ ငါနေတတ်သလိုနေပြီး၊ ငါပြောတတ်သလိုပဲ ပြောတာပေါ့"

ယေတီက မီချိုကိုအား စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်သည်။

"ငါ ရှင်းရှင်းနဲ့ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ငါနင့်ကို ချစ်တယ် သဘောကျတယ်၊ ဒါကြောင့် နင့်ကိုရအောင်ယူမယ်၊ နင့်ကိုတခြားလူတွေ ဘယ်သူမှ ယူလို့မရဘူး၊ အဲဒီလို ကြိုးစားလာရင်လည်း၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ငါသတ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မီချိုကို မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်များ ယှက်သန်းသွားလေသည်။

"နင်က ဒီလိုပိုင်စိုးပိုင်နင်းပြောရအောင် နင်နဲ့ငါက ဘာများပတ်သက်နေလို့လဲ၊ အခုအချိန်မှာ ငါက လွတ်လပ်သူတစ်ယောက်ပဲ၊ ငါ့ဘဝနဲ့ ပတ်သက်တဲ့ကိစ္စတွေကို ငါ့သဘောနဲ့ငါ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်"

ယေတီက မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"နင် ငါတို့နဲ့လာနေတာကလည်း နင့်သဘောနဲ့ နင်လာနေတာ မဟုတ်လား၊ နင်မနေချင်ရင် ကိုယ့်နေရာကိုယ် ပြန်သွားပေါ့၊ ငါ့ကိုတော့ ဒီလိုချုပ်ကိုင်ဖို့ မကြိုးစားနဲ့၊ ဘယ်တော့မှ လက်ခံမှာမဟုတ်ဘူး"

ဟု ပြောလိုက်သောအခါ ယေတီကဘာမှ ပြန်မပြောတော့ပဲ ရေသယ်ရန်အတွက် ဝါးကျည်တောက်နှစ်လုံးကိုကိုင်ပြီး စမ်းချောင်းရှိရာသို့ ဆင်းသွားလေသည်။ မီချိုက နောက်ဘက်မှကြည့်ရင်း. . .

"ယေတီရယ် နင်နဲ့ငါနဲ့က ဘဝချင်းတူတာမှမဟုတ်တာ၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ကိစ္စကို နင်ကြိုးစားနေရင်တော့ စိတ်ဆင်းရဲတာပဲ အဖတ်တင်မှာပေါ့"

ဟု ရေရွတ်ပြောဆိုလိုက်လေသည်။ နောက်တစ်နေ့မှာတော့ ယေတီ၏လမ်းပြပေးမှုဖြင့် နဝင်တောင်တန်းများရှိသောနေရာဘက်သို့ ဦးတည်ပြီး ခရီးဆက်ကြလေသည်။

တစ်နေရာရောက်တော့ တောင်စဉ်တောင်တန်းများ





ဝန်းရံနေသော တောင်စောင်းတစ်နေရာ တည်ဆောက်ထားသော အဆောက်အဦးတစ်ခုကို လှမ်းမြင်ကြရလေသည်။ ရာသီဥတု သာယာနေသည့်အချိန် ဖြစ်သောကြောင့် အတော်ဝေးသောနေရာမှ မြင်ကွင်းကို လှမ်းမြင်ကြရခြင်းဖြစ်သည်။

"နဝင်တောင်တန်းတွေကို ရောက်ပြီလား"

ဒေါက်တာမင်းထင်ကျော်က မေးသောအခါ အနားမှာရှိနေသော ယေတီက ခေါင်းခါပြလေသည်။

"မရောက်သေးပါဘူး၊ နောက်ထပ်တစ်ညအိပ် ခရီးလောက်သွားမှ ရောက်မယ်"

"ရှေ့မှာမြင်နေရတဲ့အဆောက်အဦးက ဘာအဆောက်အဦးလဲ"

"ဂွန်တေဂွန်ပါ ဘုရားကျောင်းပါ"

ထိုစကားကြောင့် စိတ်ထဲမှအံ့သြသွားလေသည်။

"ဒီလိုနေရာမျိုးမှာ ဘုရားကျောင်းတစ်ခု ရှိနေတာကတော့ အံ့သြစရာပဲ"

ထိုအခါ အဘိုးကြီး ဒန်ဒိုဂျီက ဝင်ပြောပြသည်။

"ဂွန်တေဂွန်ပါ ဘုရားကျောင်းက ဒီနေရာမှာရှိနေတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ၊ သူနဲ့ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ သမိုင်းကြောင်းတွေလည်း အများကြီးရှိတယ်"

"ဘယ်လိုသမိုင်းကြောင်းမျိုးတွေလဲ"

"အများကြီးပေါ့၊ အရင်ကတော့ ဘုရားကျောင်းထဲကို အနောင်နိုင်ငံသားတွေ၊ တိုင်းတစ်ပါးသားတွေ ဝင်ရောက်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မပြုဘူး၊ အခုနောက်ပိုင်းတော့ ဝင်ခွင့်ပေးပါတယ်"

"ဘယ်လိုကြောင့် ဝင်ခွင့်မပေးတာလဲ"

"ဘုရားကျောင်းထဲမှာ မီကိုအီတစ်ကောင်ရှိတယ်"

"ဟင်"

ထိုစကားကြောင့်များစွာ အံ့ဩသွားလေသည်။

"မီကိုအီက ဘာကြောင့် ဘုရားကျောင်းထဲမှာနေတာလဲ"

"အသက်မရှိတော့တဲ့ မီကိုအီတစ်ကောင်ပါ၊ သေပြီး ပုံစံမပျက်ကျန်နေတဲ့ မီကိုအီကို အဲဒီမှာချိတ်ဆွဲထားတာပါ"

ဟု ပြောပြသည်။

"ဘယ်လိုကြောင့် အဲဒီမှာ ရောက်နေတာလဲ"

"သမိုင်းကြောင်းတော့ရှိပါတယ်၊ ဘုရားကျောင်းရောက်တဲ့အခါ ဆရာတော်က ပြောပြပေးပါလိမ့်မယ်"

ဟု ပြောရာ ဒေါက်တာမင်းထင်ကျော်တို့လည်း များစွာ စိတ်ဝင်စားကြလေသည်။ ထို့ကြောင့် ဂွန်တေဂွန်ပါ ဘုရားကျောင်းရှိရာသို့ ဦးတည်ပြီး သွားကြလေသည်။ နေဝင်ကာနီးအချိန်လောက်တွင် ဘုရားကျောင်းရှိသောနေရာသို့ ရောက်သွားကြသည်။

ကျောင်းသို့ရောက်သောအခါ ကျောင်းထိုင်ဆရာတော်က ကောင်းမွန်စွာပင် ကြိုဆိုပြီး နေရာထိုင်ခင်းများပေးသည်။ ကျောင်းကိုစောင့်ရှောက်ပေးနေသော ဆရာတော်မှာ အသက်အရွယ် မကြီးလှသေးပေ။ အသက်(၄၀)ကျော် (၅၀)နီးပါးသာ ရှိပြီး တည်ငြိမ်အေးချမ်းသော အသွင်မျိုးရှိသည်။





ဂွန်တေဂွန်ပါ ဘုရားကျောင်းမှာ လူသူမနီးသော တောတောင်ထဲမှာ ရှိသည်ဆိုသော်လည်း ကျယ်ဝန်းခမ်းနားသော ကျောင်းဆောင်ကြီးပင် ဖြစ်ပေသည်။ ရှေးခေတ်လက်ရာများဖြင့် တည်ဆောက်ထားပြီး ခိုင်ခံ့မှုလည်း ရှိသည်။

မှန်ချပ်ကြီးများ တပ်ဆင်ထားသော ပြတင်းပေါက်များမှတစ်ဆင့် အပြင်မှအလင်းရောင်များ ဝင်နေလေသည်။ အဘိုးကြီး ဒန်ဒိုဂျီက အကျိုးအကြောင်း ပြောပြသဖြင့် ဆရာတော်က သူတို့နှင့်တွေ့ရသည်ကိုပင် ဝမ်းသာနေဟန်ရှိသည်။

"ဗမာပြည်ဆိုတာ ဗုဒ္ဓဘာသာ ထွန်းကားတဲ့နိုင်ငံတစ်နိုင်ငံပဲ၊ စေတီဘုရားတွေလည်း နေရာအနှံ့မှာ ရှိကြတယ်၊ အခုလို တွေ့ရတာဝမ်းသာပါတယ်"

ဟု ပြောဆိုလေသည်။ ဒေါက်တာမင်းထင်ကျော်တို့က ဆရာတော်ကို အရိုအသေပေးလိုက်ကြသည်။

"ဒီနေရာကို ဘာအတွက်ရောက်လာကြတာလဲ"

"ဆေးဖက်ဝင်ဆေးပင်နဲ့ ဆေးဖက်ဝင် ကျောက်တွေ ရှာဖွေဖို့ လာခဲ့ကြတာပါ"

ဆရာကြီးသူရဇ္ဇက ရှာဖွေလိုသော ဆေးပင်အမည်များနှင့် သိဒ္ဓိဝင် မှော်ကျောက်အမည်များကို ပြောပြလိုက်သည်။

"ရှားပါးတဲ့ သိဒ္ဓိရှိတဲ့ ဆေးပင်တွေ ကျောက်တွေက သာမန်နေရာတွေမှာ မတွေ့နိုင် မရနိုင်ဘူး"

"ဘယ်နေရာတွေမှာ ရှာဖွေရင် တွေ့နိုင်မလဲ၊ တစ်ခုလောက် လမ်းညွှန်ပြပေးပါ ဆရာတော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ တစ်ညအိပ်လောက်သွားရင် နဝင်တောင်တန်းတွေဘက်ကို ရောက်သွားနိုင်တယ်၊ အဲဒီနေရာတွေဘက်ကတော့ လူသူအရောက်အပေါက် နည်းတဲ့နေရာတွေပဲ၊ အဲဒီနေရာကို ရောက်အောင်သွားမယ်ဆိုရင်တော့ သင်တို့အလိုရှိတဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ ရနိုင်ပါလိမ့်မယ်"

ဆရာတော်ပြောသောစကားမှာ တစ်ခါက ယေတီပြောခဲ့သောစကားနှင့် များစွာတူနေသောကြောင့် ကျေနပ်သွားကြလေသည်။

"ဒီကျောင်းမှာ မိဂိုအိရုပ်ကြွင်းတစ်ခုရှိတယ်ဆိုတာ မှန်ပါသလား ဆရာတော်"

"ရှိပါတယ်၊ အနောက်တိုင်းသားတွေကိုတော့ ဒီအခန်းထဲကို ဝင်ခွင့်မပေးပါဘူး၊ သင်တို့ကိုတော့ ဝင်ကြည့်ခွင့်ပေးပါ့မယ်"

ဟု ပြောပြီး တံခါးပိတ်၍ သော့ခတ်ထားသော အခန်းကို သော့ဖွင့်ပေးလေသည်။ ထို့ကြောင့် သုံးယောက်သား အခန်းတွင်းသို့ဝင်ကြည့်ကြသည်။ အခန်းမှာ သီးသန့်ထားသော အခန်းမင်ဖြစ်ပြီး အတော်ပင် ကျယ်ဝန်းလေသည်။

အခန်းနံရံတစ်နေရာမှာတော့ ချိတ်ဆွဲထားသော ရုပ်ကြွင်းတစ်ခုကို တွေ့ကြရသည်။ ရုပ်ကြွင်းဆိုသော်လည်း အရိုးကျနေသော ရုပ်ကြွင်းမျိုးတော့ မဟုတ်ပေ။ အသွေးအသားများ မရှိတော့သော်လည်း အရိုးနှင့်အရေပြားများကတော့ ခန္ဓာကိုယ်ပုံသဏ္ဍာန်မပျက် ရှိနေကြသည်။





အရွယ်အစားက လူတစ်ယောက်ထက် ပိုကြီးသည်။ ဦးခေါင်းက အနည်းငယ်သေးပြီး အောက်သို့စိုက်ကျနေလေသည်။ မေးစေ့အောက်မှာရှိသော အရေးပြားမှာ ရင်ဘတ်မှာရှိသည့် အရေပြားနှင့် တွဲလျက်သား ရှိသည်။

ပါးစပ်မှာ ပိတ်လျက်သားရှိပြီး မျက်လုံးနေရာက အပြင်သို့ ပြူးထွက်နေသည်။ မသေခင် ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန်ခံခဲ့ရသော ပုံသဏ္ဍာန်မျိုးဖြစ်သည်။ နံဘေးသို့ တွဲလောင်းကျနေသော လက်နှစ်ဖက်နှင့် ခြေထောက်တို့မှာ သာမန်လူတစ်ယောက်၏ လက်တံခြေတံများနှင့် ပိုရှည်နေဟန်ရှိသည်။

ခြောက်နေသော လက်တံခြေတံတို့မှာ ကြီးမားရှည်လျားလှပေသည်။ ရုပ်ကိုကြည့်ရသည်မှာ လူတစ်ယောက် မျက်နှာမျိုးနှင့်မတူပဲ ကြောက်စရာကောင်းသော ထိရွာန်တစ်ကောင်၏ ပုံသဏ္ဍာန်မျိုး ဖြစ်နေလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သုတေသနသမားဖြစ်သောကြောင့် သူ့ရှေ့မှာ မြင်နေရသော မိဂိုအိရုပ်ကြွင်းကို သေသေချာချာ လေ့လာနေလေသည်။ အချိန်အတော်ကြာသည်အထိ ကျေနပ်လောက်အောင် လေ့လာကြည့်ရှုပြီးမှ အပြင်သို့ ပြန်ထွက်လာကြလေသည်။

"မိဂိုအိရုပ်ကြွင်းက ဘုရားကျောင်းကို ဘယ်လိုများရောက်နေတာလဲ ဆရာတော်"

ထိုအခါ ဆရာတော်က ရုပ်ကြွင်းနှင့်ပတ်သက်သော အကြောင်းကို အတိုချုပ်ပြီးပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေက သမိုင်းကြောင်းတော့ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀)ကျော်လောက်ကတည်းက ဒီဘုရားကျောင်းကို မီဂိုအီရုပ်ကြွင်းက ရောက်နေခဲ့တယ်လို့ သိရပါတယ်"

"ဘယ်သူကလာပို့ပေးတာပါလဲ"

"အဲဒီအချိန်ကာလတုန်းက ဘုရင်အနွယ်တော် တစ်ဦးဟာ တောလည်ထွက်လာရင်း မီဂိုအီနဲ့ ရင်ဆိုင်တွေ့ကြတယ်၊ မီဂိုအီက ရန်မူတိုက်ခိုက်ဖို့ ကြိုးစားရင်းနဲ့ အခြေအနေမကောင်းတော့ ထွက်ပြေးခဲ့ရတယ်၊ မင်းသားလည်း နောက်လိုက်နောက်ပါတွေနဲ့ လိုက်သွားပြီး မီဂိုအီကို သုတ်သင်သတ်ဖြတ်နိုင်ခဲ့တယ်၊ သူသတ်ဖြတ်လို့ သေခဲ့တဲ့ မီဂိုအီကို ဒီဘုရားကျောင်းအထိ သယ်ယူလာပြီးတော့ နောက်ပိုင်းကာလမှာ လူတွေသိရမြင်ရအောင် ရည်ရွယ်ချက်နဲ့ ချိတ်ဆွဲထားခဲ့တာ ဖြစ်ပါတယ်"

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ တောနံရံ၌ ချိတ်ဆွဲထားသော ရုပ်ကြွင်းမှာ မီဂိုအီဟုခေါ်သော နှင်းလူတစ်ကောင်၏ ရုပ်ကြွင်းဟုတ်သည် မဟုတ်သည် မသိကြရသော်လည်း ထိုအရပ်ဒေသတွင် မီဂိုအီနှင့်ပတ်သက်သည့် ထူးခြားမှုများရှိနေသည်ကိုတော့ လက်ခံရမည် ဖြစ်ပေတော့သည်။

☺ အောင်မြင်စာပေ ☺





## အခန်း(၁၀)

## အချစ်ကြီးသူ၏ အကြံအစည်

တော ထဲမှ စိတ်တထင့်ထင့်နှင့်အိပ်ရသည်နှင့်စာလျှင် လုံခြုံစိတ်ချရသော ဘုရားကျောင်းမှာ အိပ်ရသည်က ပိုကောင်းသောကြောင့် စိတ်ချလက်ချ အိပ်ကြရာ နောက်တစ်နေ့ နေအတော်မြင့်မှ ပြန်နိုးလာကြတော့သည်။ သူတို့ပြန်နိုးလာသော အချိန်၌ ယေတီကို မတွေ့ကြရတော့ပေ။

ပထမတော့ အပြင်သို့ခေတ္တခဏ သွားနေသည်ဟု ထင်သော်လည်း နေမြင့်သောအချိန်ရောက်သည်အထိ ပြန်မရောက်လာတော့ပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ယေတီ ဘယ်ရောက်သွားပြီလဲ"

"တောထဲသွားနေတာ ဖြစ်မယ်"

"အစားအသောက် သွားရှာနေတာများ ဖြစ်မလား"

"ဒါပေမယ့်. . ခါတိုင်းတော့ သူဘယ်သွားမယ်ဆိုတာ ပြောသွားလေ့ရှိတယ်"

"ကျွန်မထင်တာတော့ သူ ကျွန်မတို့နဲ့ မလိုက်ချင်တော့လို့ ထွက်သွားတာဖြစ်မယ် ထင်တယ်"

မီချီကိုစကားကြောင့် အားလုံးသက်ပြင်းချ လိုက်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် မီချီကိုနှင့်ယေတီတို့ နှစ်ယောက်အခြေအနေကို အားလုံးက တစ္စန်းတစရိပ်မိနေကြသောကြောင့် ဖြစ်ပေသည်။

မီချီကိုက ထိုသို့ပြောသော်လည်း သေသေချာချာ မသိကြရသေးသောကြောင့် နေရောင်ခြည်ရလာသည်အထိ စောင့်ကြလေသည်။ ဘုရားကျောင်းရှိသောနေရာမှာ တောင်စောင်းတစ်ခုပေါ်၌ တည်ရှိသည်ကတစ်ကြောင်း၊ ထိုနေရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်ပင်မြင့်ကြီးများ မရှိသည်က တစ်ကြောင်းကြောင့် နေရောင်ခြည် ထွက်လာသည်နှင့် ကောင်းစွာရလေသည်။ နံနက်ပိုင်းအချိန် ပြတင်းပေါက်များမှ ဝင်လာသော နေရောင်ခြည်သည် နွေးထွေးမှုကို ဖြစ်စေသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း နေရောင်ခြည်ခံရင်း ပါလာသော အစားအသောက်တို့ကို စားသောက်ရင်းနှင့် ယေတီပြန်အလာကို စောင့်ကြသေးသည်။





သို့သော် ပြန်ရောက်မလာပေ။ မည်သို့အခြေအနေပင်ရှိသည်ဖြစ်စေ ယေတီသည် သူတို့အတွက်တော့ ခရီးလမ်းတစ်လျှောက်လုံးမှာ အားကိုးရသော အဖော်တစ်ယောက် ဖြစ်ခဲ့ပေသည်။ ယခုလို မမျှော်လင့်ပဲ လမ်းခွဲသွားသောအခါမှာတော့ စိတ်မကောင်းဖြစ်ကြရသည်။

"ယေတီတော့ ထွက်သွားပြီထင်တယ်၊ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ဦးဇန်ကောင်းက မေးလိုက်လေသည်။

"စိတ်မပူပါနဲ့၊ သူမရှိလည်းဖြစ်ပါတယ်၊ နဝင်တောင်တန်းဘက်ရောက်အောင် သွားရမယ့်လမ်းတွေကို ကျုပ်ကောင်းကောင်းသိပါတယ်၊ ကျုပ်လမ်းပြပေးပါ့မယ်"

ဟု အဘိုးကြီး ဒန်ဒိုဂျီက ဝင်ပြောလေသည်။ ထို့ကြောင့် အနည်းငယ် စိတ်သက်သာရာတော့ ရသွားကြလေသည်။ စားသောက်ပြီးသဖြင့် နေအတော်မြင့်သောအခါမှာတော့ ထိုနေရာမှ ခရီးဆက်ထွက်ရန် ပြင်ဆင်ကြလေသည်။ ခရီးထွက်ကာနီးတော့ ဆရာတော်က သူတို့အဖွဲ့အား မေတ္တာပို့ပေးသောကြောင့် မေတ္တာခံယူကြရသည်။

ပြတင်းပေါက်မှဝင်လာသော နေရောင်ခြည်အောက်မှာထိုင်ရင်း ဘေးအန္တရာယ်ကင်းဝေးစေရန် ဆုတောင်းပေးသော ဆရာတော်၏ မေတ္တာကိုခံယူကြရသည်မှာ နွေးထွေးမှုရှိလှသည်။ ထို့နောက်မှာတော့ ဝွန်တေဝွန်ပါဘုရားကျောင်းမှထွက်ကာ ခရီးဆက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့ဦးတည်သောအရပ်မှာ ပွန်နက်ခါးမြို့ရှိသော နေရာ၏ အနောက်ဘက်၊ သူတို့ရောက်နေသော နေရာဘက်မှ ကြည့်လျှင် အနောက်မြောက်ယွန်းယွန်းဘက်သို့ ခရီးဆက်ကြလေသည်။

"ဒီနေရာကသွားရင် သိပ်မဝေးတော့ဘူး၊ ကြားထဲမှာ တောနက်ကြီးတစ်ခုပဲ ရှိတယ်၊ အဲဒီတောနက်ကြီးကျော်တာနဲ့ တောင်ကိုးလုံးကို လှမ်းမြင်ရပြီ"

ဟု အဘိုးကြီး ဒန်ဒိုဂျီကပြောသည်။ အဘိုးကြီး ဒန်ဒိုဂျီနှင့်မိချိုကိုတို့နှစ်ယောက်မှာ သူတို့နှင့်အတူတူနေလာခဲ့သော ဆိုနမ်ခမ်တစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသည့်အတွက်တော့ စိတ်မကောင်းဖြစ်နေကြပုံ မရကြပေ။

ပုံမှန်အခြေအနေဖြင့်သာ သူတို့အလုပ်ကို သူတို့ပုံမှန်လုပ်နေကြသည်။ ဤသို့ဖြင့် သူတို့ဖြတ်ကျော်သွားရမည့် တောနက်ကြီးအစပ်သို့ ရောက်သွားကြလေသည်။ ထိုနေရာရောက်တော့ ညနေပိုင်းအချိန် ရောက်နေပေပြီ။ ထို့ကြောင့် နေရောင်ခြည်မမြင်ရပဲ အအေးဓာတ်များက ဖုံးလွှမ်းလာလေသည်။

"ဒီတောကျော်ရင် တောင်ကိုးလုံးကို လှမ်းမြင်ရပါပြီ နေ့ဝက်ခရီးလောက်ဆက်သွားရင် ရောက်နိုင်ပါတယ်၊ အဲဒီရောက်ရင်တော့ ဆရာကြီးတို့လိုချင်တဲ့ ရှာဖွေနေတဲ့ဆေးပင်တွေ၊ ကျောက်တွေအားလုံး ရနိုင်ပါတယ်"

ဟု အဘိုးကြီး ဒန်ဒိုဂျီကပြောသည်။

"ကောင်းတာပေါ့ဗျာ၊ အပင်ပန်းခံရကျိုးနပ်တာပေါ့"





"ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများပါလိမ့်"

"တောင်ကိုးလုံးဘက်မှာ ဆေးပင်တွေကျောက်တွေ ရှိသလို ဘုရင်တပ်သားတွေနဲ့လည်း တွေ့ရတတ်တယ်"

"ပွန်နက်ခါးမြို့က ဘုရင့်တပ်သားတွေလား"

"ဟုတ်ပါတယ်၊ သူတို့က စုန်းမတွေကို ရှာဖွေသုတ်သင်ဖို့ ဒီနေရာတွေအထိ ရောက်လာတတ်ကြတယ်၊ တောင်ကိုးလုံးက ပွန်နက်ခါးမြို့နယ်နိမိတ်နဲ့ တစ်ဆက်တည်းရှိတယ်"

"နောက်ထပ် ဘာတွေရှိသေးသလဲ"

"ဒီတောတွေထဲမှာ သွားလာတဲ့အခါ သတိထားကြရတယ်၊ ဒီတောထဲမှာ မီဂိုအီတွေရှိတယ်"

ဒေါက်တာမင်းထင်ကျော်က ပခုံးနှစ်ဘက် တွန့်ပြလိုက်သည်။

"တွေ့တော့လည်း အနီးကပ်တွေ့လို့ရတာပေါ့"

"နှင်းလူတွေက ကြောက်စရာကောင်းတယ်၊ အကောင်အရွယ်အစားကြီးသလို ဒေါသလည်းကြီးတယ်၊ လူတွေကို ဖမ်းမိရင် တစ်စစီဖြစ်အောင် ဆုတ်ဖြဲပြီး သတ်ဖြတ်ကြတယ်"

"ဒီလိုဆိုတော့လည်း သတိထားရမှာပေါ့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့မှာ သေနတ်တွေပါလာပါတယ်"

"ဒါပေမယ့် နှင်းလူတွေက အကြောင်းမဲ့တော့ လူတွေကို ရန်မရှာကြပါဘူး၊ အသံကြားတာနဲ့တင် အဝေးကိုရှောင်ပြေးသွားကြပါတယ်၊ မလွှဲမရှောင်သာ ရင်ဆိုင်တွေ့ရင်တော့သာ သဲ

www.burmeseclassic.com



ကြီးမဲကြီး တိုက်ခိုင်လေ့ရှိကြတာပါ”

ဟု ပြောပြသည်။

“နောက်ထပ်ဘယ်လို အန္တရာယ်မျိုးတွေရှိသေးသလဲ”

အဘိုးကြီး ဒန်ဒိုဂျီက ဆေးရွက်ဖပ်အချို့ကို ပါးစပ်ထဲ ထည့်ကာ တမြုံ့မြုံ့ဝါးနေရင်းမှ ဆက်ပြောလေသည်။

“ကြောက်စရာအကောင်းဆုံးကတော့ စုန်းမတွေပါပဲ မြို့တွေရွာတွေထဲမှာ နေခွင့်မပေးတော့ပဲ နှင်ထုတ်လိုက်တဲ့ စုန်းမတွေဟာ ဆွေမျိုးသားချင်းတွေပါခေါ်ပြီး ဒီတောတောင်တွေထဲမှာ လာနေကြရတယ်၊ သူတို့က နေရာအနှံ့မှာ ရှိနေကြတယ် သူတို့နဲ့တွေ့တဲ့အခါ ချစ်ရင်ဖြစ်စေ မုန်းလို့ပဲဖြစ်စေ ပြုစားတတ်ကြတယ်၊ လှည့်စားတတ်ကြတယ်”

ဟု ပြောပြလေသည်။

“စုန်းမတွေဆိုတာလည်း သာမန်လူတွေပဲ မဟုတ်လား သူတို့ကို ဘယ်လိုသိနိုင်မလဲ”

“ရုတ်တရက်တော့ မသိဘူးပေါ့၊ ဒါပေမယ့် ပြုစားခံရပြီ ဆိုရင်တော့ သိကြရတယ်”

ဟု ပြောပြရာ ဒေါက်တာမင်းထင်ကျော်က ရိုးသားလှသော အဘိုးကြီးဒန်ဒိုဂျီကိုကြည့်ပြီး သဘောကျစွာပြုံးလိုက်လေသည်။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ညနေပိုင်းအချိန်သို့ ကျော်လွန်လာခဲ့ပေပြီ။

ထို့ကြောင့် သင့်တော်သောနေရာတစ်နေရာမှာ ရှာဖွေပြီး စခန်းချကြလေသည်။ ညအချိန်ရောက်တော့ စားသောက်





ပြီးသောအခါ လူကြီးများက နားနေကြပြီး ဒေါက်တာမင်းထင်ကျော်နှင့် မီချိုကိုတို့နှစ်ယောက်ကတော့ မီးလှုံရင်းနှင့် စကားပြောနေကြလေသည်။

“ယေတီတစ်ယောက် ဘယ်ကိုပြန်သွားတယ်လို့ ထင်သလဲ”

“သူ ဘယ်ကလာတယ်ဆိုတာလည်း မသိဘူး၊ ဘယ်ကိုပြန်သွားတယ် ဆိုတာလည်း ကျွန်မ မသိဘူး”

ဟု မီချိုကိုကတော့ ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

“သူက မီချိုကိုအပေါ်မှာ နှစ်သက်နေပုံရတယ်”

“ဒါကတော့ သူ့အပိုင်းပေါ့၊ ကျွန်မကတော့ သူ့လိုလူတစ်ယောက်ကို ဘယ်လိုမှ စိတ်ကူးလို့မရပါဘူး”

“ဒါပေမယ့် သူက ဒီအတိုင်းလက်လျှော့ပေးမယ်လို့ထင်သလား”

ထိုသို့မေးတော့ တွေတွေကလေး ဖြစ်သွားလေသည်။

“ကျွန်မကတော့ ဒီအတွက်ဘာမှမစိုးရိမ်ပါဘူး၊ ကြောက်လည်းမကြောက်ပါဘူး၊ သူ့ကိုကြောက်လို့ သူ့မေတ္တာကို လက်ခံပေးရတာမျိုးတော့ ဘယ်တော့မှအဖြစ်ခံမှာ မဟုတ်ပါဘူး”

ဟု ပြတ်ပြတ်သားသားပင် ပြောလေသည်။ မီချိုကိုမှာ ရုပ်ရည်ကလေး ချောမောလှပသလောက် စိတ်ဓာတ်မာကျောသူတစ်ဦးဖြစ်မှန်းတော့ အစောပိုင်းကတည်းက ရိပ်စားမိလေသည်။ အတော်ကလေး ညဉ့်နက်လာသောအခါ နှင်းများအေ



www.burmeseclassic.com

www.burmeseclassic.com



ကျလာလေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်အခြေအနေကို သိမ်း မမြင်ရတော့ပေ။ ထိုအချိန်တွင် ဂူအပြင်ဘက်မှ အသံတစ်သံ ပေါ်ထွက်လာလေသည်။

"မီချိုကို့. . မီချိုကို ငါ့ကိုကယ်ပါဦး"

အသံကြားကတည်းက ယေတီအသံဖြစ်မှန်း သိကြလေသည်။ သို့ကြောင့် နားစွင့်ကြည့်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ဂျာကင်အင်္ကျီအတွင်းဘက်မှာ ထည့်ထားသောသေနတ်ကို လက်ဖြင့်စမ်းကြည့်ကာ အခြေအနေကို ကြည့်နေလေသည်။ ထိုအခိုက်မှာပင် နောက်ထပ်အကူအညီတောင်းသောအသံကို ထပ်ကြားရပြန်သည်။

"မီချိုကို ငါယေတီပါ၊ ငါတောထဲသွားရင်းနဲ့ နှင်းလူနဲ့တွေ့ပြီး အတိုက်ခံရလို့ ဒဏ်ရာတွေရလာတယ်၊ ငါ့ကို လာကယ်ပါဦး"

ထိုအသံကြောင့် မီချိုကိုမှာ စိုးရိမ်ထိတ်လန့်သော အမူအယာဖြင့် အပြင်ဘက်သို့ ထွက်ကြည့်လေသည်။ ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို သတိရသဖြင့် လှမ်းပြီးသတိပေးရန် စိတ်ကူးမိလိုက်သေးသည်။ သို့သော် မမီလိုက်တော့ပေ။

အပြင်ဘက်သို့ထွက်သွားသော မီချိုကိုအား အမှောင်ထဲမှ အသင့်စောင့်နေသော ယေတီက ပွေ့ယူကာ တောတွင်းသို့ ဝင်ပြေးလေတော့သည်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး"

ဟူသော မီချိုကို၏ စူးစူးဝါးဝါးအော်သံက ပတ်ဝန်းကျင်





တစ်ဝိုက်မှာ ပဲ့တင်ထပ်သွားလေသည်။ ထိုအသံကြောင့် ဒန်ဒိုဂျီက အနားရောက်လာလေသည်။

"ဘာဖြစ်တာလည်း ဆရာ"

"မီချိုကိုကို တစ်ယောက်ယောက်က ဖမ်းခေါ်သွားတာနဲ့ တူတယ်"

"ဒါဆို ယေတီပဲ ဖြစ်မယ်"

"ဘယ်လိုလုပ်ကြမလဲ"

"ကျုပ် နောက်ကလိုက်သွားမယ်၊ ကျုပ်မြေးမလေးကို ရအောင် ပြန်ကယ်လာခဲ့မယ်"

"ဒီအချိန်မှာ တစ်ယောက်တည်း သွားလို့မဖြစ်ဘူးထင်တယ်၊ ကျွန်တော်လည်း လိုက်ခဲ့မယ်"

ဟုပြောကာ လက်နှိပ်မီးနှင့် သေနတ်ကိုယူပြီး အဘိုးကြီး ဒန်ဒိုဂျီနှင့်အပြင်ဘက်သို့ ထွက်လာလေသည်။ ဒေါက်တာမင်းထင်ကျော်က အဘိုးကြီးဒန်ဒိုဂျီကိုလည်း သေနတ်တစ်လက် ပေးထားလေသည်။

နှစ်ယောက်သားအပြင်ရောက်တော့ မီချိုကို အော်သံကို ကြားနေရသေးသည်။ အဘိုးကြီးဒန်ဒိုဂျီက တောကျွမ်းသူတစ်ဦး ဖြစ်သောကြောင့် ထိုအော်သံကို နားစွင့်ပြီးပြောသည်။

"သူတို့အနောက်ဘက်ကို ဦးတည်သွားနေကြတာ၊ ဒီဘက်ဖြတ်လမ်းကလိုက်ရင် ပိုမြန်မယ်"

ဟု ပြောကာ ဖြတ်လမ်းမှ လိုက်ကြလေသည်။ ညအချိန် ရောက်နေပြီဖြစ်သောကြောင့် တောထဲမှာ အမှောင်ရိပ်များ ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသည်က တစ်ကြောင်း၊ နှင်းများကျနေသောကြောင့် ပတ်ဝန်း
ကျင်ကို ကောင်းစွာမမြင်ရပေ။

သို့သော် ကောင်းကင်မှ ကျနေသောအလင်းရောင်
ကြောင့် အတန်သင့်တော့ မြင်နေရသည်။ ဒီနေရာမှာတော့
အဘိုးကြီး ဒန်ဒိုဂျီက သူ့ထက်အသက်ကြီးသော်လည်း တော
ကျွမ်းသူဖြစ်ကြောင်း လက်တွေ့မြင်ရလေသည်။

ခတ်သဲ့သဲ့သာ ကြားနေရသော မီချီကို အော်သံကို နား
စွင့်ပြီးခြေရာခံ၍ လိုက်သွားရာ အတော်ကြာတော့ အသံက
တဖြည်းဖြည်း နီးလာလေတော့သည်။ သူတို့နှစ်ယောက် လိုက်
သွားသောလမ်းမှာ ဖြတ်လမ်းဖြစ်သည်။

လမ်းတစ်လျှောက်မှာတော့ ညအချိန်အစာရှာ ထွက်လာ
သော တောကောင်အချို့နှင့် တွေ့ကြရသော်လည်း ကြီးကြီး
မားမား အန္တရာယ်မျိုးတော့ မတွေ့ကြရပေ။ နောက်ဆုံးမှာတော့
မီချီကို၏အော်သံမှာ တဖြည်းဖြည်းနှင့် သူတို့ရှိသောနေရာဘက်
သို့ ဦးတည်လာနေလေသည်။ ဖြတ်လမ်းမှ လိုက်ကြသော
ကြောင့် သူတို့နှစ်ယောက်က ရှေ့သို့ကြိုတင်ရောက်နှင့်နေကြ
လေသည်။

"သူတို့လာနေပြီ၊ ဘယ်လိုလုပ်မလဲ"

"မီချီကို ကိုသူ့လက်က ပြန်ရအောင် ကယ်ရမယ်"

"ဒီအတိုင်းတော့ ရမယ်မထင်ဘူး"

"သေနတ်နဲ့ ပစ်တန်ပစ်ရမှာပဲ၊ အသက်သေအောင် မ
သတ်ချင်ရင်တောင် ဒဏ်ရာရအောင်တော့ လုပ်ရမှာပဲ"





ဟု အံကြိတ်ထားရင်း ပြောသည်။ သို့ဖြင့် နှစ်ယောက်
သား သစ်ပင်ကွယ်နေရာများမှ လူခွဲပြီးစောင့်နေကြလေသည်။
အတန်ကြာတော့ သစ်ပင်များ လှုပ်ရှားလာသည်ကို အရင်လှမ်း
မြင်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်
သင့် ပြင်ထားလိုက်သည်။

မရှေးမနှောင်းမှာပင် တောထဲမှ လူတစ်ယောက် ထွက်
လာသည်။ ယေတီဟုခေါ်သော ဆိုနမ်ခမ်ပင် ဖြစ်လေသည်။
သူက မီချီကိုအား အရုပ်ကလေးတစ်ရုပ်လို့ ပွေ့ချီထားလေ
သည်။ မီချီကိုကလည်း ဒီအတိုင်းငြိမ်ပြီးပါလာခြင်းတော့ မဟုတ်
ပေ။ အော်ဟစ်ရုန်းကန်လျှက်နှင့် ပါလာခြင်း ဖြစ်သည်။ သို့သော်
လည်း ယေတီမှာ နှင်းလူတစ်ကောင်ကဲ့သို့ သန်မာထွားကျိုင်း
သူတစ်ယောက်ဖြစ်သောကြောင့် မီချီကိုမှာ မလွတ်သာပဲရှိလေ
သည်။

ယေတီက ခြေလှမ်းသွက်သွက်ဖြင့် ပြေးလာရာ ဒေါက်
တာမင်းထင်ကျော်တို့ စောင့်ဆိုင်းနေသောနေရာသို့ ရောက်လာ
လေသည်။ ထိုအခိုက်မှာပင် ဒန်ဒိုဂျီရှိသောနေရာဘက်မှ သေ
နတ်သံတစ်ချက် ထွက်လာလေသည်။

"ဒိုင်း"

တိတ်ဆိတ်နေသော တောထဲတွင် သေနတ်သံက အ
တော်ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။ သေနတ်ကျည်
ဆံ ထိမှန်သွားသော ယေတီမှ လက်ထဲမှပွေ့ခေါ်လာသော မီချီ
ကိုကို လွှတ်ချလိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်နောက်ကွယ်မှာ ရောက်နေသော ဒန်ဒိုဂျိကိုမမြင်ရပဲ အ ပြင်ရောက်နေသော ဒေါက်တာမင်းထင်ကျော်ကို မြင်တွေ့သွား လေသည်။

သူ့စိတ်ထဲမှာ သေနတ်ဖြင့် ပစ်သူမှာ ဒေါက်တာမင်း ထင်ကျော်ပင် ဖြစ်သည်ဟုထင်လိုက်သည်။ ထို့နောက် ဒဏ်ရာ ရထားလျှက်နှင့်ပင် တောထဲသို့ ဝင်ပြေးသွားလေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်နှင့် ဒန်ဒိုဂျိတို့နှစ်ယောက်မှာ ခွေခွေလေးလဲကျနေသော မီချိုကိုရှိရာသို့ ပြေးသွားကြသည်။

မီချိုမှာ သတိမေ့နေခြင်းတော့ မရှိပေ။ သို့သော် တစ် လမ်းလုံး သစ်ကိုင်း၊ သစ်ခက်များဖြင့် ထိမိ၊ ငြိမိသောကြောင့် ဒဏ်ရာဒဏ်ချက်များကတော့ ရထားလေသည်။ ဒေါက်တာ မင်းထင်ကျော်က အနီးသို့သွားပြီး လက်ကိုဆွဲကာ ထူပေးလိုက် သည်။

"ဘာမှမဖြစ်ဘူး မဟုတ်လား"

"ဘာမှမဖြစ်ပါဘူး၊ ထိမိခြစ်မိတာလောက်ပဲ ရှိပါတယ်၊ အခုလိုလိုက်ပြီးကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာ ရယ်"

အသံလေးကတုံကယင်နှင့် ကျေးဇူးတင်စကားဆိုသည်။

"ရပါတယ်၊ ဘယ်လိုဖြစ်ပြီးတော့ သူ့နောက်ပါသွားတာ လဲ"

"သူက အမှောင်ထဲက စောင့်နေပုံရတယ်၊ အသံကြား လို့ ကျွန်မထွက်သွားတာနဲ့ အမှောင်ထဲကထွက်လာပြီး အတင်း





ပွေ့ခေါ်သွားတော့တာပါပဲ"

"ကြည့်ရတာ နောက်ကနေလိုက်ချောင်းနေပုံရတယ်၊ အခွင့်အရေးရတာနဲ့တော့ သူခေါ်ရာနောက်ကို ပါသွားတော့ မယ် ထင်တာပဲ"

"ဒါပေမယ့် သတိတော့ထားရမယ်၊ သူ့မှာ ဒဏ်ရာရ သွားပုံရတယ်၊ ဒီတော့ ဘယ်နည်းနဲ့မှ အခဲကြေမှာ မဟုတ်ဘူး၊ နောက်ပြီး သူက မီချိုကိုအပေါ် သံယောဇဉ်ရှိနေတာဆိုတော့ တစ်ချိန်မဟုတ်တစ်ချိန် ပြန်ရောက်လာဦးမယ် ထင်တာပဲ"

ဒေါက်တာမင်းထင်ကျော်က သူ၏ထင်မြင်ချက်ကို ပြောလိုက်သောအခါ အဘိုးကြီး ဒန်ဒိုဂျိက ဒေါသတကြီးဖြင့် ဝင်ရောက်ပြောဆိုလေသည်။

"သားရဲပေါ် အိပ်၊ သားရဲနားစားချင်တဲ့ ကျေးဇူးမသိ တတ်တဲ့ကောင်၊ ဒီတစ်ခါတော့ မှတ်လောက်သားလောက် ဒဏ် ရာရရုံလောက်ပဲ ပစ်လိုက်တယ်၊ နောက်တစ်ခါသာ တွေ့လို့က တော့ တစ်ခါတည်း အသေပစ်သတ်မယ်"

ဟု ပြောဆိုကြိမ်းမောင်းနေလေသည်။ ထို့နောက် ဒဏ် ရာဒဏ်ချက်များရနေသော မီချိုကိုအား ဒေါက်တာမင်းထင် ကျော်ကပင် တွဲကာ စခန်းချသောနေရာသို့ ပြန်လာကြလေ တော့သည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁၁)

# ယေတီနှင့် ထူးဆန်းသော အဆက်အနွယ်များ

အချိန်က နံနက်ပိုင်းအချိန်ပင် ရှိသေးသည်။ ကဲ့ဝေမော်စံအိမ်ဟုခေါ်သော အိမ်ကြီးအတွင်းမှာတော့ ဒေါ်မင်းဇာနှင့် မြေးဖြစ်သူ မဟူရာခင်ခင်တို့ နှစ်ယောက်ရှိနေကြသည်။

ဒေါ်မင်းဇာက နေရောင်ခြည်များဝင်နေသော ပြတင်းပေါက်မှတစ်ဆင့် အဝေးမှလှမ်းမြင်နေရသော တောင်တန်းများရှိရာသို့ လှမ်းကြည့်နေလေသည်။ နေရောင်ခြည်ဆာင်းလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် မြို့နှင်းများက ကျဲပါးစပြုလာပြီဖြစ်သော ကြောင့် မြို့နှင်းများက ကျဲပါးစပြုလာပြီဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ ဝေ့ဝေ့ဝါးဝါးပင် ရှိနေသေးသည်။

ကဝေမှော်စံအိမ်ဟု အမည်ပေးထားသော ၎င်းတို့မြေးအဖွားနေကြသောအိမ်မှာ နဝင်္ဂတောင်တန်းဟုခေါ်သော တောင်ကိုးလုံး၏ အမြင့်ဆုံးတောင်ထိပ်ပေါ်၌ ရှိလေသည်။ သို့ကြောင့် ၎င်းတို့နေသော နေရာမှ လှမ်းမျှော်ကြည့်ပါက ပတ်ဝန်းကျင်မှာရှိသော တောင်တန်းများကို လှမ်းမြင်နေရခြင်းဖြစ်သည်။

ဒေါ်မင်းဇာမှာ အသက်(၆၀)ကျော် အရွယ်ရှိနေပြီ ဖြစ်သော်လည်း ကျန်းမာနေဆဲပင် ရှိသေးသည်။ မဟူရာခင်ခင်ကတော့ အသက်(၂၅)နှစ် ဝန်းကျင်သာရှိသေးပြီး ရုပ်ရည်ချောမောသူတစ်ဦး ဖြစ်ပေသည်။ မူလအမည်မှာ 'ခင်ခင်'ပင် ဖြစ်သော်လည်း အမြဲတစေ အနက်ရောင်များ ဝတ်ဆင်လေ့ရှိသဖြင့် မဟူရာခင်ခင်ဟု ဝိသေသတပ်ကာ ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

မဟူရာခင်ခင်က ရုပ်ရည်ချောမောလှပသလောက် မာနကြီးသူ၊ စိတ်ဓာတ်ခက်ထန်သူတစ်ဦး ဖြစ်လေသည်။ ထို့ပြင် ဖွားအေဖြစ်သူ ဒေါ်မင်းဇာထံမှ ပညာအချို့ကိုလည်း သင်ယူတတ်မြောက်ထားသူ ဖြစ်သည်။

ဒေါ်မင်းဇာက တောစပ်ဘက်သို့ လှမ်းကြည့်နေရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ခင်ခင် သူပြန်လာပြီထင်တယ်၊ ကြည့်ရတာ ဒဏ်ရာရ





လာတဲ့ ပုံမျိုးပဲ"

ဟု ပြောသဖြင့် မဟူရာခင်ခင်ကပါ ပြတင်းပေါက်နားသို့ လာကြည့်လေသည်။ သူမလာကြည့်သောအချိန်မှာ တောစပ်မှ ဒယိမ်းဒယိုင်နှင့် လူတစ်ယောက်ထွက်လာလေသည်။ အခြားသူ မဟုတ်ပေ။ ယေတီဟုခေါ်သော ဆိုနမ်ခမ်ပင် ဖြစ်ပေသည်။ ဆိုနမ်ခမ်သည် အားတင်းပြီးလာခဲ့သော်လည်း အတော့်ကို ပင်ပန်းနွမ်းနယ်နေဟန် ရှိလေသည်။

သူလာတာမြင်တော့ ဒေါ်မင်းဇာနှင့် မဟူရာခင်ခင်တို့နှစ်ယောက်စလုံး အိမ်ပေါက်ဝမှ ထွက်ကြည့်နေကြလေသည်။ အိမ်ပေါက်ဝရောက်လာတော့ ဒေါ်မင်းဇာကမေးသည်။

"ဆိုနမ်ခမ် ဘယ်လိုဖြစ်လာတာလဲ တစ်ကိုယ်လုံး သွေးတွေ စွန်းနေတယ်"

"ဒဏ်ရာရလာလို့ပါ"

ထိုသို့ပြောသောအခါ ဒေါ်မင်းဇာနှင့် မဟူရာခင်ခင်က တစ်ဖက်တစ်ချက်စီ တွဲခေါ်သွားပြီး ကွပ်ပျစ်ပေါ် တင်ပေးလိုက်သည်။ ထို့နောက် ဒေါ်မင်းဇာက ရလာသောဒဏ်ရာကို ဆေးကြောပေးခြင်း၊ ဆေးထည့်ပေးခြင်းများ ပြုလုပ်ပေးပြီး နောက် ပတ်တီးများ စည်းပေးလိုက်သည်။

သေနတ်ကျည်ဆံ ထိမှန်ထားသောနေရာမှာ လက်ပြင်တစ်ဝိုက်တွင် ဖြစ်သောကြောင့် အသက်အန္တရာယ်အတွက်တော့ မစိုးရိမ်ရပေ။

သွေးထွက်များခဲ့သောကြောင့် အားအင်ကုန်ခမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ဖြစ်သည်။ သို့သော်လည်း ဒေါ်မင်းဇာတိုက်သော ကျောက်သွေးတစ်ခွက်ကို သောက်ပြီးသည့်နောက်မှာတော့ အတော်ကလေး အားပြန်ပြည့်လာလေသည်။

"နင် ဘယ်လိုဖြစ်လာတာလဲ"

"ရန်သူတစ်ယောက်က သေနတ်နဲ့ပစ်လိုက်လို့ ဒဏ်ရာရခဲ့တာပါ"

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ နင် ဘယ်နေရာတွေ လျှောက်သွားနေတာလဲ ဆိုနမ်ခမ်"

ဆိုနမ်ခမ်က မပြောပေ။

"ငါတို့ဆီက ထွက်သွားတာအတော်ကြာပြီ၊ ဘယ်နေရာရောက်ပြီး ဘယ်သူတွေနဲ့ သွားနေတာလဲ"

"အရှေ့ပိုင်းဘက်က ရွာတစ်ရွာကို ရောက်သွားပြီး၊ အဲဒီမှာပဲ နေခဲ့တာပါ"

"လူတစ်ပိုင်း၊ နှင်းလူတစ်ပိုင်း ဘဝရောက်နေတဲ့ နင့်ကို ဘယ်သူတွေက လက်ခံထားကြသလဲ"

ဒေါ်မင်းဇာက မေးသော်လည်း ဘာမှပြန်မပြောပဲ ပြတင်းပေါက်မှ တစ်ဆင့် မြင်နေရသော အပြင်ဘက်သို့သာ လှမ်းကြည့်နေသဖြင့် ထိုအကြောင်းကို ဆက်မမေးတော့ပေ။

"ငါ မေးပါရစေဦး၊ နင်က ဘာကြောင့် ဒီကနေ ထွက်သွားခဲ့ရတာလဲ"

"မနေချင်လို့ပါ"

"ဘာကြောင့် မနေချင်ရတာလဲ"





"ကျွန်တော်ကို လူတောမတိုးဝံ့တဲ့ ဘဝမျိုးရောက်အောင် ပြုစားထားလို့ စိတ်နာပြီး ထွက်သွားတာပါ"

"ဒါကတော့ နင့်မှာ အပြစ်ရှိလို့ အပြစ်ပေးထားတာပဲ၊ အချိန်တန်တော့လည်း မူလအတိုင်း ပြန်ရောက်ရစေမပေါ့၊ အခုလို ထွက်သွားပြီးတော့လည်း အချိန်တန်တော့ ငါတို့ဆီ ပြန်လာရတာပဲ မဟုတ်လား"

ဆိုနမ်ခမ်က ဘာမှပြန်မပြောပဲ ဒေါ်မင်းဇာကိုသာကြည့်နေလေသည်။

"ကျွန်တော့်ကို မူလဘဝ မူလအခြေအနေ ပြန်ရောက်အောင် ဘယ်တော့ပြန်လုပ်ပေးမှာလဲ"

"နင် လိမ်လိမ်မာမာနေရင် ပြန်လုပ်ပေးမှာပေါ့"

"ဒါပေမယ့် ကျွန်တော့်ကို ဒုက္ခပေးတဲ့လူတွေကိုတော့ ပြန်ပြီးကလဲ့စားချေရဦးမယ်"

"သူတို့က ဘယ်သူတွေလဲ၊ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာလည်း ငါတို့ကို ပြန်ပြောပြပါ၊ ဒါမှ အကူအညီပေးတန်တာ ပေးလို့ရမှာပေါ့"

ပထမတော့ ဆိုနမ်ခမ်က ပြန်ပြောချင်ပုံမရပေ။ နောက်တော့မှ စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် ဖြစ်ပျက်ခဲ့ပြီးသော အကြောင်းများကို ပြန်ပြောပြသည်။ ၎င်းကို ဒေါ်မင်းဇာမှ အပြစ်ပေးသည့်အနေဖြင့် သာမန်လူတစ်ယောက်ဘဝမှ လူတစ်ပိုင်း နှင်းလူတစ်ပိုင်းဘဝမျိုးဖြစ်အောင် ပြုလုပ်ထားခဲ့သောကြောင့် စိတ်နာပြီး တောထဲသို့ ထွက်သွားခဲ့ကြောင်း၊ တောထဲတွင် ခြေဦး



www.burmeseclassic.com

www.burmeseclassic.com



တည်ရာ လျှောက်သွားရင်းမှ အဖျားရောဂါရသဖြင့် တစ်နေရာတွင် လဲနေစဉ် တောထဲသို့ အမဲလိုက်ရန်ထွက်လာကြသော မြေးအဘိုးနှစ်ယောက်တို့နှင့်တွေ့ပြီး ကယ်တင်ပေးခဲ့သဖြင့် အသက်ချမ်းသာရာရခဲ့ကြောင်း . . .၊

နောက်တော့ ၎င်းတို့နှင့်လိုက်သွားပြီး အတူနေခဲ့ရာမှ မီချိုကိုအပေါ် ချစ်ကြိုက်စွဲလမ်းမိသောကြောင့် မပြန်နိုင်တော့ပဲ ထိုနေရာမှာပင် အတော်ကြာအောင် နေထိုင်ခဲ့ကြောင်း၊ သူက သာ ချစ်ခင်နှစ်သက်သော်လည်း မီချိုကိုက သူ့ကိုမချစ်မနှစ်သက်ခဲ့ကြောင်း၊ နောက်တော့ ရွာသို့ လူသုံးယောက်ရောက်လာပြီး လမ်းပြခေါ်သဖြင့် လိုက်ခဲ့ရာမှ မိမိနေရာသို့ ပြန်ရောက်လာခဲ့ကြောင်း ပြောပြလေသည်။

ဆိုနမ်ခမ်က ဒေါ်မင်းဇာ၏ တူတော်သူဖြစ်ပြီး၊ မဟာရာခင်ခင်နှင့် မောင်နှမ ဝမ်းကွဲတော်စပ်လေသည်။ ငယ်ရွယ်စဉ်ကတည်းက မိဘများမရှိတော့သဖြင့် ဒေါ်မင်းဇာကပင် ခေါ်ယူစောင့်ရှောက်ထားခဲ့ရပေသည်။ ယခင်ကတော့ ထိုရုပ်မျိုးမဟုတ်ပဲ ယောကျ်ားပီသသော ရုပ်ရည်မျိုးရှိသည်။

နောက်တော့ ရွာမှမိန်းမပျိုတစ်ယောက်နှင့် ငြိစွန်းပြီးမှ ထိုမိန်းမပျို၏ အဖွားဖြစ်သူက သဘောမတူသဖြင့် မယူဘဲနေခဲ့ရာ မိန်းကလေးမှာ အရှက်ရသဖြင့် ချောက်ထဲခုန်ချပြီး အဆုံးစီရင်သွားလေသည်။

ထိုသို့ဖြစ်ရသည်မှာ ဆိုနမ်ခမ်၏ အပြစ်မကင်းဟု ယူဆသဖြင့် ဒေါ်မင်းဇာက တူဖြစ်သူအား အပြစ်ပေးခဲ့လေသည်။





အပြစ်ပေးပုံမှာ ရုပ်ကိုမြင်သည်နှင့် မည်သည့်မိန်းကလေးကမှ နှစ်သက်ခြင်းမရှိအောင် သာမန်ရုပ်ရည်ဘဝမှ နှင်းလူတစ်ကောင်၏ မျက်နှာမျိုးဖြစ်အောင် သူ့ပညာဖြင့် ပြုစားထားခြင်းပင် ဖြစ်ပေသည်။

ထိုကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုစားထားသောကြောင့် စိတ်နာပြီး ထိုနေရာမှ ထွက်သွားခဲ့ခြင်း ဖြစ်သည်။ ထိုအကြောင်းများကို ကြားသောအခါ ဒေါ်မင်းဇာက မေးလေသည်။

"ဒါဖြင့် ဆေးပင်နဲ့ကျောက်တွေရှာဖွေမယ့် ဆရာတွေကို မင်းကိုယ်တိုင်လမ်းပြပြီး ခေါ်လာခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာကြောင့် ဒီလိုလုပ်တာလဲ၊ ငါနေတဲ့နေရာကို တအားလူတွေလာတာကို ငါမကြိုက်ဖူးဆိုတာ နင်သိတယ် မဟုတ်လား"

"မီချိုကိုတို့ပါ ဒီဘက်ပါလာတော့၊ ဒီနေရာရောက်ရင် သူ့ကိုခေါ်ထားဖို့ ရည်ရွယ်ချက်နဲ့ ခေါ်လာခဲ့တာပါ"

ဆိုနမ်ခမ်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"အဖော်မိုက်မဲတာပဲ၊ မိန်းမတစ်ယောက်အတွက်နဲ့များ ဒီလိုလုပ်ရသလား"

"သူတို့ဒီနေရာတွေ ရောက်လာတာတစ်ခုတော့ကောင်းပါတယ်၊ ကျွန်တော်တို့ ပိုင်နက်ထဲရောက်လာရင် အားလုံးကို သက်စားချေတဲ့အနေနဲ့ သတ်ပစ်ရမယ်"

"နင့်မှာအခုထိ အဲဒီစိတ်တွေရှိနေတုန်းပဲလား၊ လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နင်လုပ်ချင်တာ လုပ်လို့ရမယ်လို့ ထင်နေသလား၊ ကိုယ်က မသတ်ရသေးခင် ကိုယ့်ကိုသတ်နိုင်တဲ့သူတွေ ရှိတယ်ဆိုတာ ရော သိရဲ့လား"

ထိုသို့ပြောတော့ ဆိုနမ်ခမ်က ဘာမှပြန်မပြောတော့ပေ။

"နင် ပြန်ရောက်လာတာ ငါတို့က ဝမ်းသာပါတယ်၊ ဖြစ်ပြီးခဲ့တာတွေကို ဘာမှပြန်တွေးမနေနဲ့တော့၊ ရောဂါပျောက်အောင် ကျန်းမာရေးပြန်ကောင်းလာအောင်သာ လုပ်ပေတော့၊ နင်လိမ္မာရင် မူလရုပ်ရည်အတိုင်း ပြန်ဖြစ်အောင် ငါလုပ်ပေးမယ်"

ဟု ပြောဆိုပြီး ဒေါ်မင်းဇာက ထိုနေရာမှ ထွက်သွားလေသည်။ ဆိုနမ်ခမ်အနားမှာတော့ မဟူရာခင်ခင်သာ ကျန်ခဲ့သည်။

"ဒီလောက် ရက်တွေလတွေကြာအောင် ဒုက္ခခံပြီး နေခဲ့တာဆိုတော့ နင်သဘောကျနေတဲ့ ကောင်မလေးက အတော်ချော၊ အတော်လှလို့လား"

ဆိုနမ်ခမ်က ဘာမှပြန်မပြောပေ။

"ဒါထက် နင်ခေါ်လာတဲ့ လူသုံးယောက်က ဘယ်လိုပုံပန်းသဏ္ဌာန်တွေလဲ"

"သူတို့က ဗမာပြည်က လာကြတာလို့ ပြောတယ်၊ နှစ်ယောက်က အသက်ကြီးပြီ၊ တစ်ယောက်ကတော့ အသက်(၃၀) လောက်ပဲ ရှိသေးတယ်၊ မီချီကိုက ငါ့ကိုသဘောမကျပေမယ့်





အဲဒီလူကိုတော့ သဘောကျနေပုံရတယ်"

ဆိုနမ်ခမ်က မကျေမနပ်ဖြစ်နေသော အသံမျိုးဖြင့် ပြောလိုက်လေသည်။

"မြို့ကလာတဲ့လူဆိုတော့လည်း သဘောကျမှာပေါ့၊ ဒါထက် နင့်ကို သေနတ်နဲ့ပစ်တာ ဘယ်သူလဲ"

"သူပဲ ဖြစ်မှာပေါ့၊ သူ့ဆီမှာ သေနတ်ပါတယ်"

မဟူရာခင်ခင် မျက်နှာပေါ်တွင် တင်းမာခက်ထန်သော အမူအယာအချို့ ပေါ်လာလေသည်။

"သူတို့မကြာခင် ဒီနယ်ဘက်ကို ရောက်လာကြတော့မှာ မဟုတ်လား"

"ဟုတ်တယ်၊ သူတို့လိုချင်တဲ့ ဆေးပင်တွေနဲ့ ကျောက်တွေက ဒီတောင်တွေမှာပဲ ရနိုင်တယ်"

"ရောက်လာကြပေစေ၊ ဒီတော့မှ ငါ့အကြောင်း မြင်ရသေးတာပေါ့"

ဟု ကြိမ်းမောင်းပြောဆိုနေလေတော့သည်။ ဆိုနမ်ခမ်ကတော့ ထိုကဲ့သို့ ကလဲ့စားချေမည်ဟု ပြောသဖြင့် အကျေနပ်ကြီး ကျေနပ်နေလေသည်။ ညအချိန်ရောက်သောအခါ ဒေါ်မင်းဇာက မဟူရာခင်ခင်ကိုခေါ်ပြီး သတိပေးသည်။

"လူ့လောကမှာပဲ ဖြစ်စေ၊ ပရလောက ဘုံဘဝမှာပဲ ဖြစ်စေ၊ သူ့စည်းကိုယ့်စည်း၊ ဘီလူးစည်း လူ့စည်းဆိုတာ ရှိကြတယ်၊ ဆရာကလည်း နိုင်တယ်ဆိုပြီး ပညာသည်ကို မနှိပ်စက်ရဘူး၊ ပညာသည်ကလည်း အပြစ်မရှိတဲ့ ဆရာတွေအပါအဝင်



www.burmeseclassic.com

www.burmeseclassic.com



လူတွေပေါ်မှာ မနှိပ်စက်ရဘူး"

"ဟုတ်ကဲ့ အဖွား"

"အဲသည်လိုနှိပ်စက်ရင် လူတွေကမသိပေမယ့် ...လောကသားတွေက သိကြတယ်၊ ကိုယ်စောင့်နတ်တွေက သိ... တယ်၊ နတ်ဒေဝတာတွေ သိဒ္ဓိရှိတဲ့လူတွေ ပုဂ္ဂိုလ်တွေက သိကြ... တယ်၊ ဒါကြောင့် ကိုယ့်ကိုနှိပ်စက်တဲ့သူ၊ မျက်ရည်ပေါက်ကြ... ငယ်ကျအောင် လုပ်တဲ့လူမဟုတ်ရင် အကြောင်းမဲ့ရန်မမူရဘူး"

"အဖွား ဘာကြောင့် ဒီစကားပြောတာလဲဟင်"

"နင်က ဆိုနမ်ခမ် ပြောတာတွေကို နားထောင်ပြီး တ... ခါမှ မတွေ့ဖူးသေးတဲ့လူတွေအပေါ်မှာ ရန်ငြိုးဖွဲ့နေတာ ... မသိဘူး ထင်နေသလား၊ ဆိုနမ်ခမ် ဒီလိုဖြစ်လာတာ တခြားသူ... ကြောင့်ဖြစ်တာမဟုတ်ဘူး၊ သူမကောင်းခဲ့လို့ သူ့အကြောင်းနဲ့သူ... ဖြစ်တာ"

"ကျွန်မ သဘောပေါက်ပါပြီ အဖွား၊ ကိုယ့်အပေါ်မှာ အန္တရာယ်မပေးတဲ့သူတွေကို အကြောင်းမဲ့အန္တရာယ် မပေးပါဘူး လို့ ကတိပေးပါတယ်"

ထိုသို့ ကတိပေးတော့မှ ဒေါ်မင်းဇာလည်း ကျေနပ်သွား သော အမူအယာဖြင့် ခေါင်းညိတ်ကာ ထိုနေရာမှ ထသွားလေ တော့သည်။







အခန်း(၁၂)

# ဂမ္ဘီရဆန်သော နွယ်မြုက်သစ်ပင် ဆေးဖက်ဝင်

ဒေါက်တာမင်းထင်ကျော်အပါအဝင် ဘူတန်တောင် ...တန်းများပေါ်သို့ စွန့်စွန့်စားစား ခရီးသွားနေကြသောအဖွဲ့မှာ လူတစ်ယောက် ပျောက်သွားခဲ့လေသည်။ ယေတီတစ်ယောက် ...သမ်းခွဲသွားခဲ့ခြင်း ဖြစ်သည်။ ညအချိန် မီချိုကိုအား အတင်း အဓမ္မခေါ်သွားရာမှ ဒေါက်တာမင်းထင်ကျော်တို့က လိုက်လံ ...ဘယ်ကြစဉ်က သူ့အားနောက်ဆုံး တွေ့လိုက်ကြရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခရီးထွက်လာစဉ်က ခြောက်ယောက်ဖြစ်သော်လည်း ယခုတော့ တစ်ယောက်လျော့သွားသောကြောင့် ငါးယောက်သာ ကျန်ခဲ့တော့သည်။ ဆရာကြီး သူရဇ္ဇ ဦးအေးကောင်း၊ ဒေါက်တာမင်းထင်ကျော် အဘိုးကြီးဒန်ဒိုဂျီနှင့် မိချိုကိုတို့ဖြစ်ကြသည်။

ယေတီ (ဆိုနမ်ခမ်)ရှိစဉ်က ရေခပ်၊ ထင်းရှာ၊ အစားအသောက်ရှာဖွေသော အလုပ်များကို တစ်ယောက်တည်းလိုလိုလုပ်ခဲ့သော်လည်း ယခုသူမရှိသောအခါမှာတော့ ဒေါက်တာမင်းထင်ကျော်ကပင် ဒိုင်ခံလုပ်ရလေသည်။ အဘိုးကြီးဒန်ဒိုဂျီနှင့် မိချိုကိုတို့ နှစ်ယောက်ကပါ တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းအကူအညီပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်သွားလျှင် အဘိုးကြီး ဒန်ဒိုဂျီသော်လည်းကောင်း၊ မိချိုကိုသော်လည်းကောင်း အဖော်လိုက်ပေးကြရလေသည်။ တောထဲသို့သွားသောအခါမှာ မိချိုကို ဝံသည်ဖြစ်စေ မပါသည် ဖြစ်စေ များစွာသတိထားကြရပေသည်။ အဘယ်ကြောင့်ဆိုသော် ယေတီက အရင်လိုမဟုတ်တော့ပဲ သူတို့နှင့် ရန်သူဖြစ်သွားသောကြောင့် များစွာသတိထားနေကြရခြင်း ဖြစ်သည်။

ထို့ပြင် သူတို့ရောက်လာသောနေရာမှာ တောင်ကိုးလုံးရှိရာ နဝင်္ဂတောင်တန်းများနှင့် နီးလာပြီဖြစ်သောကြောင့် တောကလည်း နက်ရှိုင်းလာသည်။ တောနက်လာသည်နှင့်အမျှ ထူးဆန်းသော သားရဲတိရစ္ဆာန်တို့ကို တွေ့မြင်လာရသည်။





တစ်ခါတစ်ရံ မီဂိုအီ သို့မဟုတ် ယေတီဟုခေါ်သော နှင်းလူကြီးများ၏ အရိပ်အယောင်ကိုပင် တွေ့မြင်လာကြရသည်။ ထို့ကြောင့် သေနတ်ကို အဆင်သင့်ပင်ထားရလေသည်။ ဤသို့ဖြင့် ခရီးဆက်ကြရာ နဝင်္ဂတောင်တန်းများရှိရာသို့ ရောက်သွားကြလေသည်။

"ဒီတောင်တွေက ဆရာကြီးတို့လိုချင်တဲ့ ဆေးပင်နဲ့ ကျောက်တွေရှိတဲ့ တောင်တွေပဲ၊ တောင်ကိုးလုံးတစ်နေရာထဲမှာ ရှိနေလို့ နဝင်္ဂတောင်တန်းလို့ ခေါ်ကြတယ်"

အဘိုးကြီး ဒန်ဒိုဂျီက ပြောသည်။ ထိုတောင်တန်းတွေအကြောင်းကို ပြောခဲ့သူမှာ ယေတီဖြစ်လေသည်။ ယခု ဒီနေရာသို့ ရောက်သောအခါမှာတော့ သူကမရှိတော့ပေ။ ဒေါက်တာမင်းထင်ကျော်က တောင်မြင့်တစ်နေရာမှတက်ပြီး တောင်ကိုးလုံး၏ အနေအထားကို ကြည့်ရှုရလေသည်။ တောင်များမှာ အစဉ်လိုက်သော်လည်းကောင်း၊ တစ်နေရာတည်း၌သော်လည်းကောင်း ညီညီညာညာရှိနေခြင်းမျိုး မဟုတ်ပဲ တစ်နေရာစီတွင် သူ့အနေအထားနှင့် သူရှိနေကြခြင်း ဖြစ်သည်။

သို့သော် အရွယ်အစားနှင့် ပုံသဏ္ဌာန်ကတော့ များစွာဆင်တူလှသည်။ အရွယ်အစားရော အမြင့်ပေပါ တူရုံမကပဲ နေရာအနှံ့ သစ်တောကြီးများဖုံးလွှမ်းထားသည်ကတော့ အတူတူပင် ဖြစ်လေသည်။

"စုန်းကဝေ ပညာသည်တွေနေတဲ့ ကဝေကိုးမှော်ရွာက ဘယ်ဘက်မှာ ရှိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်ကမေးတော့ ဒန်ဒိုဂျီက အဝေးမှာမြင်နေရသော အမြင့်ဆုံးတောင်တစ်တောင်ရှိသော နေရာဘက်သို့ လက်ညှိုးထိုးပြလေသည်။

"ကျုပ်ကတော့ မရောက်ဖူးလို့ သေသေချာချာ မသိပါဘူး၊ ယေတီကတော့ သိပုံရတယ်၊ သူ့ရှိတုန်းက ပြောသွားတာကတော့ တောင်ကိုးလုံးရဲ့ အမြင့်ဆုံးတောင်မှာ ကဝေကိုးမှော်ရွာရှိတယ်လို့ ပြောဖူးတယ်"

ဟု ပြောပြလေသည်။

"ဆရာက အဲဒီဘက်သွားချင်လို့လား"

မီချိုကိုက မေးသည်။

"စိတ်ဝင်စားလို့ မေးကြည့်တာပါ"

"စုန်းကဝေတွေနေတဲ့ ရွာတော့မသွားချင်ပါနဲ့ ဆရာရယ်၊ တော်ကြာပြုစားထားမှ မပြန်နိုင်ကြပဲ ဖြစ်နေပါ့မယ်၊ ဆရာတို့လိုချင်တဲ့ ဆေးပင်နဲ့ တခြားပစ္စည်းတွေ ရှာဖွေပြီးရင်တော့ ဒီနေရာက အမြန်ဆုံးပြန်ကြတာ အကောင်းဆုံးပဲ"

ကြောက်ရွံ့ထိတ်လန့်သော အမူအယာဖြင့် ပြောလေသည်။

"ဒီလောက်လည်း ကြောက်လန့်မနေပါနဲ့ မီချိုကိုရယ်၊ ငါတို့က သူတို့နဲ့ ရန်ငြိုးရန်ဘက်ရှိကြတဲ့ သူတွေမှမဟုတ်တာ၊ အကြောင်းမဲ့တော့ ရန်မပြုကြပါဘူး၊ တကယ်လို့ အဆင်ပြေရင် ဗဟုသုတရအောင် လေ့လာကြည့်မှာပါ"

ဟု ပြောလိုက်သောအခါ မီချိုကိုက နောက်ထပ်ဘာမှ





မပြောတော့ပေ။ ထို့နောက်မှာတော့ တောင်ကိုးလုံးတို့တွင် ဦးစွာတွေ့ရသော တောင်တွင်စခန်းချပြီး အလိုရှိသော ဆေးပင်နှင့်ကျောက်များကို ရှာဖွေကြလေသည်။

ဆေးပင်များကို ရှာဖွေသောနေရာမှာတော့ ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ကပင် ဦးဆောင်ပြီး ရှာဖွေကြရာ ဒေါက်တာမင်းထင်ကျော်တို့က နောက်မှအကူအညီပေးရုံသာ လုပ်ပေးကြရသည်။ ရှေ့အခန်းများတွင် ရေးသားဖော်ပြသည့်အတိုင်း ဆရာကြီးသူရဋ္ဌ အလိုရှိသော သေလာလေးမှော် စာရင်းဝင် ကျောက်လေးမျိုးနှင့်၊ ကျော်လေးကျော်စာရင်းဝင် ဆေးပင်လေးမျိုးတို့မှာ သိဒ္ဓိရှိသော ဆေးဖက်ဝင်ပစ္စည်းများ ဖြစ်သောကြောင့် အလွယ်တကူတော့ မရနိုင်ကြပေ။

သို့သော်လည်း လူသူအရောက်အပေါက်နည်းသော ထိုနေရာများ၊ တောတောင်များထဲတွင် လှည့်လည်ရှာဖွေသောအခါမှာတော့ အခြားသိဒ္ဓိရှိသော ဂမုန်းပင်၊ ဆေးပင်များကို ရှာဖွေရကြသည်။ သိဒ္ဓိရှိသောကျောက်များကို ရကြလေသည်။

ကျော်လေးကျော် စာရင်းဝင် ဆေးပင်များထဲမှ နလင်ကျော်ဆေးပင်နှင့် ရွှေရင်ကျော်ဆေးပင်တို့ကို ရှာဖွေရကြလေသည်။ အချို့ဆေးပင်၊ ဂမုန်းပင်များကို တွေ့သော်လည်း ဆရာကြီး သူရဋ္ဌက မယူပေ။ ထိုအခါ သဘောမပေါက်သဖြင့် ဒေါက်တာမင်းထင်ကျော်က မေးရသည်။

"ဆေးပင်တွေတွေ့ရက်နဲ့ . . ဘာကြောင့်မယူတာလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးပင်ဆိုတာတွေ့တိုင်း နုတ်ယူလို့ မရဘူး မောင်ထင်ကျော်ရဲ့၊ သိဒ္ဓိရှိတဲ့ဆေးပင်တွေတောင်မှ အချိန်အခါနဲ့ နုတ်ယူမှ ဆေးဖက်ဝင်တာ၊ ဥပမာတစ်ခုပြောရရင် ရှင်သူငယ်ငှက်ပျောမှာ သိဒ္ဓိရှိတယ်၊ ဒါပေမယ့် တစ်ခိုင်လုံးမှာ သိဒ္ဓိရှိတာ မဟုတ်ဘူး၊ တစ်ဖီးလုံးမှာ သိဒ္ဓိရှိတာ မဟုတ်ဘူး၊ တစ်ခိုင်လုံးမှ သိဒ္ဓိရှိတဲ့ ငှက်ပျောသီးက တစ်လုံးပဲပါလာကြတာ"

"ဟုတ်ကဲ့"

"ဥပမာ. . ဖီးကြမ်းငှက်ပျောသီးက ဆေးဖက်ဝင်တယ်၊ ဒါပေမယ့် တစ်ဖီးလုံးက ဒီလောက်ဆေးဖက်ဝင်တာ မဟုတ်ဘူး၊ တစ်ဖီးလုံးမှ ဆေးဖက်ဝင်တာက တစ်လုံးပဲပါတာ ဒီအကြောင်းတွေကို မောင်ထင်ကျော် သဘောပေါက်အောင် ပြောပြပါ့မယ်"

ဟု ပြောပြလေသည်။

မြန်မာတိုင်းရင်းဆေးအနေဖြင့် မြန်မာနိုင်ငံတွင် အလွယ်တကူရနိုင်သော ဆေးဖက်ဝင်အပင်များစွာရှိသည်။ အပင်၊ အသီး၊ အပွင့်များစွာ ရှိသည့်အနက် လူတို့ နေ့စဉ်စားသုံးနေကြသော သစ်သီး၊ သစ်ရွက်နှင့်အပင် အချို့၏ ဆေးဖက်ဝင်မှုကို ဖော်ပြပါမည်။

ငှက်ပျောသီးဖီးကြမ်းသည် လေပူကို နိုင်သည်။ အစာအိမ်နာ၊ အစာအိမ်ရောင်ခြင်းကို သက်သာစေသည်။ ငှက်ပျောသီးအခွံကို နွှာလိုက်လျှင် တွေ့ရသော အသားအမျှင်များသည် အစာအိမ်မှ အချွဲအမြှေးကို ပြန်လည်ဖြစ်ထွန်းစေနိုင်သည်။

ထမင်းစားပြီးတိုင်း ဖီးကြမ်းငှက်ပျောသီး အမှည့်တစ်လုံးကို စားပေးလျှင် အစာကြေမြန်စေသည်။ လေအောင့်ရောဂါနှင့် အစာအိမ်မှ သွေးယိုစိမ့်သော အနာများကိုပါ သက်သာနိုင်သဖြင့် ဖီးကြမ်း ငှက်ပျောသီးကို အစာစားပြီးတိုင်း နေ့စဉ် စွဲစွဲမြဲမြဲ စားသုံးသင့်သည်။





ငှက်ပျောဖီးကြမ်းဟုဆိုရာတွင် ဆေးဖက်ဝင်သည့် အသီးကို ရွေးချယ်စားသုံးရန်လည်း လိုသည်။ ငှက်ပျောဖီးကြမ်းတစ်ဖီးတွင် အလုံးရေ တစ်ဆယ့်တစ်လုံးမှ တစ်ဆယ့်သုံးလုံးအထိ ပါသည်။ ထိုအဖီး၏ အစွန်ဆုံးတွင်ရှိသော ငှက်ပျောသီးတစ်လုံးသည်အခွံစောင်း သုံးမြောင်ပုံသဏ္ဌာန်ပါရှိသည်။ ကျန်ငှက်ပျောသီးများသည် အခွံစောင်းလေးမြောင့် ပုံသဏ္ဌာန်ပါ ရှိသည်။

ဖီးကြမ်းငှက်ပျောသီးတစ်ဖီးတွင် အခွံစောင်းသုံးမြောင်ပုံသဏ္ဌာန်ပါရှိသော ငှက်ပျောသီးသည် အခြားငှက်ပျောသီးများထက် ပို၍ဆေးဖက်ဝင်သည်။ တိုင်းရင်းဆေးပညာတွင် ဆေးဖက်ဝင် အပင်တစ်ပင်၏ ဆေးအမယ်များကို စုဆောင်းပြီး ဆေးဖော်စပ်ရသည်။

ဤသို့ ဆေးအမယ် စုဆောင်းရာတွင်. . ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိလိုက်နာပါက ဆေးစွမ်းထက်သော တိုင်းရင်းဆေးများကို ဖော်စပ်နိုင်ပါသည်။ ဆေးဖက်ဝင် အပင်တစ်ပင်မှ ဆေးဖော်ရန်အရွက်ကို ရယူလိုပါလျှင် မိုးဥတုနှင့် မိုးဥတုအကုန်တွင် ခူးရမည်။

ဆေးဖက်ဝင်အသီးကို ရယူလိုလျှင် ဆောင်းဥတုအကုန် (သို့မဟုတ်) အသီးရင့်မှည့်ချိန်တွင် ခူးယူရသည်။ ဆေးဖက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



အပင်တစ်ပင်၏အမြစ်ကို ဆေးဖော်လိုလျှင် ထိုအပင်အရွက်ကြွေသောအချိန် နွေ၊ ဦးအစ ဂိမ္ဟန္တဥတုတွင်အမြစ်ကို တူးယူရမည်။ သို့မှသာ ဆေးပင်၏ အမြစ်မှာ ဆေးအာနိသင် ပြည့်ဝနေသည်။

ဆေးဖော်လိုသော ပန်းပွင့်များ ပန်းပွင့်၏ဝတ်ဆံများကို ရယူလိုပါမူ ထိုပန်းပွင့်များ၊ ဝတ်ဆံများကို ပျားပိတုန်းတို့ မစားသုံးမီ အရင်ယူရမည်။ ဥပမာ ဆေးဖော်ရာတွင် သုံးလေ့ရှိသော ကံ့ကော်ပန်း၏ ဝတ်ဆံသည် ကြာရှည်စွာ သိုလှောင်ထားသည့် ဝတ်ဆံဖြစ်ပါက ဆေးအာနိသင်အပြည့် မရနိုင်ပေ။

ပရဆေးဖော်ရန် ဆေးအမယ် စုဆောင်းရာတွင် ဝတ်ဆံဖြစ်စေ၊ အပွင့်ဖြစ်စေ၊ အခေါက်ဖြစ်စေ၊ အမြစ်ဖြစ်စေ၊ အရွက်ဖြစ်စေ၊ အသီးဖြစ်စေ ပစ္စည်းစစ်မှန်ရန်နှင့် မှိုမတက်ရန် အထူးစစ်ဆေးပြီးမှ အမှုန့်ကြိတ်ရန် လိုအပ်သည်။

ဆေးအမယ်များတွင် မှိုတက်နေပါက ထိုမှိုသည် စားသုံးမိသူကို အသည်းခြောက်ရောဂါ ဖြစ်ပွားစေနိုင်သည်။ ရှေးခေတ်က မြန်မာ ဆေးဆရာများကို 'ဗိန္ဒောဆရာများ' ဟု ခေါ်ဆိုခဲ့ကြသည်။

ထိုစကားသည် သက္ကတမှလာသော 'ဝိုက်ဒြော' ဟူသည့် စကားမှ ဆင်းသက်လာသည်ဟု ဆိုသည်။ အဓိပ္ပါယ်မှာ 'ဆေးပစ္စည်းတို့၏ အာနိသင်ကို သိရှိသောဆရာ' ဟု ဆိုလိုသည်။ သို့ဖြစ်၍ ရှေးခေတ်က မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် 'ဗိန္ဒောဆရာ' ဟု အခေါ်ခံကာ လူတို့၏ ကျန်းမာရေးကို စောင့်





ရှောက်ကယ်တင်ကုသခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ကျေးလက်တောရွာများတွင် ဤဗိန္ဒောဆရာများသည် ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ဝက်သက်ရောဂါ စသောကပ်ရောဂါများကို ကုသပေးခဲ့ကြသည်။

မြွေဆိပ်ဖြေဆေးများ မပေါ်မီကာလက ကျေးလက်ဒေသတို့တွင် ဗိန္ဒောဆရာများနှင့် ဘုန်းတော်ကြီးများက မြွေဆိပ်နိုင်ပင်များကို ရှာဖွေ၍ပိုးထိသော လူနာများ၏ အသက်ကို တယ်တင်ခဲ့ကြသည်။ တောရွာများတွင် ခွေးကိုက်ခံရ၍ ခွေးရူးပြန်ရောဂါဖြစ်လျှင် ဗိန္ဒောဆရာများက ကုသပေးခဲ့ကြသည်။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ရောဂါကုသရာတွင် သုံးသည့် ဆေးမှတ်တမ်းတိတိကျကျ မကျန်ရစ်ခဲ့သဖြင့် နှောင်းခေတ်၊ ယခုခေတ်တွင် အချို့ဆေးများကို အသုံးမပြုနိုင်သည်လည်း ရှိသည်။

တိုင်းရင်းဆေးပညာအရ သစ်ရွက်ကို သုံးမည်ဆိုပါက တင်းချက်လိုက်လျှင် ထိုအရွက်တွင်ပါဝင်သည့် ဓာတ်ပျက်စီးသွား၍ ဆေးအာနိသင် လျော့ပါးနိုင်သည်။

ဥပမာအားဖြင့် ဒန့်သလွန်ရွက်ကို အရွက်စိမ်းကို ထောင်းပြီး အရည်ညှစ်(သတ္တုရည်)သောက်ပါက ထိုအရွက်၏(အားသက်) အာနိသင်တွင် အထောက်အကူ ပြုနိုင်ပေသည်။ မြန်မာတိုင်းရင်းဆေးတွင် ချင်းတက်ကိုသုံးလျှင် သင့်တော်ရုံသာ သုံးရသည်။ ချင်းသည် အပူလွန်ကဲတတ်သဖြင့် လိုသည်ထက် ပို၍



www.burmeseclassic.com

www.burmeseclassic.com



မသုံးသင့်ပေ။

မြန်မာ့ရိုးရာဆေးများကို အကျိုးရှိအောင်သုံးစွဲရာတွင် ဆေးအမယ်မှန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းအပြင် ထည့်ရမည့် အချိန်အတွယ် မှန်ကန်ရန်လည်း အရေးကြီးကြောင်း သုံးစွဲသူ များ သတိပြုရပေမည်။

ဒုတိယကမ္ဘာစစ်အချိန်ကာလက ဆေးရုံများတွင် ဆေး ဝါးပြတ်လပ်သောအချိန်တွင် ကျောက်ရောဂါ၊ ပလိပ်ရောဂါ စသော ကပ်ဘေးများ ကျရောက်ခဲ့ကြသည်။ ဆေးရုံ၊ ဆေးခန်း မရှိသော ကျေးလက်တောရွာများတွင် ရောဂါဖြစ်သူများကို ဗိန္ဒောဆရာကြီးများ၊ ဆေးပညာတတ်ကျွမ်းသော ဘုန်းတော် ကြီးများကပင် ဆေးကုပေးခဲ့ကြသည်။

အသက်ချမ်းသာရာ ရခဲ့ကြသည်။ ထိုဆေးဆရာကြီး များတွင် ခေတ်မီဆေးဝါး၊ ကိရိယာများရှိကြသည် မဟုတ်ပေ။ သဘာဝဆေးပင် ဆေးမြစ်တို့ကိုသာ အသုံးပြုပြီး ကုသပေးခဲ့ကြ ခြင်း ဖြစ်သည်။ ထိုထက်ခက်ခဲသော ယခုကာလအခေါ် ကင်ဆာ ဟုခေါ်သော မြစ်ပွားနာ၊ ခွေးရူးပြန်ရောဂါ၊ မြွေကိုက်ခံရသဖြင့် အဆိပ်သင့်သောရောဂါများကိုပင် သဘာဝဆေးပင် ဆေးမြစ်တို့ ကို အသုံးပြုပြီး ပျောက်ကင်းအောင် ကုသပေးခဲ့ကြလေသည်။

ဆေးဖက်ဝင်အပင်များက မိမိတို့ပတ်ဝန်းကျင်တွင် ရှိ နေကြသည်။ မည်ကဲ့သို့အသုံးချရမှန်း မသိ၍သော်လည်း ကောင်း၊ အသုံးချရမှန်း သိသော်လည်း စနစ်တကျ အသုံးမချ တတ်သောကြောင့် ရောဂါပျောက်ကင်းအောင် ကုသမပေးနိုင်





ကြခြင်းဖြစ်ပေသည်။

ထိုအကြောင်းကိုသိသော ဆေးဆရာကြီးများကို ဗိန္ဒော ဆရာ(ဆေးပစ္စည်းတို့၏ အာနိသင်ကို သိသောသူ)ဟု ခေါ်ခြင်း ာ များစွာသင့်လျော်လှပေသည်။ ဆေးဖက်ဝင်အပင်များနှင့် ပစ္စည်းများရှိသော်လည်း စနစ်တကျ အသုံးမပြုပါက ရောဂါ ပျောက်သည့်အပြင် ဆေးအတွက်လေးသာဆိုသလို ဇုက္ခ ရောက်ရသည်မျိုးလည်း ရှိကြသည်။

ခွေးရူးကုရာတွင် ပဒိုင်းနှင့်ကုသလျှင် ပျောက်သည်။ သို့သော် ပဒိုင်းက အမျိုးမျိုးရှိသည်။ ပဒိုင်းနက်၊ ပဒိုင်းခတ္တာ၊ ပဒိုင်းပွင့်လား၊ အမြစ်လား အပင်လား စနစ်တကျသိဖို့တော့ လိုသည်။ ခွေးရူးကို ပဒိုင်းနှင့်ကုလျှင် ပျောက်သည်ဆိုပြီး ကုသ လျှင်တော့ ခွေးရူးမပျောက်ပဲ ပဒိုင်းကြောင့် ရူးသောရောဂါပါ ဆပ်တိုးလာပေလိမ့်မည်။

မြွေဆိပ်ကုသရာမှ ငွေးတောက်ပင်ကို အသုံးပြုလျှင် ပျောက်သည်ဆိုသော်လည်း မည်သို့မည်ပုံ အသုံးချရမှန်း မသိ ကြသောကြောင့် မကုနိုင်ကြပေ။ ဆီးချိုရောဂါဖြစ်လျှင် ကြက် ဟင်းခါးနှင့် ပျောက်သည်ဆိုသဖြင့် အရွက်ကို အရည်ညှစ် သောက်သည်လည်းရှိသည်။ ဟင်းချက်စားသည်လည်းရှိသည်။

တကယ်တော့ ဆီးချိုရောဂါကို အတန်အသင့် ပျောက် ကင်းစေသည်မှာ ကြက်ဟင်းခါးစေ့ ဖြစ်သည်။ သွေးတိုးရောဂါ ပျောက်သည်ဆိုသဖြင့် ဒန့်သလွန်ရွက်ကို ပြုတ်တို့သည်၊ ဟင်းချို ချက်သောက်သည်။ မပျောက်ပေ။ ဒန့်သလွန်ရွက်ကို ပြုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အကျိုးအာနိသင် ပျက်သွားသောကြောင့်ဖြစ်သည်။

အကျိုးအာနိသင်ရစေလိုလျှင် အရွက်စိမ်းကိုထောင်းပြီး အရည်ညှစ်သောက်မှ အကျိုးရစေမည်ဖြစ်သည်။ လေပူနိုင်သည်ဆိုပြီး ငွေးတောက်ရွက်ကို ပြုတ်တို့သူလည်း ရှိသည်။ ပုစွန်ဖြင့် ကြော်စားသည်လည်း ရှိသည်။ လေပူမနိုင်သည့်အပြင် သွေးတက်ပြီး ဦးနှောက်သွေးကြောပါ ပြတ်နိုင်သည်။

အလွန်ဝပြီး ခေါင်းချွေးအထွက်လွန်သူများ . . ငွေးတောက်ရွက်ဖြင့် မတည့်ပေ။ ပိန်ပြီးလေချုပ်ရောဂါရှိသူ၊ နလံထ အားနည်းပြီး လေမသက်သူများကိုသာ ငွေးတောက်ရွက်နှင့် ကြက်ရိုးဟင်းချိုသောက်ရန် ဓာတ်စာအဖြစ် ရှေးဆရာကြီးများက ပေးကြသည်။

အမျိုးသမီးများ မီးယပ်သွေးပေါ် ချိန်တွင် မပေါ်ပါကချင်း(ဂျင်း)နှင့်ထန်းလျက် ပြုတ်သောက်ကြသည်။ အတိုင်းအဆလွန်ကဲပါက မပေါ်သည့်အပြင် ခမ်းခြောက်သွားစေနိုင်ပါသည်။ ထန်းလျက်ခုနစ်ခဲနှင့် ဂျင်းပါးပါး ခုနစ်လွှာထက်ပိုမထည့်ရပေ။ ပျောက်ချင်ဇောဖြင့် ပိုထည့်ပါက ရောဂါမပျောက်ပဲ ရောဂါရစေနိုင်ပါသည်။

(မှတ်ချက်. . အထက်ပါ ရေးသားဖော်ပြပေးသော အချက်အလက်အချို့မှာ ဆရာကြည်လွင်မြင့်(မုဒြာ) ရေးသားသော ဆောင်းပါးတစ်ပုဒ်မှ အချက်အလက်အချို့သာ ဖြစ်ပါကြောင်း ဝန်ခံပါသည်။) (စာရေးသူ)

ထို့ပြင် ဆေးကုသရာတွင် ဆေးသာမက ဓာတ်ပညာ





အသုံးပြုပြီး ကုသပေးကြသည်လည်း ရှိပေသည်။ ဓာတ်ပညာမှာ ဆေးကုရာ၌ အစွမ်းထက်သော်လည်း တစ်ချက်ကလေးမှ အတိမ်းအစောင်းမခံသော ပညာမျိုးဖြစ်သည်။ နွားနို့ပေး၍ ရောဂါပျောက်သည့်နေရာတွင် ကျွဲနို့ပေးမိသဖြင့် အသက်သေရသည်မျိုး ရှိပေသည်။

(အတတ်ပညာနှင့် ပတ်သက်သည့်အကြောင်းများကို အခြားရေးသားပြီးသော စာအုပ်များ၌ သင့်သလောက်ရေးသားခဲ့ပြီး ဖြစ်သဖြင့် ယခုတော့ ထပ်မံမဖော်ပြတော့ပြီ။)

ဆရာကြီးသူရဇ္ဇက လက်ဖက်ရည်သောက်ရင်းနှင့် စိတ်ရှည်လက်ရှည်နှင့်ပင် ရှင်းပြနေလေသည်။

"ဒါကြောင့် ဆေးပင်တွေကို ယူတဲ့နေရာမှာ ရာသီအချိန် နက္ခတ်စတာတွေနဲ့ ကိုက်ညီဖို့လိုတယ်၊ အရွက်ကိုယူရင် နွေဦးတု၊ မိုးကုန်စရာသီ၊ အသီးကိုယူချင်ရင် ဆောင်းရာသီ ဒါမှမဟုတ် အသီးရင့်မှည့်ချိန်မှာ ဆွတ်ယူရတယ်"

"ဟုတ်ကဲ့"

"ဆေးပင်ရဲ့အမြစ်၊ အဥတွေကိုလိုချင်ရင် ရွက်ဟောင်းကြွေတဲ့ နွေဦးပေါက်ရာသီရောက်မှ တူးယူကြရတယ်၊ ဒါမှ ဆေးပင်ရဲ့ အာနိသင် အပြည့်အဝရရှိနိုင်တယ်၊ ဆေးဘုရင်နဲ့ ဆေးမိဖုရား ဆေးပင်ဆိုရင် တန်ဆောင်မုန်းလတစ်လပဲ ရှာတွေ့နိုင်တယ်၊ ကျန်တဲ့လတွေမှာရှာရင် မတွေ့နိုင်ဘူး"

"ဟုတ်ကဲ့"

"ဆေးမင်းဇကေရာဇ်ဆေးပင်ဆိုရင် တပေါင်းလပြည့်နေ့



www.burmeseclassic.com

www.burmeseclassic.com



မွန်းတည့်ချိန်တစ်ချိန်ပဲ ဆေးပင်ကိုရှာတွေ့နိုင်တယ်၊ တခြား အချိန်တွေရှာရင် မတွေ့နိုင်ဘူး"

"ဟုတ်ကဲ့ ဆရာကြီး"

"ဆေးမင်းစက္ကဝတ္တိ ဆေးပင်ကတော့ လေးနှစ်တစ်ကြိမ်မှ တစ်ကြိမ်တွေ့ရတယ်၊ တပေါင်းလပြည့်မွန်းတည့်ချိန်မှာ အလွန်မြင့်တဲ့ သစ်ပင်ကြီးတွေ ထိပ်ဖျားပေါ်မှာသာ ပေါက်လေ့ရှိတယ်၊ ဒါကြောင့် သာမန်လူတွေ ဘယ်လိုမှရှာမတွေ့နိုင်ဘူး သိဒ္ဓိရှိတဲ့ သူတော်စင်တွေ၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေနဲ့ ဝိဇ္ဇာ ဇော်ဂျီတပသီတွေပဲ ယူနိုင်ကြတယ်"

"ဆရာကြီး ပြောပြမှပဲ ဆေးပင်တွေနဲ့ ပတ်သက်တဲ့အကြောင်းတွေ သိတန်သလောက်သိရပေတော့တယ်"

"ဒါကြောင့် ဆေးပင်၊ ဂမုန်းပင်တွေ တွေ့ပါရက်နဲ့ မယူတာ အချိန်အခါမသင့်သေးလို့ မယူတာပါ၊ အချိန်အခါသင့်ပြီ ထိုက်တော့လည်း ရကြမှာပါ"

ဟု ပြောပြလေသည်။ ဒေါက်တာမင်းထင်ကျော်ဟာ ခေတ်ပညာတတ်လည်း ဖြစ်၊ သိပ္ပံပညာကို စိတ်ဝင်စားသူ ဖြစ်သော်လည်း ဆရာကြီးသူရဇ္ဇပြောပြသော ဂမ္ဘီရဆန်သော ဆေးဖက်ဝင်အပင်များ အကြောင်းကိုလည်း များစွာစိတ်ဝင်စားပြီး နှစ်သက်သဘောကျမိလေသည်။







## အခန်း(၁၃)

# မာယာတောင်ကျွန်းသို့ သက်ဆင်းကြရခြင်း

**တောင်**ကိုးလုံးစာရင်းဝင်တောင်များမှာ အမြင့်ပေတော့ သိပ်မများလှပေ။ အမြင့်ဆုံးတောင်မှာ ပေလေးထောင်ကျော် ငါးထောင်ခန့်ရှိကြပြီး အချို့တောင်များကတော့ ပေသုံးထောင်ကျော် လေးထောင်ခန့်သာ မြင့်လေသည်။

ထိုကဲ့သို့ အနိမ့်အမြင့် မတူသော်လည်း သစ်တောထူထပ်ခြင်းကတော့ အတူတူပင် ဖြစ်ကြလေသည်။ မြင့်မားသော

www.burmeseclassic.com



သစ်ပင်ကြီးများက အပင်ချင်းယှက်၊ အကိုင်းအခက်ချင်း ဆက်နေသောကြောင့် နေပြောက်မထိုးသာအောင် ကောင်းလှသည်။

သစ်ပင်မြင့်ကြီးများသာရှိသည့် တောများမှာတော့ တောင်ခြေရှင်းသည်။ အချို့နေရာများမှာတော့ သစ်ပင်မြင့်များ မရှိကြပဲ ဝါးတောကြီးများချည်း သီးသန့်ရှိသော တောများရှိ သည်။ ဝါးတောများဆိုသဖြင့် သာမန်တော့ မဟုတ်ကြပေ။

မျက်စိတဆုံးလှမ်းမြင်ရသော ဧကပေါင်းများစွာ ကျယ်ဝန်းသော ဝါးတောကြီးများဖြစ်သည်။ အချို့နေရာများ၌ရှိကြသည့် ဝါးတောများမှာ ဝါးပိုးဝါးအမျိုးအစားဖြစ်သဖြင့် အလုံးအရွယ်အစားကြီးမားပြီး အပင်မြင့်သည်။

အချို့ဝါးလုံးကြီးများမှာ ရေအိုးလုံးတမျှ အရွယ်အစားကြီးသည်။ မျှစ်စို့ပေါက်တစ်ခုရလျှင်ပင် လူတစ်စုစားသောက်နိုင်လောက်အောင် ကြီးမားလှသည်။ အများအားဖြင့်တော့ ဝါးတောကြီးများရှိသောနေရာမှာ ကုန်းတန်းများနှင့် ကျောက်တောင်များ ရှိသောနေရာမျိုး ဖြစ်သည်။

ဝါးတောများ၌ မျှစ်စို့ပေါက်များရနိုင်သည်။ ဝါးပင်မှရသောမျှစ်ကို လူတို့ကဟင်းလျာအဖြစ် စားသုံးကြသကဲ့သို့ တောတွင်းမှာနေသော တိရစ္ဆာန်မျိုးစုံတို့ကလည်း ကြိုက်နှစ်သက်ကြသည်။ လူဝံ၊ မျောက်ဝံ၊ နွားလူ၊ ဆင်၊ တောဝက်၊ ကတ်းဝက်ဝံ . . စသောသတ္တဝါများက တကူးတက လာရောက်စားသောက်ကြသည်။

မျှစ်များကို ထိုသို့လာရောက် စားသောက်ကြသဖြင့်





ဝါးတောများ ပြန့်ပြီးမသွားပေ။ ပိုမိုကောင်းလာခြင်း ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ စခန်းချနေသောနေရာနှင့် မနီးမဝေးတွင် ညို့မှိုင်းနေအောင် ကောင်းလှသည့် ဝါးတောကြီးများရှိကြသည်။ ညအချိန်ရောက်သည့်အခါ ဝါးတောကြီးများအတွင်းမှ အသံမျိုးစုံတို့ ကြားကြရသည်။

ဝါးပင်များကိုချိုးပဲ့သံ၊ တောတိုးသံများအပြင် ဝမ်းခေါင်းသံကြီးဖြင့် သံရှည်ဆွဲကာ အော်သံမျိုးပါတစ်ခါတစ်ရံ ကြားကြရသည်။ အဘိုးကြီး ဒန်ဒိုဂျီကတော့ နွားလူအော်သံဖြစ်မည်ဟု ပြောလေသည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန်ကျော်တော့ ဒေါက်တာမင်းထင်ကျော်နှင့်မီချီကိုတို့နှစ်ယောက် ဝါးတောများရှိရာဘက်သို့ သွားကြလေသည်။ ဝါးတောများထဲတွင် ညအချိန်၌သာ ဆူဆူညံညံ အသံများကြားရသော်လည်း နေ့ဘက်အချိန်ရောက်လျှင်တော့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

သူတို့နှစ်ယောက် ဝါးတောထဲရောက်သွားတော့ ကျိုးပဲ့နေသော ဝါးပင်များနှင့်၊ သတ္တဝါများစားသောက်ပြီး ကျန်ခဲ့သော မျှစ်ခွံများကို တောင်ပုံရာပုံတွေ့ရလေသည်။ တစ်နေရာရောက်တော့ နွားသားများဖြင့် ပျော့နေသည့် မြေပြင်ပေါ်မှာ ထင်ကျန်နေသော ခြေရာအချို့ကို တွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က အသေအချာ စစ်ဆေးကြည့်လေသည်။

မီချီကိုကလည်း အနားမှ စိတ်ဝင်စားစွာ ကြည့်နေလေသည်။ သို့သော် ကြောက်ရွံ့ထိတ်လန့်နေဟန်တော့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေရာမှာ တစ်တောင်ခန့်ရှိပြီး လူခြေရာနှင့်အတော်ပင်တူသည်။ ရှေ့ပိုင်းကားပြီး၊ နောက်ပိုင်းကရှုံးသည်။ အတွင်းသို့ အနည်းငယ် ခွင်နေပြီး ခြေချောင်းများက ကားထွက်နေလေသည်။

"ဒါ နှင်းလူရဲ့ခြေရာမျိုးပဲ၊ ညက ဒီတောထဲကို နှင်းလူ ရောက်လာပုံပဲ"

"ဒါဖြင့် ညကအော်သံကြားရတာ နှင်းလူအော်သံပဲ ဖြစ်မှာပေါ့နော်"

"ဖြစ်နိုင်စရာရှိပါတယ်၊ ညအချိန် ဝါးတောထဲလာတဲ့ သတ္တဝါမျိုးက များများရှိတာမှမဟုတ်တာ၊ သတ္တဝါကြီးထဲကဆို ရင် နှင်းလူပဲဖြစ်နိုင်ပါတယ်"

ထိုစကားကြောင့် မီချိုကိုမှာ စိုးရိမ်မကင်းသော အမူအ ယာဖြင့် ပတ်ဝန်းကျင်ကို ကြည့်နေလေသည်။ ဤသို့ဖြင့် နောက် တစ်နေရာရောက်တော့ ထူးဆန်းသောအရာအချို့ကို တွေ့ရပြန် သည်။ မျှစ်ခွံများ ပြန့်ကျဲနေသောနေရာနှင့် မနီးမဝေးတွင် အောက်ခြေ၌ သစ်ခေါင်းပေါက်ကြီးရှိသော သစ်ပင်ကြီးတစ်ပင် ရှိနေသည်။

သစ်ခေါင်းပေါက်ကြီးမှာ ကြီးလှသောကြောင့် ရုတ်တ ရက် ကြည့်ပါက ဂူပေါက်ဝကြီးတစ်ခုနှင့်များစွာ တူလှလေသည်။ ဒေါက်တာမင်းထင်ကျော်က ထိုနေရာသို့ လျှောက်သွားပြီး သစ် ခေါင်းပေါက်ကြီးအတွင်းသို့ အသေအချာ ကြည့်သည်။ သစ် ခေါင်းပေါက်မှာ အတော်ပင်ကြီးသည်။ လူတစ်ယောက် သို့မ ဟုတ် ကြီးမားသောသတ္တဝါများပင် ဝင်ရောက်နေနိုင်လောက်





အောင် ကျယ်ဝန်းသည်။

အတွင်းမှာတော့ ဘာမှမရှိပေ။ သို့သော် သစ်ခေါင်း နံရံများမှာတော့ အမွေးအမျှင်အချို့ ကပ်နေလေသည်။ သစ် ခေါင်းအတွင်းသားကို ကိုယ်ဖြင့် ပွတ်တိုက်မိသဖြင့် အမွေးရှည် များ ကျန်နေခဲ့ခြင်းဖြစ်ဟန်တူသည်။ ဒေါက်တာမင်းထင်ကျော် က နံရံ၌ကပ်နေသော အမွေးအချို့ကိုယူပြီး အသေအချာကြည့် သည်။

အမွေးမှာ အနက်ရောင်နှင့် နီညိုရောင်ရောထွေးနေ ပြီး အတော်ပင်ရှည်သည်။ ထို့ပြင် သာမန်ဆံပင်မွေးမျိုးနှင့်မတူ ပဲ ကြမ်းတမ်းသည်။ အတိုအရှည်ကလည်း မတူညီပေ။ မီချိုကို က အနားကပ်လာပြီး မေးသည်။

"ဝက်ဝံအမွေးတွေလား"

"ဝက်ဝံအမွေးတော့ မဟုတ်ဘူး၊ ဝက်ဝံအမွေးက အ နက်ရောင်၊ တိုပြီးကြမ်းတယ်၊ ဒီအမွေးတွေကရှည်ပြီး အရောင် မတူဘူး၊ နှင်းလူတစ်ယောက်ရဲ့ အမွေးဖြစ်ဖို့များတယ်"

ဟု ပြောရင်းနှင့်ကပ်နေသော အမွေးအမျှင်အချို့ကိုယူ ၍ အဝတ်ဖြင့်ထုပ်ကာ ဘောင်းဘီအိတ်ထဲသို့ ထည့်လိုက်လေ သည်။ ထိုအခိုက်မှာပင် သူတို့ရှိနေသောနေရာနှင့် မနီးမဝေး နေရာဘက်မှ အော်သံလိုလို ကြားလိုက်ရသည်။

"ကယ်တော်မူကြပါရှင်၊ ကယ်ကြပါဦး"

"ဟင်"

"မိန်းမတစ်ယောက် အော်သံပဲ၊ ဒီနေရာနှင့်မဝေးလှ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"နင် ဒီမှာနေခဲ့၊ ငါအခြေအနေသွားကြည့်လိုက်ဦးမယ်"

"ကျွန်မ လိုက်ခဲ့ရမလား"

"မဖြစ်ဘူးထင်တယ်၊ အန္တရာယ်နဲ့တွေ့ရင် ခက်လိမ့်မယ်၊ ငါပဲသွားလိုက်မယ်၊ ငါပြန်မလာရင် စခန်းကိုသာရောက်အောင် ပြန်နှင့်ပေတော့၊ ဟုတ်ပြီလား. . ."

ဟု မှာကြားကာ သေနတ်ကိုကိုင်ပြီး အမြင့်ဘက်သို့ ပြေးထွက်သွားလေသည်။ မီချိုကိုတစ်ယောက်တည်း သစ်ခေါင်းထဲမှာ မျက်စိသူငယ်ဖြင့် ကျန်ခဲ့လေတော့သည်။ ဒေါက်တာမင်းထင်ကျော် ထွက်သွားပြီး အတော်ကြာသောအခါ အမြင့်ဘက်မှ ခြေသံကြားရလေသည်။

ဝါးတောများထဲသို့ တိုးထွက်လာသံ၊ ဝါးရွက်ခြောက်များပေါ်မှ နင်းလျှောက်လာသော အသံပင်ဖြစ်သည်။ မီချိုက ဒေါက်တာမင်းထင်ကျော် ပြန်ရောက်လာသည်အထင်နှင့် ဝမ်းသာသွားသည်။ သို့သော် ဂူပေါက်ဝသို့ ရောက်လာသော ခြေသံရှင်ကတော့ ဒေါက်တာမင်းထင်ကျော် မဟုတ်ပေ။

အမွေးစုတ်ဖွားနှင့် ကြောက်စရာကောင်းသည့် ပုံပန်းသဏ္ဌာန်ရှိသော နှင်းလူတစ်ကောင်ပင်ဖြစ်သည်။ ဂူပေါက်ဝတွင် ပိတ်ရပ်နေသော နှင်းလူကြီးကို မြင်လိုက်ရသည်နှင့် မီချိုမှာ ကြောက်လန့်တကြား အော်ဟစ်လိုက်လေတော့သည်။

"အား"

သစ်ပင်ခေါင်းထဲမှာရောက်နေသောကြောင့် သူမ၏





စူးစူးဝါးဝါး အော်သံကိုတော့ ပတ်ဝန်းကျင်မှ မကြားနိုင်တော့ပေ။ နှင်းလူကြီးက သစ်ပင်ခေါင်းထဲသို့ ဝင်လာသောအခါ မီချိုမှာ ပြေးပေါက်မရှိတော့ပဲ အော်ဟစ်ရင်းနှင့်ပင် သတိမေ့ကာလဲကျသွားလေတော့သည်။

ထိုအခါ နှင်းလူကြီးက မီချိုကိုအား အရုပ်ကလေးကဲ့သို့ ပွေ့ယူသွားလေတော့သည်။ ထိုအခြေအနေကိုတော့ ဒေါက်တာမင်းထင်ကျော်တစ်ယောက် မသိတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူကထိုနေရာနှင့် အတော်ဝေးဝေးသို့ ရောက်သွားသောကြောင့် ဖြစ်ပေသည်။

အော်ဟစ်အကူအညီတောင်းနေသော အသံက သူရောက်နေသောနေရာနှင့် မနီးမဝေးဆီမှဖြစ်သည်။

"ကယ်တော်မူကြပါရှင် ကယ်တော်မူကြပါ"

ထို့ကြောင့်. . . သေနတ်ကိုကိုင်ကာ ထိုနေရာရောက်အောင် အလျှင်အမြန်သွားလေသည်။ နောက်ဆုံးမှာတော့ အော်သံကြားနေရသော နေရာသို့ရောက်သွားလေတော့သည်။ မြင်တွင်းကတော့ မကောင်းလှပေ။ အသက်(၂၀)ကျော်ခန့်ရှိသော အမျိုးသမီးတစ်ယောက်ကို သစ်ပင်မှာကြိုးဖြင့် တုပ်ထားပြီး မီးရှို့သတ်ဖို့ ပြင်ဆင်နေကြခြင်း ဖြစ်သည်။

လူလေးယောက်မှာ အဝတ်အစားဆင်တူဝတ်ဆင်ထားပြီး သေနတ် ဓား၊ လှံလက်နက်များ ကိုင်ထားကြသည်။ ဝတ်ဆင်ယင်ပုံကြည့်ရုံနှင့် သာမန်တောလိုက်မုဆိုးများ မဟုတ်ကြသည်ကို သိနိုင်ပေ၏။ ၎င်းတို့လေးယောက်က ဒေါက်တာမင်း

www.burmeseclassic.com



ထင်ကျော် ရောက်လာသည်ကိုပင် မသိကြသေးပဲ သစ်ကိုင်းခြောက်များကို စုပုံကာ အမျိုးသမီးကို မီးရှို့ရန် ပြင်နေကြသည်။

ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ ထိုအမျိုးသမီးက အကူအညီတောင်းပြန်လေသည်။

"ကျွန်မကိုကယ်ပါဦး အစ်ကိုရယ်၊ ကယ်ပါဦး၊ သူတို့ မတရားဖမ်းဆီးခေါ်လာပြီး သတ်ဖို့လုပ်နေကြတာပါ ကယ်ပါဦး"

ထိုသို့အကူအညီတောင်းတော့မှ လူလေးယောက်က ဒေါက်တာမင်းထင်ကျော် ရောက်လာသည်ကို သတိပြုမိကြလေသည်။

"မင်း ဘယ်သူလဲ"

"ငါ ခရီးသွားတစ်ယောက်ပဲ၊ မင်းတို့သူကို ဘာလုပ်ကြမလို့လဲ"

"သတ်မလို့လေ၊ မီးရှို့သတ်မလို့လုပ်နေတာ"

"မိန်းကလေးတစ်ယောက်ကို ဘာကြောင့် ရက်ရက်စက်စက် မီးရှို့သတ်မှာလဲ"

"သူက စုန်းမလေ၊ စုန်းမတွေဆိုရင် ငါတို့ တိုင်းပြည်မှာ အရှင်မထားရဘူး၊ ဘုရင့်အမိန့်နဲ့ သတ်ပစ်ရတယ်၊ မင်း မသိဘူးလား"

"ငါတော့ ဒါတွေမသိဘူး၊ ဒါပေမယ့် ငါ့ရဲ့မျက်စိရှေ့မှာတော့ ဒီလိုမတရားလုပ်နေတာကိုတော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

"ဒီလိုဆိုရင်တော့ မင်းက ကိုယ့်သေတွင်းကိုယ်တူးတာပဲ"

"ငါတို့က ဘုရင့်တပ်သားတွေပဲ၊ အပြစ်ရှိရင်တော့ ဘယ်သူမဆို သတ်ရမှာပဲ"

ဟု ပြောကာ သေနတ်ကိုင်ထားသော ခေါင်းဆောင်က သေနတ်ဖြင့် ပစ်ရန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် ဒေါက်တာမင်းထင်ကျော်က အသင့်ဆောင်ထားသော သေနတ်ကိုထုတ်ကာ ပစ်လိုက်သဖြင့် သေနတ်တခြား လူတခြားဖြစ်ကာ လဲကျသွားလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ ကျန်သုံးယောက်ကလည်း ဓား၊ လှံလက်နက်များကိုင်ပြီး တိုက်ခိုက်ရန် ပြေးလာကြပြန်သည်။ မတတ်နိုင်တော့ပေ။ ကိုယ်က မသတ်လျှင် သူတို့က သတ်တော့မည်မို့ သေနတ်ဖြင့် ပစ်ချလိုက်ရာ လေးယောက်စလုံး လဲကျသွားကြလေတော့သည်။

ရန်သူများရှင်းသွားတော့မှ သစ်ပင်မှာကြိုးတုပ်ထားသော မိန်းကလေးကို ကြိုးဖြေပေးလိုက်လေသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ ကျွန်မမှာ အစ်ကိုကယ်ပေးတဲ့ အသက်ပဲရှိပါတော့တယ်၊ အစ်ကိုသာ ရောက်မလာရင်တော့ အခုလောက်ဆိုရင် မီးရှို့ခံရလို့ သေလောက်ပါပြီ"

ဟု တုံရင်နေသော အသံဖြင့်ပြောလေသည်။

"မင်းက ဘယ်သူလဲ ဘယ်ရွာကလဲ"

"ကျွန်မနာမည်က မာလာဆို့ခေါ်ပါတယ်၊ ကျွန်မက ကဝေကိုးမျော်ရွာကပါ"







www.burmeseclassic.com

www.burmeseclassic.com



"ကဝေကိုးမော်ရွာဆိုတာ စုန်းကဝေပညာသည်တွေ ချည်း နေကြတဲ့ ရွာမဟုတ်လား"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ဘုရင့်တပ်သားတွေဓာလည်း အဲဒီလိုထင်ကြလို့ ကျွန်မတို့မြို့လာ နှင်ထုတ်ခဲ့ကြတယ်၊ ဒါကြောင့် ဒီလိုနေရာမျိုးမှာ လာနေကြရတာပါ၊ တကယ်တော့ ရွာမှာရှိကြတဲ့ လူတွေထဲမှာ စုန်းကဝေပညာတတ်တဲ့သူတွေပါသလို မတတ်တဲ့လူတွေလည်း ပါကြပါတယ်၊ အစ်ကိုက ကျွန်မတို့ရွာအကြောင်း သိလို့လား"

"နယ်ခံတွေ ပြောပြလို့ သတင်းကြားတာပါ"

"အစ်ကိုက ဘယ်ကလာတာလဲဟင်"

"ငါတို့က ဗမာပြည်က လာကြတာပါ"

"ဒီလောက်ဝေးတဲ့နေရာကို ဘာအတွက်လာကြတာလဲ"

"ဆေးပင်တွေနဲ့ ဆေးဖက်ဝင်ပစ္စည်းတွေ လိုချင်လို့ လာတာပါ"

"ဘယ်လိုဆေးပင်တွေလဲဟင် ကျွန်မကိုပြောပြပါလား"

ဒေါက်တာမင်းထင်ကျော် သူတို့အလိုရှိသော ဆေးပင်များ၊ ကျောက်များကို ပြောပြလိုက်သည်။

"အစ်ကိုပြောတဲ့ ဆေးပင်တွေ ကျောက်တွေက ကျွန်မတို့နေတဲ့ တောင်မှာရှိတယ်"

"မင်းတို့နေတဲ့တောင်က ဘယ်မှာလဲ"

"ဒီနေရာမှာ တောင်ကိုးလုံးရှိတယ်၊ ဒါကြောင့် နဝင်တောင်တန်းလို့ခေါ်ကြတယ်၊ ကျွန်မတို့နေတဲ့ရွာက တောင်ကိုး





လုံးရဲ့ အမြင့်ဆုံးတောင်ပေါ်မှာ ရှိတယ်၊ အဲဒီတောင်မှာ ဆေးပင်တွေလည်း ရှိတယ်"

"အဲဒီနေရာရောက်အောင် ဘယ်လိုလာရမလဲ"

"ဒီနေရာကဆိုရင် မဝေးတော့ပါဘူး၊ လှမ်းကြည့်ရင် မြင်နေရပါပြီ၊ ဟိုဘက်နေရာက သွားကြည့်ရင်မြင်ရတယ်"

ဟု ပြောပြီး၊ မာလာဆိုသောအမျိုးသမီးက ဒေါက်တာမင်းထင်ကျော်ကို တောင်စွန်းတစ်နေရာသို့ ခေါ်သွားလေသည်။ သူတို့ထွက်သွားပြီး မကြာခင်မှာပင် စောစောကသေနတ်ဒဏ်ရာဖြင့် လဲကျနေသော လူလေးယောက်က ပြန်ထလာကြသည်။

သေနတ်ဒဏ်ရာထိထားသော နေရာများကို ငုံ့ကြည့်ပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တဟီးဟီး တဟားဟားဖြင့် ရယ်နေကြသည်။ တကယ်တော့ လေးယောက်စလုံးမှာ လူအစစ်များ မဟုတ်ကြပေ။ လူနှင့်တူသော အရုပ်များပင် ဖြစ်ကြပေသည်။

နောက်တော့. . လေးယောက်သား ဒယိမ်းဒယိုင်ဖြင့် တောတွင်းသို့ ဝင်သွားကြလေသည်။ ထိုအခြေအနေကိုတော့ စုန်းကလေးခေါ်ရာနောက်ကို ပါသွားသော ဒေါက်တာမင်းထင်ကျော်တစ်ယောက် မသိတော့ပေ။ တောင်စွန်းတစ်နေရာ ရောက်တော့ရပ်ကာ လှမ်းမြင်နေရသော တောင်တစ်လုံးကို လက်ညှိုးထိုးပြလေသည်။

"ဟိုးမှာမြင်နေရတာ နဝင်တောင်တန်းရဲ့ အမြင့်ဆုံးတောင်ပါပဲ၊ အဲဒီတောင်မှာ အစ်ကိုတို့လိုချင်တဲ့ ဆေးပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်၊ ကျွန်မတို့နေတဲ့ရွာလည်း ရှိတယ်၊ တကယ်လို့ အစ်ကိုတို့လာရင် ကျေးဇူးဆပ်တဲ့အနေနဲ့ ဆေးပင်တွေရှိတဲ့ နေရာတွေကို ကျွန်မကိုယ်တိုင် လိုက်ပြပေးပါ့မယ်"

ဟု ပြောလေသည်။

"ကောင်းပါပြီ. .၊ ကျန်ခဲ့တဲ့အဖော်တွေကိုပါခေါ်ပြီး ရောက်အောင်လာခဲ့ပါ့မယ်"

ထိုသို့ပြောလိုက်သည်နှင့် မာလာက သူ့ကိုနှုတ်ဆက်ပြီး နောက် ရွာရှိရာဘက်သို့ ပြန်သွားလေတော့သည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း သစ်ခေါင်းကြီးအတွင်းမှာ ကျန် နေခဲ့သော မီချိုကိုကို သတိရသဖြင့် အလျင်အမြန် ပြန်လာခဲ့လေ သည်။ သူပြန်ရောက်သွားသော အခါမှာတော့ သစ်ခေါင်းကြီး ထဲမှာ မီချိုကို မရှိတော့ပေ။







## အခန်း(၁၄)

## မီချိုကိုနှင့် မမျှော်လင့်သော ဖူးစာရှင်

မီချိုကိုတစ်ယောက် သတိပြန်ရလာသောအချိန်မှာ ညပိုင်းအချိန်ရောက်နေပေပြီ။ သူမရောက်နေသောနေရာမှာ အဆောက်အဦးတစ်ခုအတွင်းမှာရှိသော အိပ်ယာပေါ်၌ဖြစ် သည်။ ထို့ကြောင့် စိတ်ထဲမှာ စိုးရိမ်ထိတ်လန့်စိတ် ဝင်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိပ်ယာပေါ်မှထပြီး ဖြစ်ခဲ့ပြီးသောအကြောင်းများကို ပြန်တွေးကြည့်နေသည်။ ကြောက်ရွံ့နေမှုကြောင့် စိတ်များ မငြိမ်မသက်ဖြစ်နေသော်လည်း ဖြစ်ခဲ့ပြီးသောအကြောင်းများကိုတော့ ပြန်ပြီးသတိရနေသည်။ သစ်ခေါင်းကြီးအတွင်း၌ တစ်ယောက်တည်းရှိနေစဉ် ကြောက်စရာကောင်းသော နှင်းလူကြီးရောက်လာပြီး ဖမ်းခေါ်သွားခဲ့ခြင်း ဖြစ်သည်။

ထိုသို့ဖမ်းခေါ်သွားခြင်းခံရာမှ သတိမေ့သွားခဲ့ရာ ယခုမှ ပြန်ပြီးသတိရလာခြင်း ဖြစ်သည်။

"ငါ ဘယ်ရောက်နေတာလဲ၊ နှင်းလူကြီးက ငါ့ကို ဘယ်နေရာခေါ်လာခဲ့တာလဲ"

ဟု တွေးတောရင်း သူမရောက်နေသော နေရာကို ကြည့်သည်။ မီးရောင်မရှိပဲ မှောင်နေသောကြောင့် မည်သည့်နေရာကို ရောက်နေမှန်းမသိရသော်လည်း လူနေထိုင်သော အဆောက်အဦးတစ်ခုဖြစ်မှန်းတော့ သိရလေသည်။

"နှင်းလူတွေကတော့ ဒီလိုအိမ်မျိုးနဲ့ နေမှာမဟုတ်ပါဘူး ငါ့ကို ဒီနေရာရောက်အောင် ဘယ်သူကခေါ်လာတာပါလိမ့်"

ဟု တွေးတောရင်း နေရာမှထသည်။ ခာစ်ကိုယ်လုံး နာကျင်နေသောကြောင့် ဒယိမ်းဒယိုင် ဖြစ်နေသည်။ အိပ်ယာပေါ်မှာ ထလိုက်သောအချိန်မှာပင် အပြင်ဘက်မှ စူးစူးဝါးဝါး အော်လိုက်သော အသံကိုကြားလိုက်ရသည်။ အော်သံက သိပ်မဝေးလှပေ။





အိမ်ပတ်ဝန်းကျင်မှပင် ဖြစ်ပေသည်။' ထိုအော်သံမျိုးကိုလည်း သူမှတ်မိသည်။ နှင်းလူအော်သော အသံမျိုးဖြစ်သည်။ ထို့ကြောင့် များစွာထိတ်လန့်ကြောက်ရွံ့သွားမိလေသည်။ သူမကို နှင်းလူကြီးကခေါ်လာကြောင်းဖြစ်ရာ ထိုနေရာကိုလည်း နှင်းလူကြီးကလာထားလေသလားဟု တွေးတောကာ စိုးရိမ်ထိတ်လန့်နေမိသည်။

အပြင်ဘက်မှ နှင်းလူတစ်ကောင်၏ အော်သံကိုလည်း မကြာခဏကြားနေရသဖြင့် နေရာမှထကာ အပေါက်ရှိရာသို့ သွားပြီး ချောင်းကြည့်လိုက်သည်။ သူကရောက်နေသော နေရာနှင့် မနီးမဝေးမှာ လူနေအိမ်ခြေမရှိပဲ တောအုပ်များသာရှိသည်။

အပြင်ဘက်မှာ အလင်းရောင်အနည်းငယ် ရှိနေသောကြောင့် အတော်ဝေးဝေးသို့ပင် လှမ်းမြင်ရသည်။ အိမ်နှင့်မနီးမဝေး တောစပ်မှာတော့ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ အော်လိုက်လုပ်နေသော နှင်းလူကြီးတစ်ကောင်ကို လှမ်းမြင်ရသည်။

"အောင်မယ်လေး ငါ့ကိုခေါ်လာတဲ့ နှင်းလူကြီးထင်ပါရဲ့၊ ဘယ်လိုလုပ်ရပါ့မလဲ"

ပထမတော့ အခြေအနေကြည့်ပြီး အပြင်သို့ထွက်ရန် စိတ်ကူးလိုက်သည်။ တောစပ်တွင် နှင်းလူကြီးတစ်ကောင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို မြင်ရသောအခါ မထွက်ဝံ့တော့ပေ။

သူမထွက်ရသည်ထက် နှင်းလူကြီးအိမ်ထဲဝင်လာမှာကိုပင် စိုးရိမ်နေရလေသည်။ ထို့ကြောင့် ကုတင်ပေါ်မှာ ပြန်ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ ခဏကြာတော့ အပေါက်ဝမှ မည်းမည်းသဏ္ဌာန်ကြီး လာရပ်လေသည်။ အပြင်ဘက်မှာရှိနေသော အလင်းရောင်ကြောင့် အိမ်ထဲသို့ အရိပ်မည်းကြီး ထိုးကျလာလေသည်။

မီချိုကိုမှာ ကြောက်လွန်းသဖြင့် လန့်မအော်မိအောင် ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ထားရလေသည်။ အပေါက်ဝမှာ ရပ်နေသောသဏ္ဌာန်က အိမ်ထဲသို့ ဝင်လာလေသည်။ မီချိုကိုအတွက် ပြေးပေါက်မရှိတော့ပေ။ သို့သော် သူထင်သလိုတော့ မဟုတ်ပေ။ အိမ်ထဲဝင်လာသူမှာ နှင်းလူတစ်ကောင်တော့ မဟုတ်ပေ။ လူတစ်ယောက်ပင် ဖြစ်ပေသည်။

ထိုလူက အိမ်ထဲရောက်လာသောအခါ မီးခွက်ကို မီးထွန်းလိုက်ရာ အလင်းရောင်ရလာလေသည်။ ယောကျ်ားပီသသော ရုပ်ရည်ရှိသည့် လူရွယ်တစ်ယောက်ပင် ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ထိုလူရွယ်ရောက်လာသဖြင့်တော့ စိတ်ထဲမှာ အားရှိသွားသည်။

"မင်း သတိရနေပြီလား"

"ဟုတ်. . ဟုတ်ကဲ့၊ ဒါထက် ရှင်က ဘယ်သူလဲဟင်"

"ငါ့နာမည် ဒီပကလို့ ခေါ်တယ်"

"ကျွန်မ အခု ဘယ်နေရာ ရောက်နေတာလဲဟင်"

"မနေ့က တောထဲသွားရင်းနဲ့ မင်းကို နှင်းလူတစ်ကောင်က ဖမ်းခေါ်လာတာတွေ့လို့ ငါကယ်ပြီး ငါနေတဲ့နေရာ ခေါ်လာခဲ့တာ"

ဒီတော့မှ သဘောပေါက်သွားလေသည်။





"အခုလို ကယ်ပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ ဒါထက် ဒီနေရာက ဘာရွာလဲဟင်"

"ငါတို့နေတဲ့ရွာပါ၊ ကဝေကိုးမှော်ရွာလို့ ခေါ်တယ်"

ထိုစကားကြောင့် စိတ်ထဲ၌အံ့ဩသွားလေသည်။ ကဝေကိုးမှော်ရွာ အမည်ကိုကြားဖူးနေတာကြာပြီ ဖြစ်သော်လည်း ယခုတော့ မမျှော်လင့်ပဲ ရောက်ခဲ့ရပေပြီ။

"ရွာသားဆိုတာ ဒီနေရာမှာ တခြားအိမ်တွေ မရှိဘူးလားဟင်"

"ရှိတော့ရှိပါတယ်၊ ငါကတစ်ယောက်တည်း တောစပ်မှာနေတော့ သူတို့နေတဲ့နေရာနဲ့ နည်းနည်းဝေးတယ်"

" ဒါထက် စောစောက အပြင်ဘက်မှာ နှင်းလူကြီးတစ်ကောင်ရောက်နေတာ တွေ့တယ်၊ အစ်ကိုလာတော့ မတွေ့ခဲ့ဘူးလား"

"တောစပ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာတော့ တွေ့လိုက်တယ်၊ မင်းကိုဖမ်းခေါ်လာတဲ့ နှင်းလူကြီးဖြစ်မှာပေါ့၊ သူက မင်းကို ပြန်လိုချင်နေပုံရတယ်"

ထိုစကားကြောင့် မီချိုကိုမှာ ကျောထဲမှ စိမ့်တက်သွားလောက်အောင် ကြောက်ရွံ့သွားမိလေသည်။ ယခု အခြေအနေမှာတော့ သူမအတွက် တစ်ယောက်တည်းသော အားကိုရမည့်သူမှာ သူ့ရှေ့မှာရောက်နေသည့် ဒီပကဆိုသော လူရွယ်ပင် ဖြစ်နေတော့သည်။

ထို့နောက် ဒီပကက သူယူလာသော အထုပ်များကိုဖြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အစားအသောက်များကို မီချိုကိုအားပေးလေသည်။

"အားရှိသွားအောင် စားလိုက်ဦး၊ မင်းသတိမေ့နေတာ အတော်ကြာပြီ"

မီချိုကိုကလည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ သူပေးသော အစားအသောက်များကို ယူ၍စားလေသည်။ စားရင်းနှင့် မနီးမဝေးမှာထိုင်နေသော ဒီပကဆိုသော လူရွယ်ကို မသိမသာ အကဲခတ်ကြည့်မိသည်။ ဒီပကမှာ အသက်(၂၅)နှစ် အရွယ်ခန့်ရှိသေးပြီး ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သူဖြစ်သည်။

ရုပ်ရည်ကလည်း ယောကျ်ားပီသသော ရုပ်ရည်မျိုး ဖြစ်သည်။ သန်မာထွားကျိုင်းပြီး ကြောက်စရာကောင်းသော နှင်းလူတစ်ကောင်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်သဖြင့်လည်း အားကိုးလောက်သည့် ယောကျ်ားမျိုးဖြစ်သည်။

"ဒါထက် အစ်ကိုက ဒီမှာတစ်ယောက်တည်း နေတာလား"

"ဟုတ်တယ်၊ ဆွေမျိုးသားချင်းတွေကတော့ ရွာထဲမှာရှိကြပါတယ်၊ ငါကဘယ်သူနဲ့မှ မနေချင်တာနဲ့ ဒီမှာတစ်ယောက်တည်းနေတာ"

"နှင်းလူကြီးတွေက ဒီနေရာအထိရောက်အောင် လာကြတယ်၊ အစ်ကိုမကြောက်ဖူးလားဟင်"

"မကြောက်ပါဘူး၊ ငါက သူတို့နဲ့ မိတ်ဆွေသူငယ်ချင်းတွေလိုပဲနေတာ၊ ရန်ဖြစ်ရင်လည်း သူတို့ကိုနိုင်အောင် သတ်ပုတ်နိုင်တယ်"





ထိုစကားကြားတော့မှ သူမကို နှင်းလူကြီးလက်မှ ရအောင်ကယ်တင်လာခဲ့ပုံကို သဘောပေါက်လေတော့သည်။

"ကျွန်မတော့ နှင်းလူတွေကို ဒီတစ်ခါပဲ နီးနီးကပ်ကပ်မြင်ဖူးတော့တယ်၊ အတော်ကြောက်စရာကောင်းတယ်နော်"

"ဒါပေမယ့် သူတို့က လူတွေလိုပဲ အသိဉာဏ်ရှိကြတယ်၊ မင်းကိုဖမ်းခေါ်သွားတာ သတ်ပစ်မလို့မဟုတ်ဘူး၊ မိန်းမလို ပေါင်းသင်းဆက်ဆံဖို့ ခေါ်သွားတာ"

မီချိုကိုကတော့ မျက်လုံးအပြူးသားဖြင့် နားထောင်နေသည်။ အကယ်၍သာ ဒီပကနှင့် မတွေ့ခဲ့ပါက ယခုလောက်ဆိုပါက သူမဘဝမှာ မတွေးဝံ့စရာ အခြေအနေမျိုး ရောက်နေပေတော့မည်။

"ကျွန်မကို ကယ်လာပေးတာ ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

ဟု ထပ်ပြောလိုက်သည်။

"ဒါထက် မင်းနာမည်က ဘယ်သူလဲ"

"မီချိုကို လို့ခေါ်ပါတယ်"

"ဘယ်ရွာကလာတာလဲ၊ တောထဲမှာ ဘယ်လိုဖြစ်ပြီး တစ်ယောက်တည်း ရောက်နေတာလဲ"

မီချိုကိုက စားသောက်ရင်းနှင့်ပင် ဖြစ်ပျက်ခဲ့သော အကြောင်းများကို ပြန်ပြောလိုက်လေသည်။ ဒီပကက နားထောင်နေပြီးမှ မေးသည်။

"နင့်မှာ အိမ်ထောင်မရှိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မီချိုကိုက ခေါင်းခါပြလိုက်သည်။ စားသောက်ပြီးသော အခါ ဒီပက မေးသည်။

"နင် ဒီမှာတစ်ယောက်တည်း နေဝံ့သလား၊ ငါရွာထဲ သွားနေပေးမယ်"

"တစ်ယောက်တည်း မနေဝံ့ဘူး"

"ဒါဖြင့်လည်း ငါစောင့်နေပေးပါ့မယ်၊ အပြင်မှာရှိနေတဲ့ နှင်းလူကတော့ နင့်ကို ပြန်မရချင်း ကျေနပ်မှာမဟုတ်ဘူး၊ ငါရှိနေလို့သာ သူမလာဝံ့တာ"

မီချိုကို စိတ်ထဲတွင် ဒီပကတစ်ယောက် ပြန်ထွက်သွားမှာကိုပင် စိုးရိမ်နေမိသည်။ စားသောက်ပြီး၍ ညဉ့်နက်ပိုင်းအချိန် ရောက်တော့ ဒီပကက မီးငြိမ်းလိုက်သဖြင့် မှောင်ကျသွားလေသည်။ ထိုအခိုက်မှာပင် နှင်းလူကအိမ်နှင့်မနီးမဝေးသို့ ရောက်လာပြီး ဒေါသတကြီးအော်ဟစ်သံကို ကြားရသဖြင့် မီချိုကိုမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် တိုးသွားရင်းမှ ဒီပကအနီးသို့ရောက်သွားလေသည်။ ဒီကပက သူမကိုယ်ကလေးကို ပွေ့ဖက်ထားလိုက်သည်။

"ဘာမှမကြောက်နဲ့၊ နင့်ကို ဘယ်လိုအန္တရာယ်မျိုးမှ မနှောက်ယှက်နိုင်အောင် ငါကာကွယ်ပေးမယ်"

ဟုလည်းပြောသည်။ ထိုသို့ပြောရင်းနှင့် မီချိုကိုမှာ ဒီပက ရင်ခွင်ထဲသို့ လုံးလုံးရောက်သွားလေတော့သည်။ ဒီပကက တင်းတင်းဖက်ထားရင်း တိုးတိုးပြောသည်။

"မီချိုကို၊ ငါနင့်ကို မြင်မြင်ချင်းပဲ သဘောကျတယ်၊ ချစ်တယ်. . လက်ထပ်ယူပါရစေ"

"အို မဖြစ်ဘူးထင်တယ်၊ ကျွန်မတို့က အခုမှတွေ့ကြတာ တစ်ယောက်အကြောင်း တစ်ယောက်သိကြတာလည်း မဟုတ်ကြသေးပဲနဲ့"

"ငါမှ မိဘတွေမရှိတော့ပေမယ့် အဖွားရှိတယ်၊ နင်ကို တင့်တင့်တယ်တယ် ထားပါ့မယ်"

ထိုသို့ပြောလေရာ မီချိုကိုမှာ မငြင်းသာ၊ မရုန်းသာဘဝမျိုး ရောက်နေရလေသည်။ သူကယ်ထားသဖြင့် အသက်ချမ်းသာရာရနေရာ ရွေးချယ်စရာမရှိသော အခြေအနေမျိုး ရောက်နေရသည်။

"ငါ နင့်ကိုတကယ်ချစ်တာပါ၊ မနက်ကျရင် ငါ့အဖွားခေါ်လာပြီး လက်ထပ်ပါ့မယ်၊ ငါကိုလက်ခံပေးပါနော်"

ဟု ပြောလေရာ ဘာမှပြန်မပြောသာတော့ပေ။ အဘယ်ကြောင့်ဆိုသော် အမှောင်ဖုံးနေသော အိမ်ထဲတွင် နှစ်ယောက်တည်းရှိနေရာ ယခုအချိန်မှာ မီချိုကိုမှာ ဒီကပရင်ခွင်ထဲသို့ ရောက်နေရပြီဖြစ်သောကြောင့် သူပြုသမျှနုရတော့မည့် အခြေအနေသို့ ရောက်နေရပေပြီ။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ တောစပ်မှနှင်းလူ တစ်ယောက်အော်သံကို မကြာခဏကြားနေရသည်။ သို့သော် မီချိုကိုခမျာ ကြောက်စရာကောင်းသော နှင်းလူအော်သံကို သတိမပြုနိုင်တော့ပါချေ။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ သူတို့နှစ်ယောက်ရှိနေသောအိမ်သို့ လူနှစ်ယောက်ရောက်





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ဒေါ်မင်းဇာနှင့် မဟူရာခင်ခင်တို့ ဖြစ်ကြလေသည်။ သူတို့ရောက်လာတော့ မီချိုကိုမှာ ရှက်ရွံ့သောအမူအယာ ရှိနေလေသည်။

"နင် မနေ့က မိန်းမတစ်ယောက်ခေါ်လာတယ် သတင်းကြားလို့ ငါတို့လာကြည့်တာ"

"ဟုတ်ပါတယ်အဖွား သူပါပဲ၊ သူ့နာမည်က မီချိုကိုလို့ခေါ်ပါတယ်"

ထိုသို့ပြောတော့မှ ဒေါ်မင်းဇာမှာ ဒီပက၏ အဖွားဖြစ်သူမှန်း သိရလေသည်။

"ရုပ်ရည်ကလေးလည်း ရှိတယ်၊ စိတ်သဘောဖြူစင်ရိုးသားပုံလည်း ရပါတယ်၊ နင် သူ့အပေါ်မှာ တကယ်နှစ်သက်မှု ရှိတယ်ဆိုရင် ဝတ္တရားရှိတဲ့အတိုင်း ငါလက်ထပ်ပေးမယ်"

"ကျွန်တော် သူ့ကို တကယ်နှစ်သက်ပါတယ်"

"ကောင်းပြီ၊ ဒီလိုဆိုရင် သူဘယ်ကလာတယ်ဆိုတာလည်း ငါ့ကိုပြောပြပါဦး"

ထိုအခါ မီချိုကိုကပင် သူမတို့လာခဲ့သောအကြောင်းများကို ပြောပြရလေသည်။

"ဒီလိုဆိုရင် ဆေးပင်ရှာတဲ့အဖွဲ့မှာ နင့်အဖိုးပါလာတာပေါ့"

"ဟုတ်ကဲ့ ပါလာပါတယ်"

"ဒီလိုဆိုရင်တော့ ဘာမှစိတ်ပူမနေနဲ့တော့ မကြာခင်





သူတို့အဖွဲ့ ငါတို့ရွာကို ရောက်လာကြတော့မယ်၊ သူရောက်လာတော့မှပဲ သူ့ဆီမှာခွင့်တောင်းပြီး လက်ထပ်ရင် ပိုကောင်းတာပေါ့"

ထိုစကားကြားသောအခါ မီချိုကိုမှာ များစွာဝမ်းသာသွားလေသည်။ အဖိုးဖြစ်သူနှင့်တွေ့ရတော့မည် ဖြစ်သောကြောင့် စိတ်ထဲမှာလည်း အားရှိသွားလေသည်။ ထိုနောက်မှာတော့ ဒေါ်မင်းဇာနှင့် မဟူရာခင်ခင်တို့က ပြန်သွားကြလေသည်။ ထိုအခါမှ ဒီပကက မီချိုကို့ကိုယ်လေးကို ပွေ့ဖက်ထားရင်း မေးလေသည်။

"ငါတို့နှစ်ယောက်ကိစ္စကို အဖွားက ခွင့်ပေးလိုက်ပြီဆိုတော့ နင်ဝမ်းမသာဘူးလားဟင်"

ပျော်ရွှင်တက်ကြွနေသော ဒီပကကိုကြည့်ပြီး မီချိုကိုက ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"ငါကတော့ သိပ်ပျော်တာပဲ၊ နောက်ပြီး အခုမှတွေ့ကြတယ်ဆိုပေမယ့် နင့်ကိုလည်း သိပ်ချစ်တာပဲ၊ နင်ကရော ငါ့ကိုမချစ်ဖူးလားဟင်"

"အစ်ကို့ကို လက်ထပ်ဖို့အထိတောင် ခွင့်ပေးထားပြီးမှတော့ ချစ်ပါတယ် အစ်ကိုရယ်၊ ကျွန်မဘဝကို အစ်ကိုပိုင်နေမှပဲ"

"ဒီလိုပိုင်တာမျိုးတော့ မလိုချင်ပါဘူး၊ နင်ကိုယ်တိုင်က လိုလိုလားလားနဲ့မှ ငါကလိုချင်တာ"

"ကျွန်မလည်း အခုမှတွေ့ကြရပေမယ့် အရင်ကသိ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းခဲ့ဖူးတဲ့ လူတစ်ယောက်လိုပဲ အစ်ကို့ကို ချစ်ပါတယ်”

ဟု ပြောလိုက်မှ ဒီပကမှာ အကျေနပ်ကြီး ကျေနပ်သွားကာ မီချီကို့ကိုယ်လေးကို တင်းတင်းဖက်ထားလိုက်လေတော့သည်။

တကယ်တော့ မီချီကိုဘဝအတွက် ဘယ်လိုမှ မျှော်လင့်မထားသော ဘဝအချိုးအကွေ့တစ်ခုကို ရောက်ခဲ့ရသည်ဆိုတာ မှားမည်မဟုတ်ပါချေ။









## အခန်း(၁၅)

# သေလာလေးမှော် စာရင်းဝင်ကျောက်များ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် နောက်သုံးရက်ခန့်ကြာသောအခါတွင် ကဝေကိုးမှော်ရွာသို့ ခရီးသွားဧည့်သည်တစ်စု ရောက်လာကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့လေးယောက်ပင် ဖြစ်လေသည်။ ခရီးထွက်လာစက လမ်းပြအဖြစ် သုံးယောက်ပါလာသော်လည်း ယခုတော့ အဘိုးကြီးဒန်ဒိုဂျီတစ်ယောက်သာ ကျန်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့လည်း မီချိုကိုတစ်ယောက် ပျောက်သွားသဖြင့် စိတ်မကောင်းဖြစ်ကြရသော်လည်း မတတ်နိုင်ကြတော့ပေ။ ယေတီဟုခေါ်သော ဆိုနမ်ခမ်က သူ့အကြောင်းနှင့်သူ လမ်းခွဲသွားခဲ့တာဖြစ်သော်လည်း မီချိုကတော့ အန္တရာယ်နှင့်တွေ့ပြီး ပျောက်သွားခဲ့ရခြင်းဖြစ်သည်။

လူသူအရောက်အပေါက်နည်းသော တောတောင်များ ထဲတွင် အန္တရာယ်တစ်စုံတစ်ခုနှင့်တွေ့ပါက အသက်ရှင်ရန် အကြောင်းမရှိလှပေ။ မီချိုကို ပျောက်သွားသောအခါ လေးယောက်သား တတ်နိုင်သလောက် လိုက်လံရှာဖွေကြည့်ကြသေးသည်။

သို့သော် အစအနမျှပင် မတွေ့ကြရပေ။ ထို့ကြောင့် လက်လျှော့ပြီး ခရီးဆက်ခဲ့ကြခြင်း ဖြစ်သည်။ ယခုတော့ မာလာဆိုသောမိန်းကလေး လမ်းညွှန်ပေးခဲ့သော ကဝေကိုးမှော်ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာကြလေသည်။ သူတို့ ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန် ရောက်နေပေပြီ။

ရွာထဲသို့ ရပ်ဝေးမှ မျက်နှာစိမ်းဧည့်သည်များ ရောက်လာသောကြောင့် အချို့လည်း ထွက်ကြည့်ကြသည်။ အချို့လည်း ၎င်းတို့ကို နှိပ်စက်ခဲ့ကြသည် ဘုရင့်တပ်သားများထင်သဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ ပုန်းနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်က လမ်းမှာတွေ့သော လူတစ်ယောက်ကို မေးမြန်းစုံစမ်းကြည့်လေသည်။

"ဒါ ကဝေကိုးမှော်ရွာ မဟုတ်လား"





ခေါင်းညိတ်ပြသည်။

"ဒီရွာမှာ မာလာဆိုတဲ့ မိန်းကလေးရှိတယ်မဟုတ်လား"

ခေါင်းခါပြသည်။ ထို့ကြောင့် နောက်တစ်နေရာဆက်သွားပြီး တွေ့သည့်လူကို မေးရပြန်သည်။ ထိုသို့မေးသော်လည်း ခေါင်းညိတ်ခေါင်းခါနှင့်ပင် အဖြေမရပေ။ ထိုအခါ ဦးဇံကောင်းကမေးသည်။

"မောင်ထင်ကျော်နဲ့ တွေ့ခဲ့တဲ့မိန်းကလေးက ဒီရွာမှာ နေတာရောဟုတ်ရဲ့လား"

"ကျွန်တော်ကိုတော့ ဒီရွာမှာ နေတယ်လို့ သေသေချာချာပြောသွားတာပဲ အဘရဲ့"

"ကြောက်ကြောက်လန့်လန့်နဲ့များ ပြောမိပြောရာ ပြောသွားလေသလား၊ ဒါကအရေးမကြီးဘူး အချိန်ကမရှိတော့ဘူး၊ သူ့ကိုတွေ့တာ မတွေ့တာထက် ဒီညတည်းခိုဖို့ နေရာရဖို့အရင် စီစဉ်ကြတာ ပိုကောင်းမယ်ထင်တယ်"

ထို့ကြောင့် နောက်ထပ်တွေ့သောသူကို ရွာသူကြီး ဒါမှမဟုတ် ရွာခေါင်းဆောင်အိမ် ဘယ်မှာရှိသလဲဟု မေးသောအခါ တောင်ကုန်းပေါ်၌ ဆောက်ထားသောအိမ်ကြီးတစ်လုံးရှိရာသို့ လက်ညှိုးထိုးပြလေသည်။

ထို့ကြောင့် လေးယောက်သား ထိုအိမ်ကြီးရှိသောနေရာသို့ တက်လာခဲ့သည်။ ခြံတံခါးပေါက်ရောက်ပြီး အသံပြုလိုက်သောအခါ အိမ်ထဲမှ မိန်းကလေးတစ်ယောက် ထွက်လာလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့်တွေ့ခဲ့သော မာလာဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပင် ဖြစ်သည်။

ဒီတော့မှ အတန်အသင့် စိတ်သက်သာရာ ရသွားလေတော့သည်။

"အစ်ကိုတို့ ရောက်လာကြပြီလား၊ ကျွန်မလည်း ပြန်ရောက်ကတည်းက မျှော်နေတာ၊ အိမ်ထဲမှာ ကျွန်မအဖွားလည်း ရှိပါတယ်၊ ဝင်ခဲ့ကြပါရှင်"

ဟု ချိုသာစွာပြောကာ ခြံတံခါးဖွင့်ပေးသဖြင့် ဝင်ကြရလေသည်။ မာလာဆိုသောမိန်းကလေး ဖျတ်လတ်သော အမူအယာဖြင့် ရှေ့မှဦးဆောင်ခေါ်သွားရာ အဘိုးကြီးဒန်ဗိုဂျီက ဆရာကြီးသူရဇ္ဇနှင့်ဘေးသို့ ကပ်ကာ လေသံတိုးတိုးဖြင့် ပြောလေသည်။

"ကျုပ်ကြားမိသမျှတော့ ကဝေကိုးမှော်ရွာဆိုတာ ပွန်နက်ခါးမြို့ကနေ နှင်ထုတ်လိုက်တဲ့ စုန်းမတွေချည်းနေတဲ့ရွာလို့ သတင်းကြားမိတယ်၊ သူတို့နေတဲ့ အိမ်ကြီးကြည့်ပါလား၊ ပုံပြင်တွေထဲမှာပါတဲ့ မှော်စံအိမ်ကြီးနဲ့ မတူဘူးလား"

"ဘာမှမကြောက်ပါနဲ့ ဗျာ၊ စုန်းမတွေပဲဖြစ်ဖြစ်၊ ကဝေမတွေပဲဖြစ်ဖြစ်၊ သူတို့နဲ့ရန်သူမဟုတ်ရင် ဘယ်သူ့ကိုမှအန္တရာယ်မပေးကြပါဘူး"

ဟု ပြန်ပြောတော့မှ ဘာမှထပ်မပြောပဲ ရှိလေသည်။ အိမ်ကြီးထဲရောက်တော့ ဒေါ်မင်းဇာနှင့် တွေ့ရလေသည်။ ဒေါ်မင်းဇာက ဆရာကြီးသူရဇ္ဇကိုမြင်သောအခါ လက်အုပ်ချီလျှက် အရိုအသေ ပေးလေသည်။





"ဆရာကြီးလို ပုဂ္ဂိုလ်မျိုးနဲ့ မမျှော်လင့်ပဲဆုံတွေ့ရတာ ကုသိုလ်ကံထူးတာယ်လို့ပဲ ထင်ပါတယ်၊ ကျွန်မရဲ့မြေးမလေးက ပြောပြထားလို့ ဆရာကြီးတို့ ရောက်လာမယ့်အကြောင်းကိုလည်း ကြိုသိထားကတည်းက မျှော်နေတာပါ"

"ကျုပ်ကလည်း ခင်ဗျားတို့နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ကျွန်မနာမည်က ဒေါ်မင်းဇာလို့ ခေါ်ပါတယ်၊ ဒါက ကျွန်မရဲ့မြေးမလေးပါ၊ မဟူရာခင်ခင်လို့ ခေါ်ပါတယ်"

ဒီတော့မှ မာလာဟု ပြောသွားသော မိန်းကလေးမှာ မဟူရာခင်ခင်ဖြစ်ကြောင်း သိရပေတော့သည်။ ဆရာကြီးသူရဇ္ဇကလည်း သူ့နာမည်နှင့်တကွ အတူပါလာသော လူသုံးယောက်တို့၏ အမည်များကိုပါ ပြောပြပေးလိုက်လေသည်။

ထိုနောက်မှာတော့ ဒေါ်မင်းဇာက ဧည့်သည်များအတွက် နေရာထိုင်ခင်းများပေးကာ အဆင်သင့်ပြင်ဆင်ထားသော အစားအသောက်များကို ကျွေးမွေးဧည့်ခံလေသည်။

ဆရာကြီးသူရဇ္ဇက မစားခင် အာရုံပြုကြည့်ပြီး သန့်ရှင်းစင်ကြယ်သော အစားအသောက်များဖြစ်မှ အားလုံးကို စားသောက်စေသည်။ ထိုသို့စားသောက်နေစဉ်မှာ မဟူရာခင်ခင်က အနားမှ လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးလေသည်။ မဟူရာခင်ခင်မှာ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာတော့မည်ကို ကြိုသိသဖြင့် သင့်တင့်သလောက် ပြင်ဆင်ထားရာ ထောထဲမှာ တွေ့ရစဉ်ကနှင့်မတူပဲ ချောမောလှပနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတို့ လမ်းမှာ ဘယ်လိုမျိုး အခက်အခဲတွေ တွေ့ခဲ့ရသေးသလဲ"

"လမ်းပြလိုက်လာတဲ့ကလေးကတော့ သူ့ဖာသာ ထွက်သွားတယ်၊ မီချိုကိုဆိုတဲ့ မိန်းကလေးကိုတော့ နှင်းလူဖမ်းသွားတယ် ထင်ပါရဲ့၊ ရှာမတွေ့ခဲ့ဘူးဗျာ"

"အဲဒီမိန်းကလေးက ကံကောင်းပါတယ်၊ ဒီကလူတစ်ယောက်တောထဲသွားရင်းနဲ့ တွေ့လို့လူဝံလက်ထဲက ကယ်လာပြီး ဒီမှာခေါ်ထားပါတယ်"

"ဟင်"

ထိုစကားကြားသောအခါ အားလုံး ဝမ်းသာသွားကြသည်။ ဝမ်းအသာဆုံးသူကတော့ အဘိုးကြီးဒန်ဒီဂိုပင်ဖြစ်သည်။ ခဏကြာတော့ နောက်ခန်းဘက်မှ လူနှစ်ယောက် ထွက်လာကြသည်။ ဒီပကနှင့် မီချိုကို တို့ဖြစ်ကြသည်။ မီချိုကိုကို ပြန်တွေ့ရသဖြင့် ဝမ်းသာကြသော်လည်း နံဘေးမှပါလာသော လူရွယ်ကို တွေ့ရသဖြင့် အံ့ဩနေကြသည်။ ထိုအခါ ဒေါ်မင်းဇာကပင် ပြောပြသည်။

"သူ့နာမည်က ဒီပကလို့ ခေါ်ပါတယ်၊ သူက ကျွန်မရဲ့တူတော်ပါတယ်၊ မီချိုကိုကို နှင်းလူလက်ထဲက သူပဲကယ်ထားတာပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ရှေးရေစက်လို့ ထင်ပါရဲ့၊ သူတို့နှစ်ယောက်က မြင်မြင်ချင်းပဲ မေတ္တာသက်ဝင်သွားကြတာနဲ့ ကျွန်မကိုယ်တိုင်ပဲ လက်





ထပ်ပေးခဲ့ရပါတယ်"

ထိုစကားကြားတော့ အဘိုးကြီး ဒန်ဒီဂိုမှာ မမျှော်လင့်ပဲ မီချိုကိုနှင့် ပြန်တွေ့ရသဖြင့် ဝမ်းသာနေရာမှ လူတစ်ယောက်နှင့် လက်ထပ်လိုက်ပြီဆိုသောကြောင့် စိတ်မကောင်းဖြစ်သွားဟန် ရှိလေသည်။

"ဒီတော့ အဘိုးဖြစ်တဲ့လူကိုလည်း ခွင့်တောင်းပါတယ်၊ သူတို့နှစ်ယောက်ရဲ့ မေတ္တာကို အသိအမှတ်ပြုပေးပါ၊ မီချိုကိုတို့ သားသမီးတစ်ယောက်လို စောင့်ရှောက်ပေးသွားပါ့မယ်"

ဒေါ်မင်းဇာစကားကြားတော့ မီချိုကိုမှာ ခေါင်းငုံ့ထားလျက် တရှုံ့ရှုံ့နှင့် ငိုနေလေသည်။ အဘိုးကြီးဒန်ဒီဂို အနေဖြင့်လည်း ဒီအခြေအနေရောက်မှတော့ ဘာမှမတတ်သာတော့ပေ။

"ကျုပ်တို့က သူကိုသေပြီလို့တောင် စာရင်းသွင်းထားပြီးသားပါ၊ မသေမပျောက် အခုလို ပြန်တွေ့ရတာပဲ ဝမ်းသာလှပါပြီ၊ သူကိုယ်တိုင်က သဘောကျနှစ်သက်တယ်ဆိုရင်တော့ ပြီးတာပါပဲ၊ ကျုပ်အနေနဲ့ ဘာမှပြောစရာ မရှိတော့ပါဘူး"

ဝမ်းနည်းသောအသံမျိုးဖြင့် ပြောလိုက်လေသည်။ စားသောက်ပြီးသောအခါ သီးသန့်ပြင်ထားသော အဆောက်တွင် နားကြလေသည်။ ထိုနေရာရောက်မှ ဦးဗန်ကောင်းက ပြောသည်။

"ဒီပကက မီချိုကိုကို တွေ့တာတောင် မကြာသေးဘူး လက်ထပ်ယူတယ်ဆိုတော့ မထူးဆန်းဘူးလား မောင်ထင်ကျော်"

"ကျွန်တော်ကတော့ ထူးဆန်းတယ်မထင်မိဘူး၊ သူ



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သဘောကျပြီးသားဖြစ်လို့ တွေ့တာနဲ့ ချက်ခြင်းလက်ထပ်တာပေါ့”

“ဘယ်လို အစီပွာယ်လည်း မောင်ထင်ကျော်ရဲ့”

“ဒီပကာနဲ့ယေတီက နာမည်ချင်းသာကွာပေမယ့် အသံရော လူရဲ့ပုံပန်းသဏ္ဌာန်ရော မတူဘူးလား”

“တူတော့တူတယ်၊ ဒါပေမယ့် ယေတီက နှင်းလူတစ်ကောင်လို အမွေးအမျှင်တွေနဲ့ ရုပ်ဆိုးတယ်လေ၊ ဒီပကာက ယောက်ျားပီသတယ်”

“ဒီလို ပြင်ပမဟိဒ္ဓိပြောင်းလဲမှုတွေက ဒေါ်မင်းဇာလို ပညာရှင်တစ်ယောက်က ချက်ချင်းအပြောင်းအလဲ လုပ်ယူလို့ရနိုင်တယ်၊ သူ့အနေနဲ့ မဟိဒ္ဓိလို့ခေါ်တဲ့ ရုပ်ကိုသာ ပြောင်းနိုင်ပေမယ့် အတွင်းအဇ္ဈတ္တလို့ခေါ်တဲ့ မျက်လုံးကိုတော့ ပြောင်းလို့မှမရတာ”

“အော်. . . ဒါကြောင့် ချက်ခြင်းရအောင်ယူခဲ့တာကိုး၊ ဒီလိုဆိုရင် မီချိုကိုကို နှင်းလူဖမ်းသွားတယ်ဆိုတာကရော တကယ်မှ ဟုတ်ရဲ့လား မသိဘူး”

“ကျွန်တော်တို့တောင် သာမန်မဟုတ်တဲ့အခြေအနေမျိုးနဲ့ ဒီနေရာတောင် ရောက်ခဲ့ရသေးတာ သူလည်း ပုံမှန်အဖြစ်မျိုးနဲ့ကြုံခဲ့ရတာ ဖြစ်ချင်မှဖြစ်မှာပေါ့”

“ဒါထက် မောင်ထင်ကျော်တို့က ယေတီကို သေနတ်နဲ့ပစ်ခဲ့တာဆိုတော့ ရန်ငြိုးတွေများထားနေမလား မသိဘူး”

“ဒါကတော့ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကိုသိရဖို့





မလွယ်လှဘူး၊ သတိတော့ထားရမှာပေါ့”

ဟု ပြန်ပြောလိုက်လေသည်။ ညဦးပိုင်းအချိန်ရောက်တော့ ဒေါ်မင်းဇာက လာခေါ်သဖြင့် သူနေသောနေရာသို့ သွားကြလေသည်။ ထိုနေရာရောက်တော့ ကွမ်းဆေး၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံရင်း စကားပြောကြလေသည်။

“ကျွန်မမြေးမလေး ပြောပြလို့ ဆရာကြီးတို့လာရခြင်းအကြောင်းရင်းကို သိရပါပြီ၊ ဆရာကြီးတို့အလိုရှိတဲ့ ဆေးပင်နဲ့ ကျောက်တွေက ဒီတောင်တစ်ဝိုက်တွေမှာ အားလုံးရနိုင်ပါတယ်၊ ရအောင်လည်း ကျွန်မတို့ အကူအညီပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဗျာ”

“ဆရာကြီးအလိုရှိတဲ့ သေလာလေးမျှော်ဆိုတဲ့ ကျောက်လေးမျိုးအပြင် အခြားသိဒ္ဓိရှိတဲ့ ကျောက်တွေလည်း အများကြီးရှိပါသေးတယ်၊ ကျွန်မဆီမှာ ဘိုးဘွားအစဉ်အဆက်က သိမ်ထားတဲ့ မှတ်တမ်းတွေရှိပါတယ်၊ ဆရာကြီး ကြည့်ချင်သပဆိုရင် ပြပါ့မယ်”

“ကြည့်ခွင့်ရမယ်ဆိုရင် ကြည့်ပါရစေဗျာ၊ ဒါမှလည်း နောင်အလျင်းသင့်တဲ့အခါ ဒီမှတ်တမ်းတွေကို နောင်လာနောင်သားတွေအတွက် လက်ဆင့်ကမ်းလို့ ရပေမပေါ့”

ဟု ပြောလိုက်ရာ ဒေါ်မင်းဇာက မနီးမဝေးမှာရှိသော ကြေးသေတ္တာကြီးအတွင်းမှ ကတ္တီပါအနီစဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ယူလာပြီး ချပေးလေသည်။ ဆရာကြီးသူ့ရှိက များစွာစိတ်ဝင်စားသော ဟန်အမူအယာဖြင့် ထိုအထုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေကြည့်လေသည်။

အတွင်းမှာတော့ ပေစာများ အထပ်လိုက်ရှိကြလေသည်။ ထိုပေစာချပ်များတွင် သက္ကတဘာသာဖြင့် ရေးမှတ်ထားသော မှတ်တမ်းများ တွေ့ရလေသည်။ ကျောက်များနှင့် ပတ်သက်သည့် အမျိုးအမည်များ၊ ပုံပန်းသဏ္ဌာန်နှင့် ရှာတွေ့နိုင်သောနေရာများ၊ လက်ဝဲလမ်း၊ လက်ယာလမ်း စီရင်သောနည်းလမ်းများ၊ ကန့်တိုက်နှင့် သုတကို အသက်တစ်ထောင် စီရင်သောနည်း၊ ကျောက်အမျိုးမျိုးနှင့် ပတ်သက်သည့် အဆင်းသဏ္ဌာန်စီရင်နည်း အမျိုးမျိုးများ၊ ဓာတ်လေးပါးနှင့် ပတ်သက်သည့် စီရင်သောနည်းများ၊ ဓါတ်ကိုအကြောင်းပြုပြီး ဖြစ်သောရွှေဖြစ်၊ ငွေဖြစ်နည်းများကိုပါ တွေ့ရသည်။

ထိုအထဲမှ သေလာလေးမှော်ဝင်ကျောက်များနှင့် ပတ်သက်သည့် မှတ်တမ်းများကို ပြန်လည်ဖော်ပြပေးပါမည်။

ကျောက်ညွန့်ကျမ်းလာ ကျောက်အမျိုးအစားကို လက်ဝဲ လက်ယာစီရင်နည်းကို ကောက်နုတ်ဖော်ပြပါမည်။

➤ သုဝဏ္ဏသေလာကျောက်ကို ဖော်ပြပါမည်။

အဆင်းမှာလျှင် ရွှေဝါစိမ်းမြ မှတ်ကုန်ကြရမည်။

ဤမျှ ကျောက်ကို၊ ရကြလိုသော်၊ ခွဲဖြိုစိတ်ဖန်၊ ညက်အောင်ကြံ၍၊ သံပရွက်ဥ၊ သူတစ်စုနှင့်၊ နှစ်စုသေလာ၊ ထက်အောက်သာနှီး၊ အန္တာစီး၍၊ တစ်မီးနာနာ၊ ထိုးရပါမူ၊ လောဟာမရဏ လိုကြေစေ။

လောဟသေကာ၊ ယူလေတစ်ပဲ၊ ကြေးခဲကြွင်သီ၊ တစ်





ချပ်ဆီမှာ၊ ထည့်ရပါက၊ သုဝဏ္ဏရွှေ ဖြစ်လေလက်ယာမှတ်ကြပါ။

➤ ရဇတသေလာကျောက်အကြောင်းကို ဖော်ပြပါမည်။

ဆင်းမှာသဏ္ဌာန်၊ ကျောက်သံမသွေ၊ အိမ်နှင့်နေ၏၊ ဆုသေပြီးခါ၊ သတ္တုလာအောင်၊ ထိုးပါထုတ်ပါ၊ ဆေးမှာတစ်ဝ၊ သတ္တုရဖို့၊ နောက်လာပြုပြီ၊ ပြန်လည်၍ကြည့်၊ စီရင်ဘိလော့။

မည်သည့်သံကို၊ မဆိုထားနှင့်၊ နှီးပြားအောက်ထက်၊ ထုံးစံဘက်လော့။

ဝှက်၍ထိုးက၊ သုဝဏ္ဏမှန်၊ မင်းစံလကျာ၊ အချို့စာတွင်၊ အလာမြင်၏။

မြင်သော်လည်းဗျာ၊ ဓာတ်နေရှာသော်၊ မဟုတ်ရာတန်၊ အန္တထိုးက၊ ရဇတဟု၊ ရလက်ဝဲဓာတ်၊ ရအပ်သည်သာ မှတ်ကြပါ။

➤ သုဝဏ္ဏချိပ်ကျောက် အကြောင်းကို ဖော်ပြပါမည်။

ဓာတ်သိပ်ခဲမှာ၊ ရကြပါမူ၊ ယူပါယခု၊ ကြက်ဥတစ်နဲ့ဝမ်းဘဲဥသွင်း၊ ဝက်ချင်းတစ်ပါး၊ ဤသုံးပါးကို ညက်သွားအောင်ကြိတ်၊ ထက်အောက်သိပ်ကာ၊ ဘော်ဘင်၊ နာသံ၊ ထိုသို့ စီမံကထုံးစံထည့်နည်း၊ အန္တာစီး၍၊ ဖိုမီးမှာထိုး၊ တစ်မီးကျိုးက ၊ သုဝဏ္ဏမှန်၊ မင်းစံဖြစ်ဖို့၊ အသို့ဓာတ်နေ၊ မြင်ရပေ၏။

ဤရွှေဖြစ်ရန်၊ အန္တဂူကျောက်၊ တစ်ကျပ်လောက်နှင့်၊ မှုလျှောက်သုတ၊ ရောထနယ်ပြန်၊ မရကံဖိုမှ၊ ဆေးပြုကြ၍၊ နှီးထအောက်ထက်၊ အန္တဝှက်ဖုတ်၊ ဇစေဟုတ်သာ၊ မဟော်ရှာဆင်



www.burmeseclassic.com

www.burmeseclassic.com



သွေး၊ တစ်ဖန်ထေး၍၊ ဖုတ်ရေးတစ်ဖြာ၊ ဘင်ပိဿာတွင်၊ တော် ရွှေးဆင်းက၊ သုဝဏ္ဏမာ၊ ချိပ်ဖြစ်သည်ဟု မှတ်ကြပါ။

➢ အိမ်သာနန်းကျောက် အကြောင်းကို ဖော်ပြပါမည်။

နေမြောက်အိမ်နှင့်၊ မရင့်မမာ၊ ဖြူသည်သာရှင့်၊ ရပါမူ ကား၊ သွတ်ခာတ်အားကို၊ နှီးငြားအောက်ထက်၊ အန္တဝှက်ထိုး သေရိုးမုက္ခ၊ သွတ်ခာတ်မျှဟု မှတ်ကြပါ ။

➢ လောဟသေလာကျောက် အကြောင်းကို ဖော်ပြပါ မည်။

အဆင်းမှာမူ ကြေးနီတူ၏၊ ရေမူဖြစ်ရာ၊ သံကိုသာ လျှင်၊ နှီးခါအောက်ထက်၊ အန္တာဝှက်ထိုး၊ ကြေကျိုးမုက္ခ၊ နီထ၍ သော၊ လိုလေရာသုံး။

တစ်တုံးတစ်ဖြာ၊ ကျောက်ကြိုးကြာလျှင်၊ ဆင်းပြာစိမ်း လဲ့၊ ရတို့ခဲ့သော်၊ ငွေဘော်မှန်မှန်၊ အန္တအောက်ထက်၊ နှီးလျက် ထိုးက၊ သုဝဏ္ဏစစ်၊ ဇကန်ဖြစ်မည်ဟု မှတ်ကြပါ။

➢ မဏိသေလာကျောက်အကြောင်းကို ဖော်ပြပါမည်။

မဏိသေလာ၊ ကျောက်မြတ်စွာကို၊ ရပါမူကား၊ ဘော် များတွင်ပစ်၊ သုဝဏ်ဖြစ်အံ့ ။

ဒန်စစ်ကြေးနီ၊ သူ့တွင်မှီသော်၊ ဒေါ်သုဝဏ္ဏ၊ ဖြစ်ရ ဇကန်၊ မုချမှန်သည်၊ ကျောက်ညွန်ကျမ်းက ပြဆိုသည်။

➢ ဖရုံသီးကျောက်(ကျောက်ဖရုံ)အကြောင်းကို ဖော်ပြ ပါမည်။

ကမ္ဘာ့သုံးစံ၊ ဖြစ်ရိုးမှန်သည်၊ သဏ္ဌာန်မှာလည်း၊ ဖရုံသီး





သို့၊ ခေါ်နည်းသူဘုံ၊ ကျောက်ဖရုံတဲ့။

ခွဲကုန်စိတ်မွှာ၊ ကြည့်လိုက်ပါက၊ အနှစ်မျှမူ၊ ဖြူဖြူဖွေး ဖွေး၊ အသွေးရုပ်သာ၊ ရကြပါလျှင်၊ ဆောက်ချင်ပင်ကို၊ မောင်း တွင်ထောင်းချေ၊ ဆန်ပုံးရေနှင့် စိမ်လေမပျက်၊ ၇-ရက်စေ့၊ ဖော် ၍ယူပြန်၊ အန္တထိုးက၊ တစ်လုံးမျှကို၊ ငွေစငါးကျပ်၊ ရမည်ဟုမှတ် ပါ။

➢ မုတ္တာလီကျောက်အကြောင်းကို ဖော်ပြပါမည်။

မုတ္တာလီကျောက်၊ ကောက်၍ကြည့်လျှင်၊ ဆင်းပင်လက် လက်၊ ညက်ညက်မှုန့်စွာ၊ ပြူပြီးခါပ၊ သုတတစ်ကျပ်၊ တစ်မတ်ပစ် မွှေ၊ သုတသေ၏။ သုံးလေ လိုရာဟုမှတ်ပါ။

➢ မုတ္တာကျွတ်ကျောက်အကြောင်းကို ဖော်ပြပါမည်။

မုတ္တာကျွတ်မူ၊ အပေါ်ဖြူ၏၊ တွင်းမူမည်းလျက်၊ အနက် အနီ၊ ရှိသည်သုံးမျိုး၊ သူ့တန်ခိုးလျှင်၊မာလာချင်ခေါ်း၊ ညက် အောင်ထောင်း၍၊ အိုးကောင်းကောင်းမှာ ၊ သမ်တရာရည်၊ လောင်းလေစိမ်လျက်၊ ၇-ရက်လောက်ထား၊ စေ့မြောက်ကာလ၊ နှီးထကျောက်ကို အန္တကျိုသော်၊ ထိုကျောက်ကပင်၊ တစ်ဝတ် တင်ငွေ၊ ရနိုင်ပေ၏ဟု မှတ်ပါ။

➢ မြင်းသီလာကျောက်အကြောင်းကို ဖော်ပြပါမည်။

မြင်းသီလာကျောက်၊ နီမြောက်အဆင်း၊ လက်တွင်းဆုပ် က၊ လွန်အေးမြ၏၊ ရလျှင်ထောင်းချေ၊ ညက်လေကမူ၊ အဝတ် ဖြူနှင့်၊ မထူမပါး၊ ထုပ်ပြီးသားကို၊ ပြုတ်ငြားခင်မင်၊ မပြုတ်ခင်မူ၊ နနွင်းဥနှင့်၊ ကြက်ဥတဝ၊ အမျှအညီ၊ စိမ်မည်ဆက်ဆက်၊ ၇-



www.burmeseclassic.com

www.burmeseclassic.com



ရက်တည့်၊ ရက်စေ့မှထုတ်၊ ပြုတ်ရန်ဆေးလည်း၊ မန်ကျည်းကင်ပွန်း၊ ရွက်ကြမ်းညွန်း၏၊ နွမ်းညက်ကြေစွာ၊ မောင်းမှာ၊ ထောင်းကျို၊ ထိုတွင်မလွဲ၊ မှန်ထုပ်ဆွဲ၍၊ တစ်ညဥ့်တည်းပြုတ်၊ မိုးချုပ်ကလျှင်၊ နံနက်စင်သော်၊ လုံတွင်ထည့်သွင်း၊ ဖွဲမီးတွင်းမှာ၊ ဖုတ်ပါပူတန်၊ သဏ္ဍာန်ရွှေလို၊ မိုးကြိုးဟူ၍ မှတ်ပါ။

➢ ကျောက်အိုးကင်းအကြောင်းကို ဖော်ပြပါမည်။

ကျောက်အိုးကင်းတဲ့၊ အဆင်းမလွဲ၊ သပိတ်ကွဲလို၊ သူ့ကိုထောင်းချေ၊ မှုန့်စေညက်စွာ၊ နာနှင့်အမျှ၊ ထိုးကနာကြေ၊ သူ့အနေမှာ၊ ပမာကြေးခွက်၊ တူပေဆက်ဆက်ဟု မှတ်ပါ။

➢ မဏ္ဍူအင်္ဂုလိသေလာကျောက်အကြောင်းကို ဖော်ပြပါမည်။

အဆင်းမှာမျိုး၊ မျောက်လက်ညှိုးသို့ နေရိုးဖြူဖြူ၊ တစ်မူတစ်ကြောင်း၊ မျောက်ဦးခေါင်းက၊ ဦးနှောက်မျှသို့ သိကြလိုလျှင်၊ မျောက်တွင်ပြခါ၊ မျောက်တို့လာ၏၊ လောဟတွင်ပစ်၊ ငွေစင်ဖြစ်မည်ဟု မှတ်ပါ။

➢ ကျောက်လိပ်အကြောင်းကို ဖော်ပြပါမည်။

ကျောက်လိပ်ရလျှင်၊ ချင်းချင်းမည်းမည်း၊ နံလည်းနံညှီ၊ ရသည့်အခါ၊ ဆပ်ပြာသဲနှင့် ၊ စိမ်မြဲဒိဝ၊ ရက်သတ္တမျိုး၊ အန္တထိုးက၊ ထုံးဖြစ်ရ၏၊ ထုံးကနာတွင်၊ ပစ်လျှင်သေမြဲ၊ မှန်မကွဲဟုမှတ်ပါ။

➢ ကျောက်မာလကာ အကြောင်းကို ဖော်ပြပါမည်။

ကျောက်မလကာ၊ ပေါ့စွာလက်ထဲ၊ အင်တွဲနှင့်တူ၊ နာ





ဆူရာပစ်၊ သေလစ်မုချဟု မှတ်ပါ။

➢ ကျောက်ပျားသွန် အကြောင်းကို ဖော်ပြပါမည်။

ကျောက်ပျားသွန်ကား၊ သစ်ခေါင်းများ၌၊ ရဌားတတ်သည်၊ တူသည်ပျားသွန်၊ ပျားနံ့နံ၍၊ ရသံပျားကို၊ ဒန်ကျိုရာပစ်၊ စင်စစ်ဒန်သေဟု မှတ်ပါ။

➢ အဖြိုက်နက်ကျောက် အကြောင်းကို ဖော်ပြပါမည်။

အဖြိုက်နက်ကား၊ ဆင်းအားစိမ်းရွှေ၊ နေအဆိုင်ဆိုင်၊ အပိုင်အခဲ၊ ချို့လည်းတစ်သီး၊ မည်းမည်းလက်လက်၊ ဘင်ကျိုချက်လစ်၊ အတန်ပစ်က၊ ကြေးစစ်ပမာ၊ ဖြစ်တို့လာ၏၊ နာတစ်ကျပ်ထဲ၊ တစ်ပဲလောက်ပစ်၊ ရုပ်ကောင်းဖြစ်မည်ဟု မှတ်ပါ။

➢ ကျောက်ရည်စို အကြောင်းကို ဖော်ပြပါမည်။

ကျောက်ရည်စိုက၊ ထိုမှတစ်နဲ၊ မျောက်သားလွဲတို့ သုံးနဲတူတူ ၊ သူ့ကိုယူလျက်၊ ဝက်ဆီနှင့်စိမ်၊ ရက်သတ်နှိမ်က၊ ဒန်မျှတွင်ပစ်၊ ရုပ်စင်ဖြစ်မည်ဟု မှတ်ပါ။

➢ ကျောက်ပွက်ညက် အကြောင်းကို ဖော်ပြပါမည်။

ကျောက်ပွက်ညက်က၊ တစ်မူးမျှဖြတ်၊ ဒန်တစ်ကျပ်တွင်၊ ပစ်ခတ်ပြီးထွေ၊ ကျင်ငယ်ရေခဲလှောက်၊ ဆီမီးတောက်ဥ၊ ကြွေးဥအမျှ ဖျော်ထ၍သွန်၊ ရုပ်မွန်နန်းချင်း၊ နိဗ္ဗာန်နင်း၏ဟု မှတ်ပါ။

➢ ကျောက်ထမင်းချိုး အကြောင်းကို ဖော်ပြပါမည်။

ကျောက်ထမင်းချိုး၊ ဆင်းမျိုးမည်းမည်း၊ နေနည်းချပ်ချပ်၊ တစ်ရုပ်တစ်သီး၊ အလုံးလည်းရှိ မှတ်ဘိနောင်ဝယ်၊ ဘင်တစ်ဆယ်ကျပ်တွင်၊ တစ်ကျပ်ဝင်က၊ ဘင်သေရ၏။ ထိုမှာတစ်သီး၊



www.burmeseclassic.com

www.burmeseclassic.com



ကြေးနီတစ်ဆယ်ကျပ်၊ တစ်ကျပ်ဝယ်ကူ၊ ဖွေးဖွေးဖြူမည်ဟု မှတ်ပါ။

➢ လက်ယာ လက်ဝဲ အကြောင်းကို ဖော်ပြပါမည်။

လက်ယာ လက်ဝဲ၊ ခေါ်မြကန့်တိုက်၊ လက်ယာလိုက်မှာ ဝါဝါရွှေရွှေ၊ လက်ဝဲနေမူ၊ ဖြူဖြူဆွတ်ဆွတ်၊ သုတေဇမှာ၊ သုတကြက်ဥ၊ နှစ်ခုညီမျှ၊ သုံးရက်မျှမွှေ၊ သုံးရက်စေ့က၊ ထက်မှ ကန့်တိုက်၊ ရောလိုက်ညီမျှ၊ ပရွက်ဥသံ၊ ဆံချည်မံ၍၊ ပြင်ရုံကထုံး သူ့ကိုအုံကာ၊ သရွတ်ကာလျက်၊ ဖွဲထက်တွင်အုံး၊ အဆုံးစကား သုတများသည်၊ ငွေသားမုချ ရမည်မှတ်ပါ။

➢ နာဂမိမှိုင်းကျောက် အကြောင်းကို ဖော်ပြပါမည်။

နာဂမိမှိုင်း၊ ခေါ်လက်ကိုင်မူ၊ ဖြူဖြူမွဲမွဲ၊ သဏ္ဍာန်စွဲအုံး နာထဲနှီးလျက်၊ အန္တဝှက်ထိုး၊ နာကျိုးသက်သေ၊ လိုလေရာသုံး လူ့ထုံးဘာသာ၊ ဉာဏ်ရှိပါက၊ အသုံးကျသည်၊ လောကစီးပွား အလိုဟုမှတ်ပါ။

ကျောက်အမျိုးမျိုး၏ အဆင်းသဏ္ဍာန်နှင့် စီရင်နည်းအမျိုးမျိုးကို ဖော်ပြပါမည်။

➢ ပစ္စယျှသေလာကျောက်၏ အဆင်းကာ နွားနှာမြီးကဲ့သို့ ရှိ၏။ ဘင်တစ်ပိဿာတွင် တစ်ချင်ရွှေးပစ်က ကျွတ်ကျွတ်ကျိုး၏။

➢ တာလဗီဇကျောက်၏ အဆင်းကား ထန်းသီးမှည့်ကဲ့သို့ ရှိ၏။ အရသာဖန်ချဉ်ရှိ၏။ နာတစ်ကျပ်တွင် တစ်ရွှေးပစ်၊ နာခက်၏။





➢ မင်ရိုသေအနီကျောက်ကား မလ္လာရွက်ကဲ့သို့ရှိ၏။ ထုံးနှင့်ရော၍နယ်သော် ကွမ်းဖတ်နှင့်တူ၏။ သုတနှင့်စရုနာ၍ ပူတန်ဖုတ်။ သုတသေ၏။

➢ ဝံသည်းခြေကား မလ္လာရွက်ရောင်ကဲ့သို့ တစ်ရွက်တည်းရှိ၏။ အမြစ်ကားနွယ်မြစ်ကဲ့သို့ရှိ၏။ လျှာနှင့်မထိစေနှင့်ထိသော် လျှာတို၍၎င်း၊ ခိုင်၍၎င်း သေတတ်သည်။ ဝံသည်းခြေ၊ လိပ်သည်းခြေ၊ ဘင်ချိုးတစ်မြစ်ခြင်းပြီး၏။ ဒန်တွင်ပစ်၊ ဒန်သေ၏။

➢ တြိကဏ္ဍာဝါးကား အလိုက်ျုကဲ့သို့ သဏ္ဍာန်ရှိ၏။ သို့သော် အခက်အလက်ဖြာ၏။ အခက်၌ ဆူး(၃)ခု ရှိသည်။ အဆစ်တိုင်း ကြခတ်ဆူးကဲ့သို့ ရှိသည်။

အရွက်ကို နွား၊ ကျွဲ၊ ဆင်၊ မြင်း၊ လူစသော သတ္တဝါတို့ စားသောက်လေသည်။

အမြစ်ကို ဟျားရည်နှင့်ကြိတ်၍ သုဏကိုအောက်ထက် နှီးအန္တထိုး သုတသေ၏။

ကြေးနီသုံးဆယ်တွင် တစ်ရွှေးပစ်က ငွေဖြစ်၏။

၎င်းတြိကဏ္ဍာဝါးပင်က ရသမျှ၊ အမြစ်၊ အရိုး၊ အရွက် ဟူသမျှသည် ဘင်၊နာ၊ ဂျွတ်၊ သွတ်၊ ပြဒါး၊ သံ စသော ဓာတ်တို့ကို သေစေတတ်သည်ချည့် ဖြစ်သည်။

➢ နာဂမိမှိုင်းကျောက်၏ အဆင်းကား ဖြူ၏။ နေ့ကား နှဲ၏။ ညဉ့်ကားခက်၏။ အငွေ့ထွက်၏။ ကြေးကိုပွတ်လျှင်မည်း၏။

ကျောင်းသံတစ်လေး၊ နာတစ်လေး၊ ရုပ်တစ်လေးထိုးရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် နှီးလေ။ ဖြူးသော် ဖြူးလေ။ လူတို့ကျင်ငယ်တွင်သွန် ရုပ်ကောင်းဖြစ်၏။

နာဂမိမှိုင်းကို ယူသောအခါ လက်နှင့်မထိစေနှင့်၊ သံခွက်နှင့်ခံ၍ယူပါ။ ၎င်းနှင့်စီရင်သော် သုတသော်၏။ ၎င်းသုတသည် ဓာတ်လေးပါး သို့သွား၏။

➢ အန္တဂူကျောက်ကား သံနှင့်သဏ္ဍာန်တူသည် မျောက်သားလွှဲ အဆင်းကား ခနောက်စိမ်းနှင့်တူသည်။ အန္တဂူတစ်လေး၊ သံပရွက်ဥ တစ်လေး၊ သုံးမီးထိုးပါက ရုပ်ဖြစ်၏။ တစ်ဆယ်မီးထိုးပါက ရွှေဖြစ်၏။

➢ မောရဂီဝါကျောက် တစ်ဆ၊ ဘင်တစ်ဆ၊ နာသော်လည်းကောင်း၏။ အမှုန့်ပြု၍ အန္တံထိုးက ဒေါ်လီဖြစ်၏။

ဒေါ်လီတစ်ဆ၊ သုတတစ်ဆ၊ ရင်းနှောင်း၊ ပဥ္စပတ္တ အမျှစီ အောက်ထပ်နှီး၍ ဖွဲမီးတွင်ဖုတ်က အခဲရ၏။ ဘင်၊ နာ၊ ဂင်သ၊ ဒန်တစ်ဆယ်ကျပ်တွင် တစ်မဲပစ်ပါက ပြီး၏။ ဗဟန်းဖြူ ဒန်ရုပ်တစ်ကျပ်စီ။ ဆင်ဟင်းပိန်နှင့် အောက်ထက်နှီး၍ အန္တံထိုးရုပ်ဖြစ်၏။

➢ ကျောက်ဆင်ဦးနှောက်ရသော် ဒန်နှင့်နန်းချင်း အန္တံထိုး၊ အလင်းသော်လည်းကျို့ ကျောက်ဆင်ဦးနှောက်ကို အမှုန့်ပြု၍ ခပ်ခါမွှေပါ။ ဒန်သေလျက် အပြီးတိုင်၏။

➢ ကျောက်ယောက်သွားရသော် အမှုန့်ပြုပါ။ ဘင်နှင့်ဂွတ်အမျှ အန္တံထိုး၊ အေးစေ။ ဘင်တစ်ဆယ်ကျပ်သားတွင် တစ်ပဲပစ်ပါက ပြီး၏။





ကျောက်ယောက်သွား တစ်မတ်၊ ဘော်တစ်မတ်၊ သံတစ်မတ်၊ ဟင်းရိုင်းတစ်မတ်၊ သွတ်တစ်မတ်၊ ကျောက်ချဉ်တစ်မတ်၊ လက်ချားတစ်မတ်ရော၍ တစ်လုံးတည်း တစ်မီးထိုးပါ။

၎င်းနောက် တစ်မီးမှာ ကျောက်ယောက်သွား တစ်မတ်ထည့်၍ထိုးပါ။ ၎င်းနည်းတူ သုံးမီးထိုးပြီးက တစ်မူးယူ၍ ဒန်ငါးကျပ်မှာပစ်။ ကျွဲဖြူရေရှိ၏။ ငါးကျပ်တွင် တစ်ကျပ်သွင်း၍ မှုတ်သွင်းကဲရ၏။

➢ ကျောက်ယောက်သွား၊ ကျောက်ဂုံး၊ ကျောက်ခရု တစ်ခုခုရလျှင် ဂွတ်၊ သံ၊ ဘော်။ လေးပါးအမျှ။ မုံတိုင်ဥ၊ ငလိုင်မြစ်၊ ပိန္နနှစ်၊ အုန်နွဲမြစ်၊ ၎င်းလေးပါးညီမျှ အမှုန့်ပြု။ အောက်ထက်နှီး၍ အန္တံတစ်မီးနာနာတို့။ ပြီးလျှင် အလင်းကျို့ ရေနံတွင် သုံးမီးသွန်။ ဒန်၊ နာ၊ တစ်ခုခုတွင် တစ်ဆယ်မှ ငါးမူးပစ်။ စပ်တူရ၏။

➢ ကျောက်ယောက်သွား အရှင်ရလျှင် ဂွတ်နန်းချင်း အန္တံသွင်း၊ တစ်ဆယ်ကျပ်၊ တစ်ဖန်လောဟာမံ အန္တံသွင်း၊ တစ်ဆယ်ကျပ်၊ ဘင်ဆီစိုက်။ ထိခိုက်လိုက်သော်၊ မင်း၌ငွေစင် နိဗ္ဗာန်ဝင်၏။

➢ ခဲငဖြူ ခွေးလျှာ၊ အထက်ကထူထူ၊ ကျောက်ယောက်သွားတစ်မတ်၊ ခုနစ်ပိဿာ ဖြစ်ဘူးသည် သေလောဒကကိုရလျှင် နန္ဒင်းဥကို နွေး၍ထောင်း။ အရေကိုယူ၊ နေပူလှမ်း။ သုတနှင့် စရနာ။ သွေ့သွေ့ခြောက်ကာလ၊ သေလောဒကရေနှင့် နှစ်ရက်စိမ်၊ သုတသေ၏။

ဓာတ်လေးပါးတွင် တစ်ရွှေးပစ်ကပြီး၏။ ဤသေသောသုတကို တစ်လစားရသော် အကျိုးရှစ်ပါးပြီး၏။ နေ၊ လနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ အသက်ရှည်၏။

မိလောကဒရေနှင့် သုတကို သုံးရက်စိမ်၍မွေ။ နေပြခါ စီရင်အခဲရ၏။ ဓာတ်ဆေးပါးသို့ သွား၏။ သေလောဒကကို နေလှမ်း၍ အမှုန့်ပြု၊ ထောပတ်နှင့်နယ်၍ဖုတ်၊ သတ္တုရ၏။

သတ္တုကိုငုံရမူ ကောင်းကင်သို့ ပျံနိုင်၏။ အမှုန့်ပြု၍ စားရမူ မအိုမသေနိုင်။

➤ ပစ္စယျသေလာကျောက်တစ်ကျပ်၊ သုတတစ်ကျပ်၊ ဆားနှစ်ကျပ်၊ သမ္ဘာရာရည်နှင့် စရနာ အမှုန့်ပြု၊ အန္တံ့ထိုး။ သုတ သေ၏။ ဘင်တစ်ကျပ်တွင် တစ်ပဲပစ်။ ဤသို့ ခုနှစ်ဆင့်ပစ်သော် အရွက်ရ၏။

➤ တာလဗီဇကျောက် တစ်ကျပ်၊ သုတတစ်ကျပ်၊ အမှုန့်ပြု စရနာ၍ အန္တံ့ထိုး အလိုအေးစေ၊ ၎င်းက အတန်ငယ်ယူ၍ ဘင်တစ်ကျပ်၌၎င်း၊ နာတစ်ကျပ်၌၎င်းပစ်၍ စားလေ။ အသက်ရှည်၏။

➤ မောရဂီဝါကျောက်နှင့် ဘင် နန်းချင်းအန္တံ့ထိုးဖြစ်၏။ သုတသွင်း အခဲရ၏။ အခဲကိုတစ်စဉ်းစာပြု။ မဟော်ရာဆလက်ချားတစ်ဆရော၍ အောက်ထက်နှီး။ အန္တံ့ကင်းပုံမှည့်ရှိရုံထိုး။ အလိုအေးစေ။ သောက်ရှုးကြယ်နှင့်တူ၏။

၎င်းက တက်လိုမူ သုတသေကို အရေကျို၊ ကြွေးဥကို ဖွင့်၍ ကြွေးရေ၊ ရှောက်ရေတွင် သွန်ပါ။ ပြီးလျှင်ကြွေးရေ၊ ဆီမီးတောက်ရေ၊ သမ္ဘာရေဟို့နှင့် ဖွဲမီးတွင် တည်၍ချက်၊ အရေခန်းစေ။





ခြောက်မီးရှိက နေသိဒ္ဓိ မြောက်၏။ ခုနှစ်ဆင့်မှာ ကာယသိဒ္ဓိမြောက်၏။ တစ်ဆယ်ဆင့်မှာ အနုလောမသိဒ္ဓိမြောက်၍ အသက်(၃၀၀၀)နေရအံ့။

အနုလောမသုတသေကို ငုံရသော်-အန္တိမတည်း၊ ထယ်၍ငုံ။ အသက်(၆၀၀၀)နေရအံ့။

သတိပြုရန်မှာ ငုံမည်ရှိသောအခါ ပြဒါးသေကို ရဲရဲဖုတ်၍ ထမင်းရည်တွင် အဖန်ဖန်စိမ်။

၎င်းနောက်တစ်နေ့တွင် အုန်းရေတွင် စိမ်၍သောက်။

၎င်းနောက်တစ်နေ့ သကာရေတွင် စိမ်၍သောက်။

၎င်းနောက်တစ်နေ့တွင် ဖျားရည်တွင်စိမ်၍သောက်။

၎င်းနောက်တစ်နေ့တွင် နွားနို့တွင် စိမ်၍သောက်။

ပြီးမှ ငုံပါ။

ထို့ပြင် ဓာတ်နှင့်မူလ ရွှေဖြစ် ငွေဖြစ်စေသော ကျောက်များအကြောင်းကို မှတ်တမ်းပြုထားရာ၌ မောရဂီဝါကျောက်၊ သုဝဏ္ဏကျောက်၊ တာလဗီဇာကျောက်၊ မာလာချကျောက်၊ အဖြိုက်နက်၊ အန္တဂူကျောက်၊ ကျောက်ယောက်သွား၊ ကျောက်များသွန်၊ ဂေါ်ဒန်၊ သုဝဏ္ဏပဗ္ဗာကျောက်များနှင့် ပတ်သက်သည့် စီရင်ပုံများကို ဖော်ပြပေးထားလေသည်။

(ထိုစီရင်နည်းများကိုတော့ စာမျက်နှာအခက်အခဲကြောင့် မဖော်ပြနိုင်သော်လည်း နောက်ပိုင်းရေးသားသော စာအုပ်များတွင် အလျှင်းသင့်ပါက ရေးသားဖော်ပြပေးပါမည်။)

ဆရာကြီးသူရဋ္ဌက ဒေါ်မင်းဇာပေးသော ပေစာ၊ ပုရ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်စာ မှတ်တမ်းများကို အသေးစိပ်ကြည့်ရှုပြီး၊ သင့်တော်သော မှတ်တမ်းများကို ကူးယူခွင့်တောင်းရာ ဒေါ်မင်းဇာကလည်း ခွင့်ပေးလေသည်။

"ကျွန်မအနေနဲ့ ဒီပညာရပ်တွေကို သင့်တော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦး လက်ထဲသို့ ထည့်ပေးချင်တဲ့ ဆန္ဒရှိနေတာ အတော်ကြာပါပြီ၊ အခုမှပဲ အထမြောက်ပေတော့တယ်၊ ဆရာကြီး သဘောတျနှစ်သက်တဲ့ မှတ်တမ်းတွေကို ကူးယူသွားခွင့်ပြုပါတယ်"

"အခုလို ခွင့်ပြုပေးတာ ကျေးဇူးတင်ပါတယ်ဗျာ"

"ဆရာကြီးတို့ မနက်ဖြန် ဆေးပင်နဲ့ ကျောက်တွေ ရှာဖွေဖို့သွားရင် လမ်းခရီးကျွမ်းကျင်ပြီး ဆေးပင်ရှိတဲ့နေရာတွေကို သိတဲ့ တူတော်မောင် ဒီပကကိုပါ ထည့်ပေးလိုက်ပါတယ်"

ဟု ပြောဆိုပြီးနောက် စကားဝိုင်းသိမ်းကာ ဒေါက်တာမင်းထင်ကျော်တို့လည်း မိမိတို့အတွက် ဖေးထားသောအဆောင်ရှိရာဘက်သို့ ပြန်လာကြလေသည်။







## အခန်း(၁၆)

## ငြိုးသူ ရန်စွယ် အန္တရာယ်

ကဝေကိုးမှော်ရွာသို့ ရောက်ခဲ့ကြပြီးနောက် ရက်များမှာတော့ ဆရာကြီးသူရဋ္ဌအလိုရှိသော သေလာလေးမှော်စာရင်းဝင် ကျောက်များနှင့် ကျော်လေးကျော်စာရင်းဝင် ဆေးပင်များကို လိုက်လံရှာဖွေကြသည်။ တောတောင်များသို့ သွားရာမှာတော့ သူတို့ချည်းသွားကြရသည်မဟုတ်ပဲ ဒီပကနှင့် မဟူရာခင်ခင်တို့ မောင်နှမနှစ်ယောက်က လိုက်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာမှမတွေ့ခင်ကတည်းက ဒေါ်မင်းဇာက ဘယ်နေရာတွင် ဘယ်လိုကျောက်မျိုး ရနိုင်သည်၊ ဘယ်နေရာတွင် ဘယ်ဆေးပင်ရနိုင်မည်ကို ပြောပြပေးလိုက်သဖြင့် တောထဲရောက်သောအခါ စမ်းတဝါးဝါး ရှာဖွေနေရသည်မဟုတ်ပဲ ဆေးပင်များရှိသောနေရာသို့ သွားလာရှာဖွေကြရုံသာ ရှိတော့သည်။

တောင်ကိုးလုံး အစီအရီရှိနေသော နဝဂ်တောင်တန်းများမှာ လူသူအရောက်အပေါက်နည်းသည်က တစ်ကြောင်း၊ သဘာဝအနေအထား ကောင်းမွန်လှသောကြောင့် သိဒ္ဓိရှိသော ကျောက်များနှင့် ဆေးပင်အတော်များများကို ရှာဖွေတွေ့ကြရသည်။

နောက်တစ်ချက်က ပတ်ဝန်းကျင်တွင် တိဗက်တောင်တန်းကြီးများနှင့် ဟိမဝန္တာတောင်တန်းကြီးများက ဝန်းရံနေသောကြောင့်လည်း သိဒ္ဓိရှိသော ဆေးပင်များကို အလွယ်တကူ ရှာဖွေနိုင်ခြင်းလည်း ဖြစ်တန်ရာ၏။

သိဒ္ဓိရှိသော ဆေးပင်များသည် အခြားနေရာအနှံ့အပြားတွင် ပေါက်ရောက်ကြသည်ဆိုသော်လည်း အချိန်တန်သည်နှင့် ဟိမဝန္တာတောင်သို့ ပြန်လာကြလေသည်။ သိဒ္ဓိရှိသော ဂမုန်းပင်များဆိုလျှင် အခြားအရပ်ဒေသများတွင် ခဏသာတွေ့ရနိုင်ပြီး ဟိမဝန္တာတောင်သို့ ပြန်လာလေ့ရှိသည်။

အခြား သိဒ္ဓိရှိသောဆေးပင်များလည်း ဒီအတိုင်းပင်ဖြစ်လေသည်။ ထို့ကြောင့် ဟိမဝန္တာတောင်တန်းကြီးမှာ ဆေးပင်ဂမုန်းပင်တို့ စုဝေးရာ သိုက်ကြီးသဖွယ် ဖြစ်နေပေတော့သည်။





ထိုကဲ့သို့ ဆေးပင်များပေါရာအရပ်နှင့် တစပ်တည်းရှိနေသောကြောင့်လည်း ဘူတန်တောင်တန်းကြီးများပေါ်၌ ဆေးပင်များ အလွယ်တကူ ရှာဖွေရနိုင်ခြင်း ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ဒေသခံများ ဖြစ်ကြသော ဒီပက နှင့်မဟူရာခင်ခင်တို့က နေ့စဉ်လိုက်ပြီး အကူအညီပေးကြသည်ကတစ်ကြောင်း၊ ဆေးပင်များပေါများရာအရပ်သို့ရောက်နေကြသည်က တစ်ကြောင်းကြောင့် တစ်ပတ်ခန့်ကြာသောအခါမှာတော့ အလိုရှိသည့် ဆေးပင်နှင့် ကျောက်များကို ရှာဖွေရရှိကြလေသည်။

ထိုရက်များအတွင်းမှာလည်း နေ့စဉ်လိုလို တွေ့မြင်နေရပြီး အတူသွား အတူလာရှိကြသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့်မဟူရာခင်ခင်တို့မှာ ရင်းနှီးခင်မင်နေကြပြီဖြစ်၏။ တစ်နေ့တော့ တောထဲတွင် စခန်းချနေကြစဉ် သစ်ပင်ကြီးများတွင် သစ်ခွပန်းခိုင်များ အလွယ်တကူ ရနိုင်သောနေရာတွင် ဖူးပွင့်နေသဖြင့် ခူးဆွတ်ယူရန်ထွက်လာစဉ် မဟူရာခင်ခင်ကပါ နောက်မှလိုက်လာလေသည်။

တစ်နေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က မေးလေသည်။

"မင်းရဲ့နာမည်က မာလာလား၊ မဟူရာခင်ခင်လား"

"ကျွန်မနာမည်က ခင်ခင်ပါ၊ မဟူရာခင်ခင်ဆိုတာက အဖွားပေးထားတဲ့ နာမည်ပါ"

"ဒါဖြင့် တောထဲမှာတွေ့တုန်းက ဘာကြောင့်နာမည်



www.burmeseclassic.com

www.burmeseclassic.com



လွှဲပြောသွားခဲ့တာလဲ”

“ဒါကတော့ ဆရာနဲ့တွေ့ကာစမို့ နာမည်အမှန်မပြောချင်လို့ လွှဲပြောသွားခဲ့တာပါ၊ ဒါထက် ဆရာ့နာမည်ကရော ဘယ်သူလဲဟင်”

“ငါ့နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ်တယ်၊ ငါတို့က ဗမာပြည်ကလာကြတာပါ”

“အဝေးကြီးပဲနော်၊ ဆေးပင်တွေကျောက်တွေ ရှာဖွေဖို့အတွက်နဲ့ ဒီလောက်ဝေးတဲ့နေရာကို လာခဲ့ကြတာလား”

“ဒါ့အပြင် နှင်းလူတွေကို လေ့လာဖို့လည်း ပါပါတယ်”

“နှင်းလူတွေက ဒီဘက်တောတွေမှာရှိပါတယ်၊ တောထဲမှာနေတဲ့ သတ္တဝါတွေကို ဘာများစိတ်ဝင်စားစရာရှိလို့လည်း ဆရာရယ်”

“တန်ဖိုးကြီးတဲ့ ကျောက်မျက်ရတနာတွေ၊ သယံဇာတပစ္စည်းတွေ၊ ဆေးပင်တွေ၊ ကျောက်တွေ၊ ရှားပါးတဲ့သစ်ခွပန်းတွေ၊ ဆေးဖက်ဝင်ပစ္စည်းတွေ၊ ရှားပါးတဲ့ တောတိရစ္ဆာန်တွေက တောတွေ တောင်တွေမှာပဲ ရှိတယ်လေ၊ ဒါကြောင့် ဒါမျိုးတွေကိုလိုချင်ရင် လေ့လာချင်ရင် တောထဲတောင်ထဲကို လာရတယ် ဒီနေရာတွေမှာ စိတ်ဝင်စားစရာတွေ အများကြီးရှိပါတယ်”

“ဘာတွေလည်းဟင်”

“စောစောက ပြောတာတွေအပြင် မဟူရာခင်ခင်လို မိန်းမချောမျိုးကို ဒီလောက်သီခေါင်တဲ့ နေရာမျိုးမှာလာတွေ့ရတာ စိတ်ဝင်စားစရာ မဟုတ်ဖူးလား”





မဟူရာခင်ခင်က နှစ်ခြိုက်သဘောကျသော အမူအယာဖြင့် ပြုံးလိုက်သည်။

“ဆရာလို လူမျိုးဆီက ဒီစကားကြားရတာတော့ ဝမ်းသာစရာပါပဲ၊ ဆရာက တကယ်ပဲ စိတ်ဝင်စားလို့လား”

“အမှန်ပြောတာပါ”

“ဒီက ပြန်သွားတော့လည်း ကျွန်မတို့အကြောင်းတွေက တဖြည်းဖြည်း မေ့ပျောက်သွားမှာပါ”

ဟု ဝမ်းနည်းဖွယ်ရာစကား ဆိုလေသည်။

“ဒီလို မဖြစ်စေချင်ဘူးဆိုရင်တော့ တစ်မျိုးတစ်ဖုံ စီစဉ်ရမှာပေါ့”

“ဘယ်လိုစီစဉ်မှာလဲဟင်”

“အခုတော့ မပြောသေးပါဘူး၊ ပြန်ကာနီးတော့ ပြောပါမယ်”

ထိုစကားကြားသောအခါ မဟူရာခင်ခင်က ဒေါက်တာမင်းထင်ကျော် မျက်နှာပေါ်မှ လျို့ဝှက်ပုစ္ဆာတစ်ခုကို အဖြေရှာကြည့်နေသကဲ့သို့ ကြည့်နေသည်။

“ဒါထက် မေးရဦးမယ်၊ ဒီရွာက စုန်းကဝေပညာသည်တွေ ပေါတယ်လို့ သတင်းကြားတယ်၊ ဟုတ်သလားဟင်”

“တချို့လည်းတတ်တယ်၊ တချို့လည်း မတတ်ကြပါဘူး၊ ဆရာက အ[illegible]တွေကို ယုံကြည်လက်ခံလို့လား”

“ဒီပညာရပ်မျိုးတွေက ရှေးကတည်းက ရှိခဲ့တာပဲ၊ ရှိတာကိုတော့ လက်ခံပါတယ်၊ ဒါပေမယ့် အသုံးပြုတာချင်းမတူတော့



www.burmeseclassic.com

www.burmeseclassic.com



နာမည်မကောင်းဘူးပေါ့"

"ဘယ်လိုမျိုးလဲဟင်"

"သူတစ်ပါး ဒုက္ခရောက်အောင်ပြုစားနှိပ်စက်ရင်တော့ မကောင်းဘူးပေါ့၊ ဆေးကုတဲ့နေရာတွေ၊ အမှောင့်ပယောဂ ဖယ်ရှားတာတွေ၊ မကောင်းဆိုးဝါးတွေကို နှိမ်နှင်းဖယ်ရှားပေးရင်တော့ ကောင်းတာပေါ့"

"ဒါပေမယ့် လူအတော်များများကတော့ စုန်းမဆိုရင် မုန်းတီးကြတယ်၊ ကြောက်ရွံ့ကြတယ်"

"ဒါကလည်း မကောင်းတာလုပ်တဲ့လူတွေရှိနေလို့ ဒီလို ဖြစ်နေတာပါ"

"ဆရာကရော မကြောက်ဖူးလားဟင်"

"ရန်သူတွေမှ မဟုတ်တာ၊ ဘာကြောက်စရာရှိသလဲ"

"တကယ်လို့... ကျွန်မက စုန်းပညာတတ်တဲ့ သူတစ်ယောက်ဖြစ်နေရင် ဆရာဘယ်လိုသဘောထားသလဲ"

"ဒါကလွယ်ပါတယ်၊ မင်းတတ်ထားတဲ့ ပညာတွေကို ကောင်းတဲ့ဘက်မှ အသုံးချဖို့ တိုက်တွန်းပေးရမှာပေါ့"

ဟု ပြောသောအခါ မဟူရာခင်ခင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။ နောက်တော့ စခန်းချသောနေရာဘက်သို့ ပြန်လာကြလေသည်။

တစ်နေ့မှာတော့ ကဝေမှော်ရွာမှာ နေကြသူများမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဒေါ်မင်းဇာရှိရာသို့ ရောက်လာပြီး ပြောကြသည်။





"အမေကြီး၊ ကျုပ်တို့ရွာဘက်ကို ဘုရင့်တပ်သားတွေ လာနေကြပြန်ပြီ"

"လာတာဘာဆန်းသလဲ၊ အရင်လည်း လာနေကြတာပဲ"

"ဒီတစ်ခါလာတာ တစ်လောက သူတို့တပ်သားအချို့ ပျောက်သွားတာကို ရှာရင်းနဲ့လာကြတာ၊ ကျုပ်တို့တော့ နှိပ်စက်ခံရဦးတော့မှာပဲ"

"ဘာမှကြောက်လန့်မနေကြနဲ့၊ ငါ့အိမ်မှာရပ်ဝေးက ရောက်နေတဲ့ ဧည့်သည်တွေလည်း ရှိနေတယ်၊ သူတို့စိတ် အနှောက်အယှက်ဖြစ်အောင် မပြောမဆိုကြနဲ့၊ ကိုယ့်နေရာ ကိုယ်ပြန်ပြီး လုပ်စရာရှိတာ ပြန်လုပ်ကြ"

ဟု ဒေါ်မင်းဇာက ပြောသဖြင့် အားလုံးပြန်သွားကြလေသည်။ ညနေပိုင်းအချိန်ရောက်တော့ ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာကြသည်။

သူတို့ပြန်ရောက်လာပြီး သိပ်မကြာခင်မှာ လက်နက်များကိုင်ထားသော ဘုရင့်တပ်သား(၁၅)ယောက်ခန့် ရောက်လာကြလေတော့သည်။ သူတို့ရောက်လာတော့ ဒေါ်မင်းဇာက မေးသည်။

"ငါက ရွာလူကြီးပဲ၊ ဘာအတွက်လာကြတာလဲ"

"ကျုပ်တို့လူတွေ ပျောက်နေလို့ လာရှာတာ၊ ကျုပ်တို့လူတွေကို သတ်တဲ့တရားခံတွေ ဒီမှာရှိတယ်လို့ တစ်ယောက်က သတင်းလာပေးထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ အိမ်ထဲမှာရှိနေသူများအားလုံး မျက်လုံးပြူးသွားကြလေသည်၊ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ တောထဲ၌ မဟူရာခင်ခင်ကိုကယ်စဉ်က လူလေးယောက်ကို သေနတ်ဖြင့် ပစ်သတ်ခဲ့သောကိစ္စ ထင်နေလေသည်။

"ကျုပ်လူတွေကို သတ်တဲ့လူတွေ ဒီမှာရှိတယ်၊ ထုတ်ပေးပါ"

"ငါ့အိမ်မှာ မရှိဘူး"

"ကျုပ်တို့ကို ပြောတဲ့လူက သေသေချာချာ လာသတင်းပေးသွားပြီးပြီ၊ ခင်ဗျားအိမ်မှာရှိတဲ့ တရားခံတွေကို ထုတ်မပေးရင် တစ်ရွာလုံးသတ်ပြီး မီးလောင်တိုက်သွင်းပစ်မယ်"

"နင်တို့ကို ဘယ်သူကပြောတာလဲ လူသတ်တရားခံတွေက ဘယ်သူတွေလဲ"

"တခြားမဟုတ်ဘူး၊ ခင်ဗျားအိမ်မှာ ရောက်နေတဲ့ ဧည့်သည်တွေ သတ်တာ"

"ဟင်"

ထိုစကားကြားတော့ အားလုံးမျက်လုံးပြူးသွားကြသည်။ မဟူရာခင်ခင်မှာ မျက်စိမျက်နှာပျက်နေလေပြီ။ ထိုအခြေအနေကို မြင်ရကြားရသောအခါ ဒေါက်တာမင်းထင်ကျော်က နေရာမှ ထလာသည်။

"မင်းတို့ လူလေးယောက်ကို သတ်ခဲ့တာငါပဲ"

ဟု ပြောသောအခါ မဟူရာခင်ခင်က မျက်စိမျက်နှာမကောင်းစွာဖြင့် . . .





"မဟုတ်ဘူး မဟုတ်ဘူး၊ သူသတ်တာ ရှင်တို့လူတွေ မဟုတ်ဘူး"

ဟု ဝင်ပြောလေသည်။ သို့သော် ဘုရင့်တပ်သားများက သူမပြောနေသော စကားကိုနားထောင်မနေကြတော့ပေ။

"ဘာကြောင့် ငါတို့လူတွေကို သတ်တာလဲ"

"မိန်းကလေးတစ်ယောက်ကို မတရားနှိပ်စက်နေတာ မြင်လို့ ဝင်ကယ်ရင်းနဲ့ သတ်လိုက်မိတယ်"

ဟု အမှန်အတိုင်းပြောပြလိုက်လေသည်။

"ဒီလိုဆိုတော့လည်း မင်းတို့အတွက် သေဒဏ်အပြင် ဘာမှမရှိတော့ဘူး၊ သူတို့ကို ကြိုးတုပ်လိုက်တော့"

ဟုပြောသဖြင့် ဘုရင့်တပ်သားများက ဒေါက်တာမင်းထင်ကျော်သာမကပဲ ကျန်သုံးယောက်ကိုပါ လက်ပြန်ကြိုးတုပ်ကာ ဖမ်းဆီးလိုက်လေသည်။ သူတို့မှာပါသော သေနတ်များကိုလည်း သိမ်းယူလိုက်ကြသည်။

ဒေါ်မင်းဇာကတော့ အံ့ကြိတ်ထားကာ ကြည့်နေသည်။ နောက်တော့ ဘုရင့်တပ်သားများက ဒေါက်တာမင်းထင်ကျော်တို့လေးယောက်ကို ခေါ်သွားကြလေတော့သည်။

"ဘယ်လိုဖြစ်တာလဲ"

ဘယ်သူမှမရှိတော့မှ ဒေါ်မင်းဇာက မေးသည်။

"ဆရာက အပြစ်မရှိပဲ ဝင်ခံသွားတာ၊ သူသတ်ခဲ့တာ ဘုရင့်တပ်သားတွေ မဟုတ်ပါဘူး၊ ကျွန်မဖမ်းဆီးထားတဲ့အဖွဲ့လူတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ဒီပကက ကောင်မလေးကို လိုချင်လို့ကြံတာပါ"

ထိုနေ့က မဟူရာခင်ခင်က ဒုက္ခရောက်ဟန်ဆောင်ပြီး ဒေါက်တာမင်းထင်ကျော်ကို ခေါ်လိုက်ပြီးနောက် ဒီပကအမည်ခံ ဆိုနမ်ခမ်က သူမွေးထားသော နှင်းလူကြီးကိုလွှတ်ပြီး မီချီကိုကို ဖမ်းခေါ်ခဲ့သည့်အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"သူက ကောင်မလေးကို လိုချင်နေတော့ ကျွန်မလည်း ဝင်ကူပေးရတာပေ့ါ၊ အခုတော့ အပြစ်မရှိတဲ့လူတွေ ဒုက္ခရောက်ကြရပြီ"

ဟု မျက်ရည်လေးအဝိုင်းသားဖြင့် ပြောပြသည်။

"ဒီသတင်းတွေကို ဘုရင့်တပ်သားတွေကို ဘယ်သူက သွားပြောတာလဲ"

"ဒီပကပဲ ဖြစ်မယ်ထင်တယ်၊ သူက ကောင်မလေးနဲ့ ပတ်သက်ပြီး ဧည့်သည်တွေအပေါ်မှာ ရန်ငြိုးထားနေတာရှိတယ်"

မီချီကိုကို ခိုးယူစဉ်က သေနတ်ဖြင့် အပစ်ခံရသောအကြောင်းများကိုပါ ပြန်ပြောပြလိုက်လေသည်။

"ဒါကတော့ သူသစ္စာပျက်တာပဲ၊ ဒီလိုသစ္စာပျက်ရင် သူအရင်ဘဝမျိုးနဲ့ ပြန်နေရလိမ့်မယ်"

ဟု ဒေါ်မင်းဇာက မှတ်ချက်ချလိုက်လေသည်။ ထိုအခိုက်မှာပင် အိမ်ပေါ်သို့ လူတစ်ယောက် တက်လာလေသည်။ ဒီပက အမည်ခံ ဆိုနမ်ခမ်ပင် ဖြစ်သည်။ ဆိုနမ်ခမ်မှာ ချောမော





ပြေပြစ်သော ဘဝမျိုးမဟုတ်တော့ပဲ တစ်ကိုယ်လုံး အမွေးအမျှင်ဖုံးနေပြီး၊ ရုပ်ဆိုးလှသော နှင်းလူတစ်ပိုင်း လူတစ်ပိုင်းအသွင်မျိုး ပြန်ဖြစ်နေပေပြီ။

"အဖွား ကျွန်တော်ကို ကယ်ပါဦး"

ဒေါ်မင်းဇာက စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး . .

"ငါ မကယ်နိုင်ဘူး၊ နင်သစ္စာပျက်ခဲ့ပြီ မဟုတ်လား၊ သစ္စာပျက်တဲ့ဒဏ် နင့်ဖာသာခံရမှာပဲ"

ဟု ပြောလိုက်သည်။

"ကျွန်တော်မှားခဲ့ပါတယ်၊ ကျွန်တော်ကိုခွင့်လွှတ်ပေးပါ၊ ဒီပုံအတိုင်းနဲ့သာဆိုရင်တော့ မီချီကိုက ကျွန်တော့်ကို ဘယ်နည်းနဲ့မှ လက်ခံတော့မှာ မဟုတ်ဘူး၊ ဒီတစ်ခါတော့ ကယ်ပေးပါဦး"

ဟု ငိုသံကြီးဖြင့် တောင်းပန်ပြောဆိုလေသည်။

"ဒီကိစ္စတွေက ငါကကယ်ပေးချင်ပေမယ့် ကယ်လို့မရဘူး၊ ကံကြွေးရှိရင် ချေရတယ်၊ ဝဋ်ကြွေးတင်ရင် ဆပ်ရတယ်၊ ဒီတော့ နင် ဒီဘဝကလွတ်ချင်တယ်ဆိုရင် နင်ပြုခဲ့တဲ့အပြစ်ကို ကျေအောင်ပြန်ဆပ်ပေတော့"

ထိုသို့ပြောတော့ နားမလည်သကဲ့သို့ မျက်လုံးပြူးကြီးဖြင့် ကြည့်နေလေသည်။

"နင်ကြောင့် အပြစ်မရှိတဲ့ ဧည့်သည်တွေဒုက္ခရောက်နေကြပြီ၊ ဒီတော့ သူတို့တွေ အန္တရာယ်ကလွတ်အောင် နင်ကိုယ်တိုင်ပဲ လိုက်ကယ်ခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောတော့မှ သဘောပေါက်သွားပြီး ခေါင်းညိတ်ပြလေသည်။

"ကောင်းပါပြီ အခုချက်ခြင်းပဲ ကျွန်တော်လိုက်သွားပြီး ရအောင်ကယ်ခဲ့ပါမယ်"

ထိုအခါ မဟူရာခင်ခင်ကပါ နေရာမှထရပ်လိုက်သည်။

"အချိန်မရှိတော့ဘူး၊ နင်တစ်ယောက်တည်း သွားလို့ ဖြစ်မှာမဟုတ်ဘူး၊ ငါပါလိုက်ခဲ့မယ်"

ဟု ပြောဆိုကာ နှစ်ယောက်သား အပြင်ဘက်သို့ ထွက်သွားကြလေတော့သည်။ ဒေါ်မင်းဇာကတော့ သူတို့နှစ်ယောက်ကို နောက်ဘက်မှကြည့်ရင်းနှင့် သက်ပြင်းတစ်ချက်ချလိုက်လေတော့သည်။







# အခန်း(၁၇)

## နဝက်မြေ ချစ်သက်သေ

ဒေါက်တာမင်းထင်ကျော်တို့ကို ဖမ်းဆီးခေါ်ဆောင်လာကြသော ဘုရင့်တပ်သားများသည် တော[illegible] ရောက်တော့ ခဏနားကြရသည်။ အချိန်[illegible] အချိန်ရောက်လာပြီ ဖြစ်သောကြောင့် တောထဲတွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေပြီ။

ရင်းတို့သည် တစ်နေကုန် ခရီးပြင်းလာခဲ့ကြရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြေလက်တို့ကိုပင် မသယ်ချင်လောက်အောင် ဖြစ်နေသော်လည်း ထိုနေရာများမှာတော့ မနားဝံ့ကြပေ။ အဘယ်ကြောင့်ဆိုသော် အန္တရာယ်က သူတို့အတွက် အချိန်မရွေးကျရောက်နိုင်သောကြောင့် ဖြစ်သည်။

သူတို့သည် ကြိုးဖြင့်လက်ပြန်ကြိုးတုပ်ကာ ခေါ်လာသော ဒေါက်တာမင်းထင်ကျော်တို့ လေးယောက်ကို သစ်ပင်အောက်မှာထားပြီးနောက် ပါလာသောရေနှင့် အစားအသောက်များကို စားသောက်နေကြလေသည်။ ထိုအခိုက်မှာပင် မနီးမဝေးနေရာဆီမှ တောတိုးလာသော ခြေသံများကြားရပြီး မီးရောင်အချို့ကိုလည်း လှမ်းမြင်ရသဖြင့် အချို့က ချထားသောသေနတ်များကို ကောက်ယူလိုက်ကြသည်။

သို့သော် တောထဲမှထွက်လာသောသူမှာ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်ဖြစ်သည်။ ၎င်းတို့လက်ထဲမှာတော့ မီးတိုင်တစ်ခုနှင့် အထုပ်အပိုးတွေ ပါလာသည်။

"ဘယ်သူတွေလဲဟေ့၊ ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်တို့ ဒီနားမှာနေတဲ့ရွာသားတွေပါ၊ ဗိုလ်မင်းတို့ အချိန်မတော်ကြီး သွားတာမြင်လို့ အစားအသောက်တွေလာပို့ပေးတာပါ"

"ဒီကိုယူလာခဲ့"

ဟု ပြောသဖြင့် နှစ်ယောက်သား ကြောက်ရွံ့သော အမူအယာဖြင့် ရှေ့တိုးလာကြသည်။ နှစ်ယောက်စလုံး အဝတ်များကို ဦးခေါင်းပေါ်မှ ခြုံထားသောကြောင့် မျက်နှာတော့မမြင်ရ





ပေ။

"မင်းတို့ ယူလာတဲ့ အစားအသောက်တွေကို မင်းတို့ အရင်စားပြ"

ခေါင်းဆောင်လုပ်သူကပြောသဖြင့် အထုပ်များကိုဖြေပြီး နည်းနည်းစီ စားသောက်ပြကြလေသည်။

"ကျွန်တော်တို့က ဆင်းရဲသူ ဆင်းရဲသားတွေပါ၊ ဘုရင့်တပ်သားတွေကို မကောင်းမကြံစည်ဝံ့ပါဘူး"

ပြောပြောဆိုဆိုနှင့် စားသောက်ပြတော့မှ စိတ်ချလက်ချ ဖြစ်သွားပြီး ဘုရင့်တပ်သားများက စားသောက်ကြလေသည်။

အစားအသောက်လာပို့သော လူနှစ်ယောက်လည်း ပြန်သွားကြလေသည်။ သူတို့တောထဲဝင်သွားပြီး မကြာခင်မှာပင် နောက်ထပ် တောတိုးလာသော ခြေသံကို ထပ်မံကြားရပြန်သည်။

ထို့ပြင် ဝမ်းခေါင်းသံကြီးဖြင့် ဗူးဗူးဝါးဝါးအော်လိုက်သည့် အသံတစ်သံလည်း ကြားကြရသည်။ ထိုအသံကြားရသဖြင့် အားလုံးထိတ်လန့် သွားကြလေသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုအော်သံကြီးကို ကြားရသည်။ သို့သော် ကြိုးတုပ်ခံထားရသောကြောင့် ဘယ်လိုမှ မတတ်နိုင်ပဲ ရှိကြလေသည်။

မကြာမီ တောထဲမှ နှင်းလူကြီးတစ်ကောင် တိုးထွက်လာလေတော့သည်။ ဘုရင့်တပ်သားများမှာ တောထဲ၌ နှင်းလူ ရှိသည်ကို သိကြသော်လည်း ယခုမှသာမျက်မြင်တွေ့ကြခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နှင်းလူကြီးက တောစပ်၌ရပ်ကာ သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ထုရိုက်ကာ အော်ဟစ်နေလေသည်။ နှင်းလူကြီး ရပ်နေသောနေရာမှာ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသော နေရာနှင့် ပိုနီးလေသည်။ ထိုအခြေအနေကို မြင်တော့ ဦးဗန်ကောင်းက ပြောလေသည်။

"မောင်ထင်ကျော်ရေ နှင်းလူတွေကို လေ့လာချင်လို့ ဗမာပြည်ကတောင် တကူးတကလာခဲ့ကြရတယ်၊ အခုမှပဲ နီးနီးကပ်ကပ် တွေ့ရတော့တယ်၊ မှတ်တမ်းတင်ထားပေတော့ဟေ့"

"တွေ့ချင်တဲ့ သတ္တဝါကြီးကို မမျှော်လင့်ပဲတွေ့ရတာတော့ ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် ကျွန်တော်တို့ အခြေအနေက ဝမ်းသာစရာ အခြေအနေမျိုးတော့ မဟုတ်ဘူး အဘရေ၊ သေရင်တောင် ကျွန်တော်တို့ အရင်သေရမှာထင်တယ်"

"ကံတရားလို့ပဲ သဘောထားပေါ့"

ထိုသို့ပြောနေစဉ် တောစပ်မှာ ရပ်နေသော နှင်းလူကြီးက ရှေ့သို့တိုးဝင်လာသည်။ ဒေါက်တာမင်းထင်ကျော်တို့ နေရာရောက်တော့ ကြီးမားသော ကျောက်တုံးကြီးတစ်တုံးကို ကောက်ယူလိုက်သည်။ အကယ်၍သာ ထုချလိုက်ပါက လေးယောက်စလုံး စိစိညက်ညက် ကြေသွားလောက်သည်။

သို့သော် မထုပေ။ ကျောက်တုံးကြီးကို မြှောက်ကိုင်သွားပြီး ဘုရင့်တပ်သားများရှိရာသို့ ပြေးသွားပြီး ပစ်ပေါက်ချလိုက်လေတော့သည်။

"ဝုန်း"





"အား"

လူအုပ်ထဲသို့ ကျောက်တုံးကြီးလိမ့်ဝင်သွားပုံမှာ ဆီးဖြူသီးများပေါ်သို့ ကျောက်တုံးဖြင့် ဖိကြိတ်လိုက်သကဲ့သို့ ဖြစ်ကာ အဖိခံရသူများမှာ စေ့စေ့ညက်ညက် ကြေသွားကြပေတော့သည်။ နှင်းလူကြီးမှာ အရပ်အမောင်းမြင့်သလို ကိုယ်လုံးကလည်း ထွားကျိုင်းသည်။ တစ်ကိုယ်လုံး အမွေးရှည်များက ဖုံးထားလေသည်။ လူလိုလို မျောက်လိုလို မျက်နှာမျိုးရှိသည်။

လူတစ်ယောက်ကဲ့သို့ ခြေထောက်နှစ်ချောင်းပေါ်မှာ ကောင်းစွာရပ်နိုင်ပြီး လက်တံရှည်ကြီးနှစ်ဘက်ကိုလည်း ကောင်းစွာအသုံးပြုနိုင်လေသည်။ နှင်းလူကြီးက ကျောက်တုံးဖြင့် ပစ်ပေါက်ပြီး မရှေးမနှောင်းမှာပင် နီးရာသစ်ပင်တစ်ပင်ကို ဆွဲနုတ်ပြီး ဝင်ရိုက်လေတော့သည်။

ဘုရင့်တပ်သားများမှာ သေနတ်များပါလာကြသော်လည်း ပစ်ချိန်မရပဲ သေသူသေ၊ ထွက်ပြေးသူထွက်ပြေး ကြရလေသည်။ နေရာတွင် လေးငါးယောက်ခန့် သေဆုံးပြီး ကျန်ခဲ့ကာ ကျန်လူများကတော့ တကွဲတပြားစီ ထွက်ပြေးကြရလေသည်။ နှင်းလူကြီးကလည်း သစ်ပင်ပိုင်းကြီးကိုကိုင်ကာ ထွက်ပြေးသူများနောက်သို့ ပြေးလိုက်သွားလေသည်။

ဆူဆူညံညံအသံများ၊ အော်သံများကတော့ တဖြည်းဖြည်းနှင့် ဝေးသွားကြလေတော့သည်။ နေရာမှာတော့ ကြိုးတုပ်ခံထားရသော ဒေါက်တာမင်းထင်ကျော်တို့သာ ကျန်ခဲ့တော့သည်။ မကြာမီ တောထဲမှ လူနှစ်ယောက်ပြန်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောကအစားအသောက် လာပို့ပေးသူနှစ်ယောက်ဖြစ်သည်။

အနားရောက်လာတော့မှ မဟူရာခင်ခင်မှန်း သိရတော့သည်။ မဟူရာခင်ခင်နှင့်ပါလာသူမှာ တစ်ကိုယ်လုံးအမွေးရှည်များပေါက်နေပြီး နှင်းလူရုပ်မျိုးပေါက်နေပြီဖြစ်သော ဒီပကပင်ဖြစ်သည်။

"ယေတီပါလား"

အဘိုးကြီး ဒန်ဒိုဂျီက ရေရွတ်လိုက်သည်။ အဘိုးကြီးဒန်ဒိုဂျီမှာ ယေတီမှာ သူ့မြေးမိချိုကိုနှင့် လက်ထပ်ထားသော ဒီပကဖြစ်သည်တော့ မသိရှာပေ။ သူတို့က ဒေါက်တာမင်းထင်ကျော်တို့ကို ကြိုးဖြေပေးကြလေသည်။

"ကျေးဇူးတင်ပါတယ် ယေတီရယ်၊ မင်းဘယ်လိုကြောင့် အရင်ဘဝ ပြန်ရောက်သွားတာလဲ"

"ကျွန်တော်ကို ခွင့်လွှတ်ပါဗျာ"

ဟု လေသံတိုးတိုးဖြင့် တောင်းပန်နေသည်။ ထို့နောက် ဒေါက်တာမင်းထင်ကျော်က သေဆုံးနေသော ဘုရင့်တပ်သားတစ်ယောက်ထံမှ ဇင်းသေနတ်ကို ပြန်ယူလိုက်သည်။

ထိုအချိန်မှာ မဟူရာခင်ခင် အနားရောက်လာသည်။

"ဘုရင့်တပ်သားတွေရဲ့ရန်ကတော့ အေးဦးမှာ မဟုတ်ဘူး၊ လွတ်သွားတဲ့လူတွေက နောက်ထပ်လူတွေခေါ်ပြီး ပြန်လာချင်လာနေကြဦးမှာ"

"မလာနိုင်တော့ပါဘူး"





"ဘာဖြစ်လို့လဲ"

"စောစောကျွေးလိုက်တဲ့ အထဲမှာပါတဲ့အဆိပ်က ချက်ခြင်းအစွမ်းမပြဘူး၊ ဒါပေမယ့် မိုးလင်းထိအောင်တော့ မနေရပါဘူး၊ သေကြမှာပဲ"

ဟု ပြောတော့မှ သဘောပေါက်သွားလေသည်။ ထို့နောက် အိမ်သို့ပြန်သွားကြလေသည်။ ဒေါ်မင်းဇာအိမ်မှာတော့ မိချိုက ရောက်နေသည်။ သူတို့နှင့်ပါလာသော ယေတီကိုမြင်တော့ များစွာအံ့ဩသွားဟန် ရှိလေသည်။

"ဟင် ယေတီပါလား၊ နင်ကဘယ်က ဘယ်လိုပြန်ပါလာတာလဲ"

ထိုအခါ ဒေါ်မင်းဇာက ဝင်ပြောပြသည်။

"ယေတီက တခြားလူမဟုတ်ပါဘူး၊ နင်နဲ့လက်ထပ်ထားတဲ့ ဒီပကပါပဲ"

ဒေါ်မင်းဇာက ယေတီဘဝ ပြန်ရောက်ရသောအကြောင်းများကို ပြောပြလေသည်။

"ဒါ. . ဒါဖြင့် သူကဒီဘဝမျိုးနဲ့ပဲ နေရတော့မှာလားဟင်"

"စိတ်မပူပါနဲ့၊ သူ့ဝင်္ကြွေးကျေသွားရင် ဒီပကဘဝကို ပြန်ရောက်သွားမှာပါ"

ဟု ပြောတော့မှ မိချိုကို တစ်ယောက် စိတ်သက်သာရာရသွားလေသည်။ ထို့နောက် ယေတီနှင့်မိချိုတို့က သူတို့နေသောနေရာသို့ ပြန်လာကြလေသည်။ အိမ်သို့ပြန်ရောက်မှ

www.burmeseclassic.com



ယေတီက မေးသည်။

"ဒီဘဝမျိုးနဲ့ဆိုရင် နင့်ငါ့ကို အရင်လိုမချစ်နိုင်တော့ဘူး မဟုတ်လား"

"နင်က ငါနဲ့လက်ထပ်ထားလို့ ငါယောက်ျားတောင် ဖြစ်နေပါပြီ၊ နင်ဘယ်ဘဝမျိုး ရောက်နေနေ ငါတစ်သက်လုံး ချစ်နေမှာပါ"

ဟု ပြောတော့မှ စိတ်ချမ်းသာသော အမူအယာဖြင့် မီချိုကို့ကိုယ်လေးကို ထွေးဖက်ထားလိုက်လေတော့သည်။

နောက်ထပ် ရက်အတော်ကြာသောအခါမှာတော့ ဆရာကြီး သူရဋ္ဌ အလိုရှိသော သေလာလေးမှော် ကျော်လေးကျော် စာရင်းဝင် ဆေးပင်နှင့်ကျောက်များကို စုံလင်စွာရကြပြီ ဖြစ်သောကြောင့် နေရပ်သို့ ပြန်ကြရန်ပြင်ဆင်ကြလေသည်။

အဘိုးကြီးဒန်ဒိုဂျီကတော့ နောက်တွင် သံယောဇဉ်ထားစရာမရှိတော့သဖြင့် နေရပ်သို့မပြန်တော့ပဲ မီချိုကိုတို့နှင့် နေခဲ့တော့မည်ဟု ပြောလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ ပွန်နက်ခါးမြို့နှင့် နီးနေပြီဖြစ်သောကြောင့် လာလမ်းအတိုင်း မပြန်ကြပဲ ထိုမြို့မှတစ်ဆင့် ပြန်ရန်စီမံကြလေသည်။

သူတို့ပြန်ကာနီးတော့ မဟူရာခင်ခင်မှာ မျက်နှာမကောင်းလှပေ။ ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က နှစ်ယောက်ချင်း အေးအေးဆေးဆေးတွေ့ပြီး ပြောသင့်သောစကားများကို ပြောရလေသည်။

"ပြန်တော့မယ်ဆိုတော့ ခင်ခင်ကိုပြောဖို့ကျန်နေသေး





တဲ့ စကားလေးတွေ ပြောပါရစေ"

မဟူရာခင်ခင်က ကြည့်ရှုသာ ကြည့်နေလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကိုယ်တွေ့တွေ့ချင်းက တည်းက ခင်ခင်ကို နှစ်သက်နေမိတယ်၊ ဒါကြောင့် ခင်ခင့်သဘောကို သိပါရစေ"

"ကျွန်မဘက်က သဘောကိုမပြောခင် ကျွန်မနဲ့ပတ်သက်ပြီး ဘယ်လိုအစီအစဉ်မျိုးတွေ ရှိတယ်ဆိုတာလည်း သိချင်ပါတယ်"

"ခင်ခင်က ကိုယ့်မေတ္တာကို လက်ခံပေးရင် အဖွားဆီမှာ ခွင့်တောင်းပြီး လက်ထပ်ပါ့မယ်၊ ပြီးရင် တစ်ခါတည်း ခေါ်သွားချင်ပါတယ်"

"မြို့ကြီးပြကြီးတွေကို မရောက်ဖူးတဲ့ ကျွန်မအနေနဲ့ ဓလေ့စရိုက်တွေကို မသိသေးတာမို့ အဆင်ပြေပါ့မလားလို့ စိတ်ပူမိပါတယ်"

"ဓလေ့စရိုက်ဆိုတာ အလေ့အကျင့်ပေါ်မှာပဲ မူတည်ပါတယ်၊ အရေးမကြီးလှပါဘူး၊ အရေးကြီးတာက တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီး၊ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေနဲ့ နေသွားမယ်ဆိုရင် တခြားဘာမှအရေးမကြီးတော့ပါဘူး"

"ဆရာက ကျွန်မကို တကယ်ပဲချစ်ရဲ့လား"

"ချစ်တာပေါ့၊ ခင်ခင်ကရော"

"ကျွန်မလည်း မြင်မြင်ချင်းပဲ မေတ္တာသက်ဝင်မိပါတယ်၊ ဒါကြောင့် ဆရာပြောတာကိုလက်ခံပြီး ဆရာခေါ်ရာနောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ပါတော့မယ်”

“အခုမှပဲ စိတ်အေးရတော့တယ် ခင်ခင်ရယ်၊ ကိုယ်ဝမ်းသာလိုက်တာ”

ဟု ပြောဆိုကာ မဟူရာခင်ခင်၏ ကိုယ်လေးကို ထွေးဖက်ထားလိုက်လေတော့သည်။ ချစ်ခြင်းမေတ္တာဟူသည် နယ်မခြား၊ စည်းမခြား၊ အချိန်မခြားပဲ တန်းတူညီမျှ ဘဝတစ်ခုတည်းသာ ရှိနေကြောင်းကိုတော့ ချစ်သူတိုင်း သိနိုင်ကြပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သေလာလေးမော်ကျော်လေးကျော်)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စယာဟောတု၊ သုခိအတ္တာနံ ပရိဟာန္တု ။

စာပြီးချိန် ။ ။ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်၊ စနေနေ့၊ ညနေ (၄) နာရီ ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC

www.burmeseclassic.com